www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၄၁၅၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၄၇၀၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
နေလင်းအောင်

# နှင်းတောင်မဟာဓားကွန်ချာ

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

BURMESE CLASSIC .com

အမြင်နီးသော်လည်း ခရီးဝေးသည့်တောင် ဆိုသလို ခပ်ပျပျ လှမ်းမြင်နေရသော နှင်းတောင်သို့ သုံးရက်ကြာမှ ရောက်သွားခဲ့သည်။

သူ့အတွက် ခရီးကမပြီးသေးပါ။ တောင်ထိပ်သို့အရောက် ဆက်တက်ရပေဦးမည်။

တောင်ခြေတွင် ခေတ္တမျှ အနားယူပြီးနောက် တောင်ပေါ်သို့ စတက်ခဲ့သည်။

နှင်းတောင်ဆိုသည့်အတိုင်း ဆီးနှင်းများ ဖုံးလွှမ်းနေသည်။ နှင်းငွေ့နှင်းမှုန်များ အုပ်ဆိုင်းနေရာ တောင်တန်းတစ်ခိုမှာ ဝေရီမှုန်မှိုင်းနေသည်။

လမ်းဟူ၍လည်း မရှိ။ အဆင်ပြေရာနေရာများမှ ကုတ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်  ၅၀၀၄၁၅၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်  ၅၀၀၄၇၀၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

တက္ကသိုလ်
နေလင်းအောင်

# နှင်းတောင်မဟာဓားကွန်ချာ

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၄၁၅၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၄၇၀၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်

# နေလင်းအောင်

# နှင်းတောင်မဟာစားကွန်ချာ

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၄၁၅၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၄၇၁၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
ပရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်

# နေလင်းအောင်

# နှင်းတောင်မဟာတားကွန်ချာ

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၄ )

အမြင်နီးသော်လည်း ခရီးဝေးသည့်တောင် ဆိုသလို ခပ်ပျပျ လှမ်းမြင်နေရသော နှင်းတောင်သို့ သုံးရက်ကြာမှ ရောက်သွားခဲ့သည်။

သူ့အတွက် ခရီးကမပြီးသေးပါ။ တောင်ထိပ်သို့အရောက် ဆက်တက်ရပေဦးမည်။

တောင်ခြေတွင် ခေတ္တမျှ အနားယူပြီးနောက် တောင်ပေါ်သို့ စတက်ခဲ့သည်။

နှင်းတောင်ဆိုသည့်အတိုင်း ဆီးနှင်းများ ဖုံးလွှမ်းနေသည်။ နှင်းငွေ့နှင်းမှုန်များ အုပ်ဆိုင်းနေရာ တောင်တန်းတစ်ခိုမှာ ဝေရီမှုန်မှိုင်းနေသည်။

လမ်းဟူ၍လည်း မရှိ။ အဆင်ပြေရာနေရာများမှ ကုတ်

www.burmeseclassic.com

www.burmeseclassic.com



တန်တာကုတ်၊ တွယ်တန်တာတွယ်နှင့် ခဲရာခဲဆစ်ပင် တက်နေရသည်။

သိုင်းပညာများ လေ့ကျင့်ထား၍သာ တော်ပေတော့သည်။ မဟုတ်လျှင် တောင်တက်ခရီးကြမ်းဒဏ်ကို ခံနိုင်ဖွယ်ရာမရှိ။

တောင်ထိပ်သို့ရောက်လျှင်ဟူသော မျှော်လင့်ချက်ကလည်း ချင်လိန်ဝေအတွက် တွန်းအားကောင်းတစ်ခု ဖြစ်နေသည်။ အားမလျှော့တမ်းပင် ခွဲလုံ့လအပြည့်နှင့် တောင်ပေါ်သို့ တက်နေသည်။

တစ်စတစ်စနှင့် တောင်ထိပ်နှင့် နီးသည်ထက် နီးလာသည်။ နှင်းတောင်ထိပ်ကို လှမ်း၍ပင် မြင်နိုင်တွေ့နိုင်ပေပြီ။

အံ့သြစရာကောင်းသည်မှာ နှင်းတောင်ထိပ်တွင် ဆီးနှင်းများ မရှိ။ ကျောက်တုံးကျောက်စိုင်များသာ ထုနှင့်ထည်နှင့် ရှိနေသည်။

သစ်ပင်မြင့်ကြီးများ တစ်ပင်စနှစ်ပင်စသာ ပေါက်ရောက်နေသည်။ လေကတော့ တဟူးဟူးနှင့် ခပ်ကြမ်းကြမ်း ခပ်ပြင်းပြင်း တိုက်ခတ်နေပေသည်။

နောက်ဆုံးတော့ နှင်းတောင်ထိပ်ပေါ်သို့ ချင်လိန်ဝေ ရောက်ရှိသွားလေတော့သည်။



တောင်ထိပ်သို့ရောက်သည်ဆိုသည်နှင့် ဟိုဟိုသည်သည် မျက်စိကစားကာ ရှာဖွေစူးစမ်းကြည့်သည်။

လူရိပ်လူယောင် မမြင်ရ။

ချင်လိန်ဝေ စိတ်ထဲတွင်တော့ လူသူရှိနေသည်ဟု ခံစားနေရသည်။ ထို့ကြောင့် ဒုတိယအကြိမ်အဖြစ် ပို၍ စေ့စေ့စပ်စပ် နေရာလွတ်မကျန်ရအောင် စူးစမ်းအကဲခတ်ကြည့်သည်။

တောင်ထိပ်တွင် ကျောက်စိုင်ကျောက်သားများက ထူပြောပေရာ သစ်ပင်ဆို၍ မယ်မယ်ရရမရှိ။ မြက်ပင်ဖုတ်များနှင့် ဆူးပင်ပင်အချို့သာ ပေါက်နေသည်။

စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုသော ချင်လိန်ဝေ၏ မျက်လုံးများက အတော်လှမ်းလှမ်းဆီတွင် သစ်ငုတ်တိုလေးခု လခြမ်းပုံသဏ္ဌာန် ရှိနေသည်ကို ဖြူးခနဲ ဖျတ်ခနဲ မြင်လိုက်ရသည်။

အတော်တော့ ထူးဆန်းနေသည်။

သစ်ပင်များ ပေါက်ရောက်နိုင်သည့်အခြေအနေမရှိသော တောင်ထိပ်နေရာတွင် ဘယ်လိုလုပ်ပြီး သစ်ငုတ်တိုတွေ ရှိနေရသနည်း။

ပြီးတော့ သစ်ငုတ်တိုများတည်ရှိနေပုံကလည်းပြီး လခြမ်းပုံ

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန် ပီသကျနလွန်းနေသည်။

စိတ်ထဲ ဇဝေဇဝါရှိလာသည်မို့ သေသေချာချာ စူးစိုက်ကြည့်ရာ သစ်ငုတ်တိုများမဟုတ်ဘဲ အဘိုးအိုလေးယောက် ထိုင်နေကြခြင်းဖြစ်ကြောင်း သိရသည်။

အဘိုးအို လေးယောက်လုံး ခေါင်းပေါ် ဆံပင်တွေ ဖွေးဖွေးဖြူနေကြသည်။ ခရမ်းရောင်ဝတ်စုံများ ဆင်တူဝတ်ဆင်ထားကြသည်။ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်တို့ကလည်း တစ်ယောက်နှင့်တစ်ယောက် မတိမ်းမယိမ်း။ မလှုပ်မယှက် ငြိမ်သက်စွာထိုင်နေကြသည်မှာ သစ်ငုတ်တိုများလို ဖြစ်နေသည်။

အဘိုးအိုလေးယောက် ငြိမ်သက်စွာ ထိုင်နေသည့်နေရာဆီသို့ ချင်လိန်ဝေ ခပ်သွက်သွက် လျှောက်လှမ်းသွားသည်။ အနီးကပ်ရောက်ရှိသွားသောအခါ အဘိုးအိုလေးယောက်တို့၏ ရုပ်ရည်များကို ပို၍ ထင်ထင်ရှားရှား မြင်တွေ့ရသည်။

သွင်ပြင်အနေအထား ပကတိတည်ငြိမ်အေးချမ်းသည်။ ရန်လိုသည့်အရိပ်လက္ခဏာ တစိုးတစိမျှပင် မရှိကြ။ အလွန်ပင် လေးစားကြည်ညိုဖွယ်ရာ အပြည့်အဝရှိနေရာ ချင်လိန်ဝေလည်း လခြမ်းသဏ္ဍာန် ထိုင်နေကြသော အဘိုးအိုလေးယောက်တို့၏ ရှေ့မှောက်



တွင် ဒူးတုပ်ကာ ပျပ်ဝပ်စွာထိုင်လျက် ဦးချကန်တော့သည်။ ဂါရဝ နှုတ်ဆက်စကားဆိုသည်။

"ကျွန်တော် တပည့်သား ချင်လိန်ဝေ ဘဘဆရာကြီး လေးယောက်ကို ဂါရဝပြုပါတယ်၊ ဘဘဆရာကြီးတို့ ကျန်းမာချမ်းသာကြရဲ့လား"

လခြမ်းသဏ္ဍာန်ထိုင်နေသော အဘိုးကြီးလေးယောက် အနက် ဘယ်ဘက်အစွန်းနေရာတွင် ရှိသည့် အဘိုးကြီးက မှိတ်ထားသော မျက်လုံးအစုံ ပွင့်လာသည်။

အကြင်နာ မေတ္တာအပြည့်ဖြင့် ချင်လိန်ဝေကိုကြည့်ကာ 'သာဓု' ခေါ်သည်။

"အင်း ... သာဓု သာဓု သာဓု"

ဤအခါတွင်မှ ထိုအဘိုးကြီးသည် မိမိကို စိမ်းညို့ညို့ တောအုပ်မှ ဆွဲငင်ခေါ်ယူလာခဲ့ကာ နှင်းတောင်ထိပ်သို့ အရောက်တက်လာခဲ့ရန် ပြောကြားဖိတ်ခေါ်ခဲ့သည့် စတုတ္ထ နှင်းတောင်ဘဘဆိုသူဖြစ်ကြောင်း ချင်လိန်ဝေ မှတ်မိသိရှိသည်။

ချင်လိန်ဝေသည် အထက်တန်းသိုင်းမိသားစုမျိုးနွယ်မို့ သိုင်းလောကနှင့်ပတ်သက်သည့် ဗဟုသုတ အတန်အသင့်ရှိသော နှင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ယောဂီလေးယောက်ဟု အမည်ရသော အဆင့်မြင့် သိုင်းပညာရှင်ကြီးလေးဦးအကြောင်း အနည်းအကျဉ်း ကြားသိထားသည်။

ယနေ့ယခု တွေ့ကြုံနေရသည့်အခြေအနေတို့အရ ထိုအဘိုးအိုလေးဦးမှာ နှင်းတောင်ယောဂီလေးယောက်ဆိုသူတွေပင် ဖြစ်ရမည်ဟု အတတ်သိလိုက်သည်။

စတုတ္ထနှင်းတောင်ယောဂီ၏ ညာဘက်ဘေးတွင် ထိုင်နေသော တတိယနှင်းတောင် ယောဂီ၏မျက်စိ ပွင့်လာသည်။ ချင်လိန်ဝေကို အတန်ကြာမျှ စူးစိုက်ကြည့်ရှုသည်။ အကြည့်က မိမိနှလုံးသားထဲသို့တိုင် နက်နက်ရှိုင်းရှိုင်းတိုးဝင်သွားသလို ချင်လိန်ဝေခံစားရသည်။

ချင်လိန်ဝေ စိတ်အတော်လှုပ်ရှားကာ ရင်လည်း လှိုက်ဖိုသည်။ သို့သော် ခေါင်းမငုံ့သလို အကြည့်လွှဲဖယ်ခြင်းလည်း မပြု။ အကြည့်အရှု စူးရှသော တတိယနှင်းတောင်ယောဂီနှင့် ခပ်ရဲရဲပင် မျက်လုံးချင်း ဆိုင်ကာ ကြည့်သည်။

"ညီထွေး အကဲခတ်တာ မမှားဘူး၊ ဒီသူငယ်လေး ချင်လိန်ဝေဟာ ဉာဏ်ထက်သလို ကိုယ်ခန္ဓာတည်ဆောက်မှု ခိုင်မာတယ်၊ အရိုးအဆစ် အားပြည့်တယ်၊ သွေးသားသန့်စင်ပြီး စိတ်ဓာတ် တည်



ကြည်တယ်၊ မာနလေးရှိနေတာ တစ်ခုပဲ ပြောစရာရှိတယ်"

စိတ်တိုင်းကျ စူးစမ်းအကဲခတ်ကြည့်ပြီးမှ တတိယ နှင်းတောင် ယောဂီက ထင်မြင်ချက်ပေးသည်။

"ဒါကို ပျော့ကွက်တစ်ခု၊ အပြစ်တစ်ရပ်ရယ်လို့တော့ မဆိုသင့်ဘူး ညီငယ်၊ သူက အသက်ငယ်ရွယ်သေးတယ်၊ ငယ်ရွယ်သူတို့ရဲ့ မာနတော့ ရှိမှာပဲပေါ့၊ ကျုပ်တို့လည်း ငယ်စဉ်က မာနတက်ခဲ့ကြတာပဲ မဟုတ်လား၊ အသက်အရွယ်ရလာရင် ရင့်ကျက်ပြီး မာန်ချတတ်လာမှာပါ"

ဒုတိယနှင်းတောင်ယောဂီက ဆက်ပြောသည်။

"ညီထွေးအကဲခတ်တာ မှန်ကန်ပါတယ်၊ ဒီလူငယ်လေး ချင်လိန်ဝေဟာ ကျုပ်တို့လိုချင်တဲ့ မျိုးဆက်သစ်အစစ်ပေပဲ"

ဒုတိယနှင်းတောင်ယောဂီက ဆက်ပြောသည်။

နှင်းတောင်ယောဂီလေးယောက်တို့က သူတို့၏ အဆင့်မြင့် အစွမ်းထက် သိုင်းပညာများကို အမွေပေးသင်ကြားပေးရန် စိတ်ကူးရည်ရွယ်ချက်ရှိကြောင်း ချင်လိန်ဝေ နားလည်လိုက်ရလေပြီ။

အတော်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်။ နှင်းတောင် ယောဂီလေးယောက်တို့လို အဆင့်မြင့်သိုင်းပညာရှင်ကြီးများထံမှ

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာအမွေ ဆက်ခံခွင့်ဆိုသည်မှာ အလွန်ကို ထူးမြတ်လှသော အခွင့်အလမ်း မဟုတ်ပါလား။

"မာနရှိနေရင် အတွင်းအား မသန့်စင်ဘူး။ အတွင်းအားကို အနှောင့်အယှက်တောင် ဖြစ်စေနိုင်တယ်"

တတိယယောဂီက စေဒကတက်သလို ပြောလာပြန်သည်။ ဒုတိယနှင်းတောင်ယောဂီကတော့ သူ့ညီငယ်၏ စေဒက စကားကို အရေးမလုပ်။ ချင်လိန်ဝေကို နှစ်သက်လက်ခံသော ချီးမွမ်းစကားသာ ဆက်၍ ပြောသည်။

"ညီလေးကတော့ မင်းကို ကောင်းကောင်းအမွှမ်းတင်ပြီး ချီးမွမ်းခဲ့တာပဲ၊ သူပြောတာတွေကို ငါ သိပ်မယုံလှပါဘူး။ ဒါပေမဲ့ အခု မင်းကို လူကိုယ်တိုင် တွေ့ရပြီး သေသေချာချာ အကဲခတ် ကြည့်တော့မှ ညီလေးရဲ့စကားတွေက အပိုချဲ့ကားတာ မဟုတ်ဘူးဆိုတာ သိနားလည်ရပြီ၊ မင်းဟာ ငါတို့ရဲ့ နှင်းတောင်သိုင်းပညာကို အမွေ ဆက်ခံဖို့ အပိုက်တန်ဆုံး မျိုးဆက်သစ်ပဲ"

ချင်လိန်ဝေသည် ပထမရသေ့တောင်ကုန်းမှ စိတ်လေလေနှင့် ထွက်လာခဲ့ပြီးနောက် အဆင့်မြင့် အဖွဲ့ထက် သိုင်းပညာများ ဆက်လက် ဆည်းပူးသင်ကြားနိုင်ရန် ဆရာကောင်း ရှာနေခဲ့သည်။



ယခု သူ့အတွက် အခွင့်အလမ်းကောင်း ပေါ်လာပြီမို့ တပည့်ခံသည့် ထုံးတမ်းစဉ်လာ ဂါရဝကို ပြုလိုက်သည်။

"ဘဘဆရာကြီးတို့ရဲ့ ချီးမြှောက်မှုအတွက် အများကြီး ကျေးဇူးတင်လှပါတယ်"

ဂါရဝပြုပြီးနောက် ပထမနှင်းတောင်ကို အကဲခတ်သလို တစ်ချက်ကြည့်သည်။

နှင်းတောင်ယောဂီလေးယောက်တို့တွင် အစ်ကိုအကြီးဆုံး နေရာတွင် ရှိလျက် ဦးစီးခေါင်းဆောင်လည်း ဖြစ်သော ထိုအဘိုးအိုသည် ယခုအချိန်အထိ စကားတစ်ခွန်းမျှ မဆိုသေး။ မျက်လုံးများကို ပင် မဖွင့်။ စုံမှိတ်ကာ နှုတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည်။

ဒုတိယနှင့် စတုတ္ထနှင်းတောင်ယောဂီတို့က နှစ်သက်သဘောကျကြောင်း ထင်ရှားသိသာနေလျက် တတိယနှင်းတောင်ယောဂီက ကန့်ကွက်သယောင် စေဒကတက်စကားများ ဆိုခဲ့ပြီးနောက် ပထမနှင်းတောင်ယောဂီ၏သဘောထားကို ချင်လိန်ဝေ သိလိုနေသည်။

ပထမနှင်းတောင်ယောဂီက သဘောတူလက်ခံခြင်းမရှိလျှင် ချင်လိန်ဝေအနေဖြင့် နှင်းတောင်သိုင်းပညာ သင်ကြား[illegible]ကျင့်

www.burmeseclassic.com

www.burmeseclassic.com



ခွင့် ရတော့မည် မဟုတ်ပေ။

ချင်လိန်ဝေက သိုင်းလောက ထုံးတမ်းစဉ်လာအတိုင်း တပည့်ခံ ဂါရဝပြုမှုလုပ်ဆောင်ပြီးပြီမို့ ပထမနှင်းတောင်ယောဂီအနေဖြင့် သူ့သဘောထားကို ထုတ်ဖော်ပြသကာ အဆုံးအဖြတ်ပေးဖို့သာ ရှိတော့သည်။

☆ ☆ ☆



"မင်းနဲ့ သိုင်းထပ်ခေါင်တင်ဒေဝီတို့ ဘယ်လိုပတ်သက်မှု ရှိခဲ့လဲ"

အမေးစကားသံ ပေါ်ထွက်လာသည်။ မေးခွန်းထုတ်သူမှာ ပထမနှင်းတောင် ယောဂီတော့မဟုတ်။ တတိယနှင်းတောင်ယောဂီ ဖြစ်သည်။

"ဘယ်လိုမှ ပတ်သက်မှု မရှိပါဘူး၊ သူ့အကြောင်း နည်းနည်းပါးပါး ကြားဖူးသိဖူးထားတာပဲ ရှိပါတယ်"

ချင်လိန်ဝေက အမှန်အတိုင်း ပြန်အဖြေပေးလိုက်သည်။

"သူက ဘာကြောင့် သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားနဲ့ မင်းကို ဆင့်ခေါ်ရတာလဲ"

"အဲဒါကိုတော့ ကျွန်တော်မသိပါဘူး"

"သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားဆိုတာ သာမန်မဟုတ်ဘူး၊ အရေးကြီးတဲ့ ကိစ္စတွေရှိမှ ထုတ်သုံးတာ၊ မင်းနဲ့ ဘယ်လိုမှပတ်သက်မှုမရှိဘဲ သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းလေးကို စေလွှတ်ဖိတ်ခေါ်
တော်ပြားနဲ့ ရှေ့ပြေးတမန်
နိုင်းတာ အတော်ထူးဆန်းတယ်”

ချင်လိန်ဝေအနေဖြင့် တတိယနှင်းတောင်ယောဂီ၏ စကား
များနှင့်ပတ်သက်၍ ဘာမျှဖြေကြားရှင်းလင်းရန် မရှိသည့်အတွက်
နှုတ်ဆိတ်၍သာ နေလိုက်သည်။

ထိုအချိန်မှာပင် စုံမှိတ်ထားသော ပထမနှင်းတောင်ယောဂီ
အဘိုးအို၏ မျက်လုံးအစုံ ပွင့်လာသည်။ မျက်လုံးအစုံသည် အဖိုးတန်
စိန်ကျောက်ကောင်းတစ်လုံးလို တလက်လက် အရောင်တောက်ပနေ
သည်။ အင်အားသတ္တိစွမ်းရည်မြင့်မားကြောင်း ထင်ရှားသိသာသော
ထိုမျက်လုံးများက ချင်လိန်ဝေကို တစ်ချက် စူးစိုက်ကြည့်သည်။
ချင်လိန်ဝေ ရင်ဒိန်းခနဲ ခုန်သည်။ မျက်လွှာချကာ ခေါင်းငုံ့
ထားသည့်တိုင် ရင်တလှပ်လှပ် ဖြစ်နေမှုက မပပျောက်သေး။

“ညီလတ် ... ညီငယ် ... ညီထွေးတို့”

ပထမနှင်းတောင်ယောဂီ အဘိုးအိုက စကားအစပျိုး ခေါ်
သံပြုသည်။ အသံသည် အနိမ့်အမြင့်မရှိ။ တစ်သမတ်တည်း ပုံမှန်ရှိ
နေသည်။ သိပ်မကျယ်သော်လည်း စူးရှကာအားပြည့်သည်။ အတွင်း
အား မြင့်မားနက်ရှိုင်းမှု၏ ထင်ရှားသောလက္ခဏာ ဖြစ်သည်။



“ဒီသူငယ်လေး ချင်လိန်ဝေကို ငါတို့နဲ့ မဆုံတွေ့ရအောင်
ဟန့်တားချင်လို့ သိုင်းထိပ်ခေါင်တင်ဒေဝီက ဆင့်ခေါ်ခဲ့တာ ဖြစ်မှာပါ၊
ဒီသူငယ်လေး ချင်လိန်ဝေ သူ့လက်ထဲမှာရှိသွားရင် ငါတို့လေး
ယောက် အသက်သေဆုံးသွားပြီးတဲ့နောက် သူ့ကို ရင်ဆိုင်စိန်ခေါ်နိုင်
မယ့်လူ ပေါ်မလာနိုင်တော့ဘူးလေ၊ ဒါပေမဲ့ ညီထွေးက ချင်လိန်ဝေ
ရဲ့ အရည်အချင်းကို မှန်မှန်ကန်ကန် စိစစ်ဆုံးဖြတ်နိုင်တော့ သိုင်း
ထိပ်ခေါင်တင်ဒေဝီရဲ့ ကြိုတင်ကာကွယ်ရေး အစီအမံ ပျက်ပြားသွား
ခဲ့ပါပြီ၊ ဒါပေမဲ့ ညီလေးတို့ ... ငါတို့ဟာ လက်ရှိအခြေအနေမှာ သိုင်း
ထိပ်ခေါင်တင်ဒေဝီရဲ့ ယှဉ်ပြိုင်ဘက်မဟုတ်သေးတာကို မမေ့ကြနဲ့၊
ငါတို့ ညီနောင်လေးယောက် ပူးပေါင်းတိုက်ခိုက်ရင်တောင် သိုင်းထိပ်
ခေါင်တင်ဒေဝီကို အနိုင်မရသေးဘူး”

ပထမ နှင်းတောင်ယောဂီက ခပ်လေးလေး ခပ်မှန်မှန်
ပြောသည်။

“အစ်ကိုကြီးက သိုင်းထိပ်ခေါင်တင်ဒေဝီကို အထင်ကြီးလွန်း
နေပါပြီ၊ ကျွန်တော်တို့ ညီနောင်လေးယောက် အားပြည့်အင်ပြည့်
ပူးပေါင်းတိုက်ခိုက်ဖို့သာ အမိန့်ချပါ”

တတိယနှင်းတောင်ယောဂီက မခံချင်သလို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမနှင်းတောင်ယောဂီကတော့ သူ့ညီငယ်၏စကားကို အရေး မလုပ်။ ချင်လိန်ဝေကိုသာ လှမ်း၍ ပြောလိုက်သည်။

"ကောင်လေး ... မတ်တတ်ရပ်လိုက်"

ချင်လိန်ဝေလည်း ပထမနှင်းတောင်ယောဂီ၏အမိန့်အတိုင်း မတ်တတ်ထရပ်လိုက်သည်။

"မင်းအကြိုက်ဆုံးသိုင်းကွက်တစ်ကွက် လှုပ်ရှားကစားပြပါ"

ပထမနှင်းတောင်ယောဂီအဘိုးအိုက ဆက်ပြောနေသည်။

"ကျွန်တော်အကြိုက်ဆုံး သိုင်းကွက်နှစ်ကွက် ရှိပါတယ်၊ ဒါကြောင့် သိုင်းကွက်နှစ်ကွက် လှုပ်ရှားကစားပြခွင့်ပေးပါ"

"ကောင်းပြီ ... ခွင့်ပြုတယ်"

တတိယနှင်းတောင်ယောဂီအဘိုးအိုက တစ်စုံတစ်ရာ ဝင်ပြောဆိုမည်ပြုသေးသည်။ သို့သော် ဘာစိတ်ကူးပေါက်သွားသည် မသိ။ မည်သည့်စကားမျှ မပြောဘဲ နှုတ်ဆိတ်၍နေသည်။

ပထမနှင်းတောင်ယောဂီအဘိုးအို၏ ခွင့်ပြုချက်ရသည့်အတွက် ချင်လိန်ဝေက မြစိမ်းဝါးရုံဓားသိုင်းပညာ၏ နေခြည်အလင်းတန်းဓားကွက်နှင့် တာ့လီနယ် ချင်မျိုးနွယ်တို့၏ မျိုးဆက်သိုင်းပညာဖြစ်သော ဓားကွန်ချာသိုင်းကွက်ကို လှုပ်ရှားကစားပြသည်။



နှင်းတောင်ယောဂီအဘိုးအို လေးယောက်တို့သည် ချင်လိန်ဝေ၏ သိုင်းဟန်လှုပ်ရှားကစားပြသည်ကို အထူးစိတ်ဝင်စားစွာ သေသေချာချာ ကြည့်ရှုအကဲခတ်နေသည်။ ဒုတိယနှင်းတောင်ယောဂီနှင့် စတုတ္ထနှင်းတောင်ယောဂီ အဘိုးအိုနှစ်ယောက်က ကျေနပ်အားရဟန်ဖြင့် ခေါင်းတညိတ်ညိတ်ပြုနေသည်။

တတိယနှင်းတောင်ယောဂီအဘိုးအိုကတော့ ဘာအမူအရာမှ မပြ။ ပထမနှင်းတောင်ယောဂီအဘိုးအိုလည်း နှုတ်ဆိတ်၍နေသည်။

ချင်လိန်ဝေ သိုင်းဟန်လှုပ်ရှားပြသမှု အပြီးသတ်သောအခါ ပထမနှင်းတောင်ယောဂီအဘိုးအိုက သက်ပြင်းရှည်တစ်ချက် ချသည်။

ကျေနပ်အားရ၍ သက်ပြင်းချသည်လား၊ သဘောမတွေ့စိတ်ပျက်သောကြောင့် သက်ပြင်းချသည်လား ဆိုသည်ကိုတော့ နှင်းတောင်ယောဂီအဘိုးအို သုံးယောက်နှင့် ချင်လိန်ဝေတို့ တပ်အပ်သေချာမသိကြပါ။

"ညီတော်တို့ ... သိုင်းလောကရဲ့ အနာဂတ်မျှော်လင့်ချက်ဟာ ဒီသူငယ်လေး ချင်လိန်ဝေပေါ်မှာ မူတည်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပဟောဋ္ဌိဆန်သော သက်ပြင်းရှည်ကြီးတစ်ချက်ချပြီးနောက် ပထမနှင်းတောင်ယောဂီ အဘိုးအိုကပြောသည်။ ပါးစပ်မှ ထိုစကားများ ပြောထွက်ပြီးနောက် ပထမ နှင်းတောင်ယောဂီအဘိုးအိုသည် သက်ပြင်းလေးလေးကြီးတစ်ချက် ဟင်းခနဲ ချလိုက်သည်။

ဒုတိယနှင်းကောင်ယောဂီနှင့် စတုတ္ထနှင်းတောင်ယောဂီတို့သည် ချင်လိန်ဝေကို အထူးပင် နှစ်သက်သဘောကျနေကြသည်။ တတိယနှင်းတောင်ယောဂီကမူ ချင်လိန်ဝေ၏ မာနစိတ်အပေါ် သံသယဝင်ကာ အားမရဖြစ်နေသော်လည်း ချင်လိန်ဝေကို မလိုလားဆန့်ကျင်မှုတော့ မရှိ။

ဦးစီးခေါင်းဆောင် အစ်ကိုကြီးဖြစ်သူ ပထမနှင်းတောင်ယောဂီက ချင်လိန်ဝေအပေါ် မျှော်လင့်ချက်ထားသော စကား ထုတ်ဖော် ပြောဆိုသောအခါ သူတို့သုံးယောက်သား အားတက်သွားကြသည်။ သို့သော် ပထမနှင်းတောင် ယောဂီအဘိုးအိုက သက်ပြင်းမောကြီးတစ်ခု ချလိုက်သောအခါတွင်မူ သူတို့စိတ်ထဲတွင် သို့လော၊ သို့လော စဉ်းစားစရာတွေ ဖြစ်လာခဲ့သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ပြတ်ပြတ်သားသား လုပ်ရတော့မယ်၊ ဒီသူငယ်လေး ရောက်လာတာ ငါတို့အတွက် မျှော်လင့်ချက် ပြည့်ဝ



စရာအကြောင်းဖြစ်သလို ဒီလူငယ်လေးကို ခြေရာခံပြီး ငါတို့ရှိနေတဲ့ နေရာကို သိသွားစရာအကြောင်းလည်း ရှိတယ်"

သက်ပြင်းမောကြီး တစ်ချက် ချလိုက်ပြီး ပထမနှင်းတောင်ယောဂီအဘိုးအိုက ပြောသည်။

"သိုင်းထိပ်ခေါင်တင်ဒေဝိက ကျွန်တော်တို့ရှိနေတဲ့ နေရာကို သိသွားပြီလို့ အစ်ကိုကြီး ဆိုလိုချင်တာလား"

ဒုတိယနှင်းတောင်ယောဂီအဘိုးအိုက မေးသည်။

"ဟုတ်တယ်"

"ဒါဆို သူ မကြာခင် ရောက်လာတော့မှာပေါ့"

"မမှားဘူး"

ပထမနှင်းတောင်ယောဂီက သူ့ညီလတ်ကို ပြန်ဖြေပြီးနောက် ချင်လိန်ဝေကို ဆက်၍ မေးသည်။

"ကောင်လေး ... မင်း ငါတို့နဲ့အတူ ခုနစ်ရက်လောက် ဒီမှာနေပြီး နှင်းတောင်သိုင်းပညာ သင်ယူရလိမ့်မယ် ... နေနိုင်ပါ့မလား"

"ကျွန်တော် နေနိုင်ပါတယ် ဘဘဆရာကြီး"

ချင်လိန်ဝေက မဆိုင်းမတွ ပြန်ဖြေလိုက်သည်။

ထိုအချိန်မှာပင် ခပ်ဝေးဝေးဆီမှ အသံတစ်ခု စူး[illegible]ရှ ပေါ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နှင်းတောင်ယောဂီ သုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ဦးစီးခေါင်းဆောင် အစ်ကိုကြီးဖြစ်သူ ပထမနှင်းတောင်ယောဂီအဘိုးအိုကတော့ သူညီတော်သုံးယောက်လို လှုပ်လှုပ်ရှားရှား မဖြစ်၊ တည်တည်ငြိမ်ငြိမ်ပင် ဟန်မပျက် ရှိနေသည်။

"လူလေး ... ဘဘနားမှာ လာထိုင်နေ၊ ဘာတွေဖြစ်ပျက်နေနေ ဝင်မစွက်ဖက်နဲ့၊ ကြောက်လည်း မကြောက်နဲ့"

ချင်လိန်ဝေသည် ချက်ချင်းပင် ပထမနှင်းတောင် ယောဂီအဘိုးအို၏ ညာဘက်ဘေးနားတွင် သွား၍ ထိုင်သည်။

"သိုင်းထိပ်ခေါင်တင်ဒေဝီ ရောက်လာပြီလား ဘဘ"

ထိုင်ချရင်း ချင်လိန်ဝေက မေးသည်။

ပထမနှင်းတောင်ယောဂီအဘိုးအိုက ဘာမျှ ပြန်မဖြေ။ နှုတ်ဆိတ်၍သာ နေသည်။ ထိုအချိန်မှာပင် နှင်းတောင်ထိပ်ပေါ်သို့ လူရိပ်သဏ္ဌာန်သုံးခု လျှင်မြန်သော အရှိန်အဟုန်ဖြင့် လှစ်ခနဲ ရောက်လာသည်။

ပြေးလွှားမှုအရှိန်ကို ရပ်လိုက်သောအခါ မိန်းမပျိုလေး တစ်ယောက်နှင့်အမျိုးသမီးကြီးတစ်ယောက်၏အသွင်ကို ထင်ထင်ရှား



ရှား တွေ့ရသည်။

မိန်းမပျိုလေးနှစ်ယောက်အနက် တစ်ယောက်မှာ ချင်လိန်ဝေကို သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားနှင့် လာရောက်ဆင့်ခေါ်ခဲ့ဖူးသော ကျောက်စိမ်းလေးဆိုသူ ဖြစ်နေသည်။

ပထမနှင်းတောင်ယောဂီအဘိုးအိုအနေဖြင့် အဖြေပေးစရာမလိုတော့ပါ။ ရောက်လာကြသူတို့ မည်သူမည်ဝါဖြစ်ကြောင်း ချင်လိန်ဝေ မှန်းဆသိရှိလေပြီ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းလေးနှင့်အတူ အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုတစ်ယောက် ယှဉ်တွဲလျက် ခပ်မှန်မှန် ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာသည်။ အသက်အရွယ်က ကျောက်စိမ်းလေးနှင့် မတိမ်းမယိမ်း။ ရုပ်ရည်ရူပကာကတော့ ကျောက်စိမ်းလေးထက် ပိုမိုလှပချောမောသည်။ ရုပ်ရည်ချောမောသလောက် မျက်နှာထားတင်းသည်။

သူတို့၏နောက်ဘက်မှ မီးခိုးရောင်ဝတ်စုံဝတ် အမျိုးသမီးကြီးတစ်ယောက် လိုက်ပါလာသည်။ အမျိုးသမီးကြီး၏ အသက်အရွယ်ကို ခန့်မှန်းရန်ခက်သည်။ ရုတ်တရက် တွေ့မြင်ရမှုအရတော့ အသက် (၄၀) ကျော်ကျော်ဟု ထင်ရသည်။ သို့သော် အရွယ်တင်နုပျိုနေသောကြောင့် တကယ့်အသက်အရွယ်အမှန်က ထို့ထက်အတော်ပိုမိုနိုင်သည်။

လခြမ်းသဏ္ဍာန်အနေအထားဖြင့် ထိုင်နေကြသော နှင်းတောင်ယောဂီအဘိုးအို (၄) ယောက်တို့နှင့် ခြေလှမ်း (၇) လှမ်းခန့်



အကွာတွင် ကျောက်စိမ်းလေးနှင့် အနက်ရောင်ဝတ်စုံဝတ် မိန်းကလေးတို့ ခြေလှမ်းတုံ့ရပ်လိုက်ကြသည်။

မိန်းမပျိုလေးနှစ်ယောက်၏ ခြေလှမ်းသုံးလှမ်းအကွာတွင် မီးခိုးရောင်ဝတ်စုံဝတ် အမျိုးသမီးကြီး ရပ်သည်။ ဤသို့ဖြင့် မီးခိုးရောင် ဝတ်စုံဝတ်အမျိုးသမီးကြီးနှင့် နှင်းတောင်ယောဂီလေးယောက်တို့အကြားတွင် ခြေလှမ်း (၁၀) လှမ်းသာသာလောက် အကွာအဝေးရှိနေသည်။

ကျောက်စိမ်းလေးနှင့် အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုလေး၏ နောက်ကျောတွင် ဓားရှည်တစ်လက်စီ သိုင်းလွယ်ထားပြီး ခါးတွင် ဓားတိုနှစ်လက်စီ ထိုးချိတ်ထားကြသည်။ မီးခိုးရောင်ဝတ်စုံဝတ်အမျိုးသမီးကြီး၏ကိုယ်ပေါ်တွင်တော့ မည်သည့်လက်နက်မျှမပါရှိ။

"အင်း ... နောက်ဆုံးတော့ ကျုပ်တို့ဆီကို သိုင်းထိပ်ခေါင်တင်ဒေဝီကိုယ်တိုင် ရောက်လာခဲ့ပြီကိုး"

ဒုတိယနှင်းတောင်ယောဂီက မိမိဘာသာပြောသလို ရေရွတ်သည်။ ဤစကားအရ မီးခိုးရောင်ဝတ်စုံဝတ် အမျိုးသမီးကြီးမှာ သိုင်းထိပ်ခေါင်တင်ဒေဝီဖြစ်ကြောင်း သေချာသွားပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ချင်လိန်ဝေက သိုင်းလောကဒဏ္ဍာရီတစ်ခုလို ဖြစ်နေသော သိုင်းထိပ်ခေါင်တင်ဒေဝီကို သေသေချာချာ စူးစမ်းအကဲခတ်ကြည့်သည်။ သူတွေ့မြင်ရသမျှကတော့ အတော်ပင် အရွယ်တင်ကာ ရည်မွန်ခံ့ညားသော အမျိုးသမီးကြီးတစ်ယောက်သာ ဖြစ်နေသည်။

အရွယ်တင်နုပျိုလွန်းသောကြောင့် အသက်အရွယ် မည်မျှရှိပြီဆိုသည်ကို ခန့်မှန်းရန်ခက်လှသည်။ မည်သည့်လက်နက်မျှ ကိုင်ဆောင်ထားခြင်းမရှိဘဲ လှုပ်ရှားသွားလာပုံကလည်း ပုံမှန်ဖြစ်ရာ သာမန်အရပ်သူမိန်းမကြီးတစ်ယောက်အသွင်မျိုးသာ တွေ့ရသည်။

သို့သော် ဤအမျိုးသမီးကြီးသည် သိုင်းလောကတွင် အမည်ကြားရုံမျှနှင့်ပင် ကြောက်ရွံ့လေးဝန့်ရသော သိုင်းထိပ်ခေါင်တင်ဒေဝီဖြစ်နေသည်။

"ကျုပ် ဒီနေ့ ပေါ်ထွက်လာတာမှာ ကိစ္စနှစ်ခုကြောင့်ပဲ၊ တစ်ခုက ရှင်တို့ရဲ့ မျိုးဆက်အမွေခံတပည့်ကို သိမ်းယူဖို့၊ နောက်တစ်ခုက ဒီနေ့ ဒီအချိန်မှာ ရှင်တို့ညီနောင်လေးယောက်ရဲ့သိုင်းပညာအခြေအနေ ဘယ်လိုရှိတယ်ဆိုတာ လက်တွေ့ စူးစမ်းအကဲခတ်ဖို့ပဲ"

"ခင်ဗျား တွက်ကိန်းလွဲနေပြီ၊ ဒီသူငယ်လေးဟာ ကျုပ်တို့ရဲ့ မျိုးဆက်အမွေခံတပည့် မဟုတ်သေးပါဘူး"



ပထမနှင်းတောင်ယောဂီ အဘိုးအိုက ပြောသည်။

"ဟွန်း ... အပြောကောင်းတယ်၊ အခုမဟုတ်သေးဘူးဆိုရင်လည်း မကြာခင် ရှင်တို့ရဲ့ မျိုးဆက်အမွေခံ ဖြစ်တော့မှာပဲလေ၊ ကျုပ်က ရန်စူးရန်ငြောင့်ကို အငုတ်အတက်မကျန်ရအောင် ကြိုတင်ပြီး ရှင်းလင်းပစ်ရလိမ့်မယ်"

သိုင်းထိပ်ခေါင်တင်ဒေဝီနှင့် ပထမနှင်းတောင် ယောဂီအဘိုးအိုတို့ အပြန်အလှန် ပြောဆိုနေကြသော စကားများကို ချင်လိန်ဝေ လုံးစေ့ပတ်စေ့ နားမလည်ပါ။ နှင်းတောင်ယောဂီတို့ထံမှ နှင်းတောင်သိုင်းပညာကို အပြည့်အဝ သင်ကြားတတ်မြောက်အောင်မြင်လျှင် သိုင်းထိပ်ခေါင်တင် ဒေဝီကို ယှဉ်ပြိုင် အနိုင်ယူနိုင်မည့်သဘောမျိုး ရှိသလိုလိုတော့ ထင်မိသည်။

သို့သော် နှင်းတောင်ယောဂီလေးယောက်တို့သည် သိုင်းထိပ်ခေါင်တင်ဒေဝီ ရှာမတွေ့ရအောင် ရှောင်တိမ်းပုန်းအောင်းနေကြသည့်အခြေအနေမျိုး ရှိနေသည်ကိုလည်း အကဲခတ်မိလေရာ သူတို့ကိုယ်တိုင်ပင် အတိအလင်း ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုနိုင်သောသူကို သူတို့ထံမှ သိုင်းပညာအမွေဆက်ခံသင်ယူလေ့ကျင့်သည့်မိမိအနေဖြင့် အနိုင်ရအောင် တိုက်ခိုက်နိုင်ဖို့ ဖြစ်နိုင်,မဖြစ်နိုင်သံသယ

www.burmeseclassic.com

www.burmeseclassic.com



ကြီးစွာ ဝင်လာသည်။

"ဟား ဟား ဟား ... ရှင်တို့ ဘယ်လိုအကြံကြီးနေကြတယ် ဆိုတာ မသိဘူးထင်နေလား၊ ရှင်တို့ရဲ့ အစီအစဉ်တွေကို ဒီနေ့ အပြတ် ချေမှုန်း သုတ်သင်ပစ်မယ်၊ ဓားပေးစမ်း မဟူရာ"

သိုင်းထိပ်ခေါင်တင်ဒေဝီက တစ်ဆက်တည်းပင် ဝတ်စုံနက် ဝတ် မိန်းမပျိုကို လှမ်းအမိန့်ပေးသည်။

'မဟူရာ'ဟု အခေါ်ခံရသော ဝတ်စုံနက်ဝတ် မိန်းမပျိုသည် သူမ၏နောက်ကျောတွင် သိုင်းလွယ်ထားသော ဓားလွယ်ထဲမှ ဓား ရှည်ကို 'ရွှမ်း'ခနဲပင် ဆွဲထုတ်ပြီး သိုင်းထိပ်ခေါင်တင်ဒေဝီထံ ရိုသေစွာ ကမ်းပေးသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီက မဟူရာကမ်းပေးသော ဓားရှည် ကို ဆွဲယူကာ တစ်ချက်ဝှေ့ယမ်းလိုက်သည်။

နှင်းတောင်ယောဂီ လေးယောက်တို့ ထိုင်နေရာမှ ပြိုင်တူ ထရပ်ကြသည်။ သိုင်းထိပ်ခေါင်တင်ဒေဝီက ဓားရှည်ကိုဝင့်ကာ ရှေ့သို့ လှမ်းတက်လာသည်။ မဟူရာနှင့် ကျောက်စိမ်းနက် မိန်းမပျိုနှစ် ယောက် နောက်သို့ ဆုတ်ကြသည်။

နှင်းတောင်ယောဂီလေးယောက်တို့ကလည်း တုတ်ရှည်



ကိုယ်စီ ကိုင်ဆွဲလိုက်ကြသည်။

သိုင်းလောကအဆင့်မြင့် သိုင်းပညာရှင်ကြီးများ၏ ထိပ် တိုက်ရင်ဆိုင်ယှဉ်ပြိုင်မည့် တိုက်ပွဲကို ပထမဆုံးအကြိမ် ကိုယ်တွေ့ မျက်မြင် ကြည့်ရှုရတော့မည့် ချင်လိန်ဝေမှာ အတော်ကြီးကို စိတ် လှုပ်ရှားနေသည်။ ရင်ခုန်သံပင် တဒိန်းဒိန်း မြည်သည်။

ချင်လိန်ဝေသည် မိန်းမပျိုနှစ်ယောက်၏အခြေအနေကို တိတ်တခိုး အကဲခတ်လိုက်သည်။ ကျောက်စိမ်းလေးသည် မဟူရာ၏ နောက်ကျောဘက်တွင် ခပ်ကွယ်ကွယ် နေရာယူထားရာမှ ချင်လိန် ဝေကို မသိမသာ ကြည့်နေသည်။

လှမ်းကြည့်လိုက်သော ချင်လိန်ဝေနှင့် အကြည့်ချင်းဆုံမိရာ ကျောက်စိမ်းလေးက အလျင်အမြန် အကြည့်လွှဲဖယ်သည်။

မဟူရာကတော့ ဖြစ်ပွားတော့မည်တိုက်ပွဲဆီ အာရုံစိုက် နေရာ ချင်လိန်ဝေလှမ်းအကဲခတ်သည်ကို သတိမပြုမိပါ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



နှင်းတောင်ယောဂီ လေးယောက်တို့သည် လူခွဲလျက် သိုင်းထိပ်ခေါင်တင်ဒေဝီ၏ ရှေ့နောက်ဝဲယာ လေးဖက်လေးတန်တွင် နေရာယူကာ ဝန်းရံလိုက်ကြသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီသည် ဓားရိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဦးခေါင်းထက်တွင် တည့်မတ်ဖြောင့်တန်းစွာ ကိုင်ထားသည်။ အမူအရာကတော့ ခပ်အေးအေးပင်။ နှင်းတောင်ယောဂီ လေးယောက်တို့ လေးဖက်လေးတန်မှ ဝန်းရံနေရာယူထားမှုကို ဘယ်လိုမှ အရေးမထား၊ မထီမဲ့မြင်ဟန် အပြည့်ရှိနေသည်။

"ကိုင်း ... စပြီ"

ပါးစပ်မှ သတိပေးစကားဆိုပြီးနောက် သိုင်းထိပ်ခေါင်တင်ဒေဝီက စတင်တိုက်ကွက်ဆင်သည်။ နှင်းတောင်ယောဂီလေးယောက်တို့၏ ဦးစီးခေါင်းဆောင် အစ်ကိုကြီးဖြစ်သော ပထမ နှင်းတောင်ယောဂီအဘိုးအို၏ လည်မျိုကို ဓားဖျားဖြင့် လှမ်းထောက်သည်။



ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်နေရသည်မို့ ပထမနှင်းတောင်ယောဂီ အဘိုးအိုသည် လုံးဝ ပေါ့ဆခြင်း မရှိ။ နှင်းတောင်သိုင်းပညာ၏ အစွမ်းအထက်ဆုံးဖြစ်သော 'နှင်းငွေ့လှိုင်း'သိုင်းကွက်ကို ထုတ်သုံးရင်ဆိုင်သည်။

ပထမနှင်းတောင်ယောဂီအဘိုးအို၏ တုတ်ရှည်သည် နှင်းငွေ့လှိုင်းများသဖွယ် ဆင့်ကဲအားအင်များ ပေါ်ထွက်ကာ သိုင်းထိပ်ခေါင်တင်ဒေဝီထံ တိုးဝင်စဉ် ကျန်နှင်းတောင်ယောဂီသုံးယောက်တို့ကလည်း ပထမနှင်းတောင်ယောဂီအဘိုးအို၏ နှင်းငွေ့လှိုင်းသိုင်းကွက်ကို ဝိုင်းဝန်းထောက်ကူ အားဖြည့်ပေးကြသည်။

ချက်ချင်းဆိုသလို ...

နှင်းတောင်ယောဂီလေးယောက်တို့သည် တိုက်စစ်ဦးဆောင်မှုအနေအထားသို့ ရောက်သွားကြသည်။ သူတို့၏ တုတ်ရှည်ရိုက်ချက်များက သိုင်းထိပ်ခေါင်တင်ဒေဝီကို လွှမ်းမိုးခြိမ်းခြောက်ကြသည်။

ညာလက်တွင် ကိုင်ဆွဲထားသော ဓားရှည်ကို အင်အားလှိုင်းတစ်ခုက ရစ်ပတ်လွှမ်းခြုံလာသည့်အတွက် အတော်လေး ထိတ်ထိတ်ပျာပျာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မပေါ့ဆဝံ့တော့ဘဲ 'သုခုမဓားသိုင်း' ၏ 'သံစဉ်မြင့်ဓားကွက်တစ်ကွက်'ကို ဆင့်ကဲဆင့်ကဲ သွက်လက်အားပြည့်စွာ ထုတ်သုံးသည်။

ဓားရှည်နှင့် တုတ်ရှည်လေးချောင်းတို့ တရွှင်ရွှင် တဒန်ဒန် ရင်ဆိုင်ထိခတ်မိကြသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီ၏ သုခုမဓားသိုင်းသည် သိုင်းလောကတွင် ထိပ်တန်းအဆင့်၌ ရှိနေပေရာ နှင်းတောင်ယောဂီတို့၏ နှင်းငွေ့လှိုင်းသိုင်းကွက်မှာ သံစဉ်မြင့်ဓားကွက် လေးကွက်အထိသာ တောင့်ခံနိုင်သည်။

သံစဉ်မြင့်ဓားသိုင်းကွက် (၈) ကွက်အရောက်တွင်မူ နှင်းတောင်ယောဂီလေးယောက်တို့က ကမန်းကတန်း နောက်ဆုတ်သွားကြသည်။ နောက်ဆုတ်ပေးရသော်လည်း ဓားချက်ထိရှခြင်းတော့ လုံးဝမရှိ။

တစ်ဖက်လူများကို လှန်ထုတ်လိုက်နိုင်သော်လည်း တစ်ချက်တလေမျှ ထိရှအောင် မလုပ်နိုင်သည့်အတွက် သိုင်းထိပ်ခေါင်တင်ဒေဝီ အတော်ကို မကျေမချမ်းဖြစ်သည်။

သုခုမသိုင်း၏ သံစဉ်မြင့် ဝါးကွက် (၁၂) ကွက်ကျော်အောင် ဆက်လက်ထိုးနှက်တိုက်ခိုက်သည်။



ပြင်းထန်အားပြည့်ပြီး ဆန်းပြားလှသော ဓားချက်များကို နှင်းတောင်ယောဂီလေးယောက်တို့သည် ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုရဲကြ။

နောက်သို့ ဆုတ်ပြီးရင်း ဆုတ်နေရသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီကလည်း အတင်းဖိတိုက်ခိုက်သည်။ နှင်းတောင်ယောဂီတို့၏ နှင်းငွေ့လှိုင်းဓားသိုင်းသည် သိုင်းထိပ်ခေါင်တင်ဒေဝီ၏ သုခုမဓားသိုင်းဟု သံစဉ်မြင့် ဓားချက် (၁၂) ချက်ကို ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုနိုင်သည့်တိုင် ပိပိရိရိ ခုခံကာကွယ်နေနိုင်သည်။

သိုင်းထိပ်ခေါင်တင်ဒေဝီသည် အသာစီးတွင်ရှိနေသော်လည်း အနိုင်တော့မရသေး။ အသာစီးရနေပါလျက် အနိုင်မယူနိုင်သေးသည်မှာ သိုင်းထိပ်ခေါင်တင်ဒေဝီလို အဓိပတိသိုင်းပညာရှင်ကြီးတစ်ယောက်အတွက် ခံပြင်းစရာရော၊ မျက်နှာပျက်စရာပါ ဖြစ်နေသည်။

နှင်းတောင်ယောဂီလေးယောက်တို့၏ သိုင်းပညာစွမ်းရည်မှာ သိုင်းထိပ်ခေါင်တင်ဒေဝီ မှန်းဆထားသည်ထက် အတော်လေး ပိုမိုမြင့်မားနေသည်။ ဖိဖိစီးစီးတိုက်ခိုက်မှ ဖြစ်တော့မည်ဟု ...

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဖြတ်ကာ တိုက်စစ်အရှိန်အဟုန်ကို ရုတ်ခြည်းမြှင့်တင်သည်။ သုခုမဓားသိုင်း၏ အမြင့်ဆုံးသိုင်းပညာစွမ်းရည်ဖြစ်သော နိမ့်မြင့် သံစဉ်ဓားကွက် (၉) ကွက်ကို ထုတ်သုံးသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီ၏ ဓားရှည်သည် ထိုးခုတ်၊ ပိုင်းဖြတ်၊ ပိတ်၊ ကာ၊ စိုက်၊ ငေ့ ဓားရေးဓားဟန်အမျိုးမျိုးဖြင့် သွက်လက်မြန်ဆန်စွာ လှုပ်ရှားနေသည်။ နှင်းတောင်ယောဂီလေးယောက်တို့မှာ တိုက်ကွက်တစ်ကွက်မျှပင် မဆင်နိုင်။ ခုခံကာကွယ်ရှောင်တိမ်းမှုများကိုသာ ပြုလုပ်နေကြရသည်။

ချင်လိန်ဝေမှာ နှင်းတောင်ယောဂီတို့အတွက် အတော်ကြီးကို စိုးရိမ်ပူပန်လာသည်။ ထိပ်တန်းသိုင်းပညာရှင်ကြီးများ၏ ရင်ဆိုင်တိုက်ခိုက်နေမှု ဖြစ်သောကြောင့် ချင်လိန်ဝေမှာ စိုးရိမ်ပူပန်နေသော်လည်း ဘယ်လိုမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ပါ။ ဘေးမှသာ ရင်တထိတ်ထိတ်ဖြင့် ရှိနေရသည်။

ချင်လိန်ဝေက မဟူရာဆိုသူ ဝတ်စုံနက်ဝတ် မိန်းမပျိုထံ တစ်ချက် လှမ်းအကဲခတ်ကြည့်သည်။ မဟူရာသည် ဓားကွက်များ သွက်လက်မြန်ဆန်စွာ တရစပ်ဖော်ထုတ်တိုက်စစ်ဆင်နေသော သိုင်းထိပ်ခေါင်တင်ဒေဝီ၏ လှုပ်ရှားမှုများကို စိတ်ဝင်စားစွာ စူးစူးစိုက်စိုက်



ကြည့်နေသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီ လက်တွေ့တိုက်ပွဲဝင်မှုကို ကြည့်ရှုကာ နည်းနာများ သင်ယူမှတ်သားလေ့လာနေခြင်း ဖြစ်သည်။

ကျောက်စိမ်းလေးဘက်သို့ ကြည့်လိုက်ပြန်သည်။

ကျောက်စိမ်းလေးကတော့ မဟူရာလို မဟုတ်။ စိုးရိမ်ထိတ်လန့်သည့် အမူအရာရှိနေသည်။ ချင်လိန်ဝေကိုလည်း ကွက်ကြည့်ကွက်ကြည့်လုပ်နေရာ အကြည့်ချင်းပင် ဆုံမိကြလေသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီ၏ လက်စွဲတော်ရှေ့တော်ပြေး မိန်းမပျိုနှစ်ယောက်မှာ စိတ်နေစိတ်ထားနှင့် အကျင့်စရိုက်ချင်း မတူညီကြကြောင်း ချင်လိန်ဝေ အကဲခတ်မိသည်။

နှင်းတောင်ယောဂီလေးယောက်တို့၏ နှင်းတောင်သိုင်းပညာမှာ သိုင်းထိပ်ခေါင်တင်ဒေဝီ၏ သုခုမဓားသိုင်းစွမ်းရည်နှင့် ပြိုင်ဘက်မဟုတ်ကြောင်း တစ်စတစ်စ သိသာထင်ရှားလာသည်။ လေးယောက်နှင့်တစ်ယောက် ရင်ဆိုင်ယှဉ်ပြိုင်နေကြသည့်အတွက် နှင်းတောင်ယောဂီတို့ သည်မျှလောက် တောင့်ခံနေနိုင်ကြခြင်း ဖြစ်သည်။

အချိန်ကြာလာသည်နှင့်အမျှ သိုင်းထိပ်ခေါင်တင်ဒေဝီ၏ ဓားချက်များက အကြီးအကျယ် ဖြိမ်းခြောက်လာကြသည်။ နှင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ယောဂီအဘိုးအိုများ အလူးအလဲဖြစ်နေကြပြီး အသေအလဲ ခုခံရှောင်တိမ်းနေကြပြီ။

နိမ့်မြင့်သံစဉ် ဓားကွက်(၉)ကွက်တို့၏ ပထမသုံးကွက်သည် နှင်းတောင်ယောဂီလေးဖော်တို့၏ နှင်းငွေ့လှိုင်းသိုင်းကွက် ပြိုကွဲသွားလေတော့သည်။

ဤတွင် နှင်းတောင်ယောဂီတို့က နှင်းတောင်သိုင်းပညာ၏ ဒုတိယအဆင့် ဖြစ်သော နှင်းလေပွေသိုင်းကွက်များကို ထုတ်သုံးကာ လေးယောက်ပူးပေါင်းအင်အားဖြင့် တောင့်ခံကြပြန်သည်။ ကြာကြာတော့ မခုခံနိုင်ကြ။

နိမ့်မြင့်သံစဉ်ဓားသိုင်းကွက် (၉) ကွက်၏ ဒုတိယသိုင်းကွက်က နှင်းလေပွေသိုင်းကွက်များကို အုပ်စီးဖြိုခွဲပစ်လိုက်သည်။ သိုင်းထိပ်ခေါင်တင်ဒေဝီ၏ ဓားရေးဓားဟန်လှုပ်ရှားမှုများ အတိုင်းမသိအောင်ပင် မြန်ဆန်သွက်လက်လာကြသည်။ နှင်းတောင်ယောဂီဘိုးဘိုးတို့၏ သိုင်းဟန်လှုပ်ရှားမှုများကလည်း အထူးပင် မြန်ဆန်လာသည်။

ဓားရိပ်များ၊ တုတ်ရှည်အရိပ်များ၊ လူရိပ်လူယောင်များ အကုန် ဒွေးရောယှက်တင်ဖြစ်လျက် ဝေ့ဝဲလာသည်။ ချင်လိန်ဝေ



အနေဖြင့် ဘာကိုမျှ ကွဲကွဲပြားပြား ထင်ထင်ရှားရှား မမြင်ရတော့။ ရှိုးတိုးရှိုးတိတ်သာ တွေ့နေရသည်။

ဘာတွေဖြစ်ကုန်သည်ကိုပင် မသိတော့။

ထို့နောက် ...

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုများ ရုတ်တရက် ရပ်တန့်သည်။ နှင်းတောင်ယောဂီလေးယောက်တို့နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်ကာ ပခုံးချင်းယှဉ် ရင်ပေါင်တန်းလျက် ရပ်နေကြသည်။

"သိုင်းထိပ်ခေါင်တင်ဒေဝီရဲ့ သုခုမဓားသိုင်းပညာဟာ အံ့မခန်းအောင်ပဲ အဆင့်မြင့်ပြီး အစွမ်းထက်ပါတယ်၊ ကျုပ်တို့ နှင်းတောင်ယောဂီလေးယောက် သုခုမဓားသိုင်းပညာကို မယှဉ်နိုင်ပါဘူး၊ အရှုံးပေးပါတယ်"

နှင်းတောင်ယောဂီလေးယောက်တို့၏ ဦးစီးခေါင်းဆောင် အစ်ကိုကြီးဖြစ်သော ပထမနှင်းတောင်ယောဂီအဘိုးအိုက သိုင်းထိပ်ခေါင်တင်ဒေဝီကို လေးနက်တည်ကြည်စွာ ပြောလိုက်သည်။

သိုင်းထိပ်ခေါင်တင်ဒေဝီ မျက်မှောင်တစ်ချက်ကြုတ်သည်။

နှင်းတောင်ယောဂီလေးယောက်တို့၏ နှင်းလွှပွေသိုင်းကွက်များကို နိမ့်မြင့်သံစဉ်ဓားသိုင်းကွက် (၉) ကွက်၏ ဒုတိယသိုင်းကွက် သုံးကွက်ဖြင့် အုပ်စီးဖြိုခွဲပစ်လိုက်နိုင်သော်လည်း နှင်းတောင်



ယောဂီတို့၏သိုင်းပညာမှာ အဆင့်ကုန်မဟုတ်သေးဘဲ ချန်ထားသည်များ ရှိနေသေးသည်ကို အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက်ပီပီ သိုင်းထိပ်ခေါင်တင်ဇေရီ အကဲခတ်မိသည်။

ထိုချန်ထားသေးသော သိုင်းစွမ်းရည်များ ထုတ်သုံးလာလျှင် နိမ့်မြင့်သံစဉ်ဓားသိုင်းကွက် (၉) ကွက်၏ တတိယသိုင်းကွက် (၃) ကွက်ဖြင့် ရင်ဆိုင်ချေမှုန်းနိုင်ပါမည်လားဟုပင် သိုင်းထိပ်ခေါင်တင်ဒေဝီ သံသယ ဖြစ်မိသည်။

ယခု နှင်းတောင်ယောဂီတို့က ထပ်မံရင်ဆိုင်ယှဉ်ပြိုင်ခြင်း မပြုကြတော့ဘဲ အရှုံးပေးလိုက်ကြသည့်အတွက် သိုင်းထိပ်ခေါင်တင်ဓေဝီ အမှန်ပင် အံ့အားသင့်ရသည်။

'နှင်းလေပွေသိုင်းကွက်များ'ကို အုပ်စီးဖြိုခွဲလိုက်ခြင်းသည် ပွဲသိမ်းအနိုင်ယူမှုအနေအထား မဟုတ်ပါ။ နည်းဗျူဟာအရေးနိမ့်မှု သဘောသာဖြစ်ကာ ပိုမိုထက်မြက်သော သိုင်းစွမ်းရည်များ ထုတ်သုံးကာ ဆက်လက်ရင်ဆိုင်တိုက်ပွဲဝင်ရမည့် အခြေအနေရှိသည်။

နှင်းတောင်ယောဂီလေးယောက်တို့က နည်းဗျူဟာသဘောအရ အရေးနိမ့်မှုနှစ်ကြိမ် ပေါ်ပေါက်လာသည်နှင့် ဆက်လက်တိုက်ပွဲမဝင်တော့ဘဲ အတိအလင်းအရှုံးပေးလိုက်သည်မှာ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



စရာပင် ဖြစ်နေသည်။

သို့သော် ယှဉ်ပြိုင်ဘက်များက အရေးရှုံးနိမ့်ကြောင်း ဝန်ခံပြောဆိုလာနေရာ ယှဉ်ပြိုင်တိုက်ခိုက်မှုလည်း နိဂုံးချုပ်သွားရလေပြီ။ စိတ်ထဲတွင် မတင်မကျ ဖြစ်နေသောကြောင့် သိုင်းထိပ်ခေါင်တင်ဒေဝီသည် မည်သည့်စကားကိုမျှ မဆို။ 'ဟွန့်'ဆိုသော မြည်တမ်းသံကိုသာ ပြုလိုက်လေသည်။

"ပြောရမယ်ဆိုရင် ကျုပ်တို့နည်းဗျူဟာ အရေးနိမ့်မှုသာ ရှိခဲ့တာပါ၊ ဒါပေမဲ့ အခြေအနေကို ကျုပ်တို့နားလည်ပါတယ်၊ ဆက်တိုက်ခိုက်မယ်ဆိုရင် သိုင်းထိပ်ခေါင်တင်ဒေဝီရဲ့ သုခုမအားသိုင်းကို မယှဉ်နိုင်တော့မှန်း နားလည်ပါတယ်၊ ဒါကြောင့် အရှုံးကို ကျေကျေနပ်နပ် လက်ခံလိုက်တာပါ"

ပထမနှင်းတောင်ယောဂီအဘိုးအိုက ဆက်ပြောသည်။

သိုင်းလောကအတွေ့အကြုံ ရင့်ကျက်နေသော သိုင်းထိပ်ခေါင်တင်ဒေဝီသည် တစ်ဖက်ပြိုင်ဘက်လေးယောက် ဘာကြောင့်သည်လို အတိအလင်းအရှုံးပေးကြောင်း ထုတ်ဖော်ပြောဆိုမှုပြု ရသည်ကို နားလည်သည်။

"ကောင်းပြီ ... ရှင်တို့ ဘာတောင်းဆိုစရာ ရှိတယ်ဆိုတာကို



သာ ပြောပါ"

သိုင်းထိပ်ခေါင်တင်ဒေဝီက ပြတ်ပြတ်သားသားပင် မေးလိုက်၏။

"ဟုတ်ပြီ ... သိုင်းထိပ်ခေါင်တင်ဒေဝီရယ်လို့ နာမည်ရထားတာ ဒီလိုမှပေါ့၊ ကျုပ်တို့မှာ တောင်းဆိုစရာရှိတယ်"

"ပြောပါ"

"ကျုပ်တို့ဟာ သိုင်းထိပ်ခေါင်တင်ဒေဝီကို ချေမှုန်းအနိုင်ယူဖို့ အနှစ်နှစ်အလလ ကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်၊ ဒီနေ့ သိုင်းထိပ်ခေါင်တင်ဒေဝီရဲ့ သုခုမအားသိုင်းပညာအောက်မှာ ရှုံးနိမ့်ခဲ့ကြရတာမို့ ကျုပ်တို့ကိုယ် ကျုပ်တို့ စီရင်ပစ်ပါ့မယ်"

"ကောင်းပြီ ... အဲဒီအတွက် ကျုပ်က ဘာလုပ်ပေးရမှာလဲ"

"ဟောဒီကသူငယ်လေး ချင်လိန်ဝေကို တစ်နှစ်တိတိ ဘာမှ အနှောင့်အယှက် မပေး, အန္တရာယ်မပြုပါဘူးဆိုတဲ့ ကတိပေးပါ"

သိုင်းထိပ်ခေါင်တင်ဒေဝီက ချက်ချင်းပြန်မဖြေ။ တွေဝေစဉ်းစားနေသည်။

"အစ်ကိုကြီး ... တစ်နှစ်နဲ့ လုံလောက်ပါ့မလား"

ဒုတိယနှင်းတောင်ယောဂီက ဝင်ပြောသည်။ ပထမနှင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ယောဂီအဘိုးအိုက လက်ကာပြလိုက်သည့်အတွက် စကား ဆက်မပြောတော့။

သိုင်းထိပ်ခေါင်တင်ဒေဝီက ချင်လိန်ဝေကို ဖျတ်ခနဲ လှမ်းကြည့်သည်။ သူမ၏ မျက်စိအမြင်တွင်တော့ အသက် (၂၀) ဝန်းကျင်သာ မန်သိုင်းလုလင်တစ်ယောက်သာပင်။ တစ်နှစ်တာအတွင်း အသေအကျေ ကြိုးစားလေ့ကျင့်နေဦးတော့ အလွန်ဆုံး ပထမတန်းအဆင့်သာ ဖြစ်နိုင်သည်။

အရေးထားစရာ မရှိဟု ယူဆသည်။

"ကျုပ် ကတိပေးတယ်၊ ဒီသူငယ်လေး ချင်လိန်ဝေကို ဒီနေ့ကစပြီး တစ်နှစ်တိတိ အချိန်ကာလအတွင်း အန္တရာယ်မပြုဘူး၊ မနှောင့်ယှက်ဘူး"

သိုင်းထိပ်ခေါင်တင်ဒေဝီက အလေးအနက်ကတိစကား ဆိုလိုက်သည်။

"ဒါဆို ကိစ္စအားလုံး ပြီးပြက်ပြီ၊ ကောင်လေး ... ဘဘဆီလာခဲ့"

☆ ☆ ☆



ချင်လိန်ဝေမှာ မိမိမျက်စိရှေ့မှောက်မှာပင် ဖြစ်ပျက်သွားသည်တို့ မယုံနိုင်အောင် ဖြစ်လျက် ငေးကြောင်၍နေသည်။

နှင်းတောင်ယောဂီတို့က ဘာကြောင့်အရှုံးပေးလိုက်ကြရသနည်း။ သည်အရှုံးအတွက် ဘာကြောင့် သူတို့၏အသက်များကို ပေးဆပ်ကာ မိမိအတွက် တစ်နှစ်တာဘေးအန္တရာယ် ကင်းရှင်းမှုကို လဲလှယ်ရယူလိုက်ရပါသလဲ။

ဘယ်လိုမှမတွေးတတ်အောင် ရှိနေသည်။

ပထမနှင်းတောင်ယောဂီအဘိုးအိုက လှမ်းခေါ်လိုက်သည်တွင် ချင်လိန်ဝေလည်း အလိုလို အနားသို့ ချဉ်းကပ်သွားသည်။

"ဘဘ ဘာကြောင့် ဒီလိုလုပ်လိုက်တာလဲ ... ဘာကြောင့်လဲ"

အနားသို့ ရောက်သောအခါ ချင်လိန်ဝေက မေးသည်။ မေးရင်း ဝမ်းနည်းလာသောကြောင့် မျက်ရည်တွေ ယိုစီးထွက်ကျသည်။

"ငါတို့ ဘာကြောင့် ဒီလိုဆုံးဖြတ်လုပ်ကိုင်ရတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပြည့်မြောက်ပြီးတဲ့အခါကျရင် မင်းနားလည်သဘောပေါက်
လာပါလိမ့်မယ်”

“မဟုတ်သေးပါဘူး၊ ကျွန်တော်က ဘဘတို့နဲ့ အခုမှ တွေ့ရ
တာ၊ ဘဘတို့အတွက် ဘာမှလည်း အထွေအထူး လုပ်ဆောင်ပေးခဲ့
တာ မဟုတ်သေးဘူး၊ ဘဘတို့ ဒီလိုမလုပ်ထိုက်ပါဘူး”

“မင်းက အသက်ငယ်ရွယ်ပြီး အတွေ့အကြုံနုသေးလို့ ဒီ
စကားပြောတာပါ၊ မင်းဟာ သိုင်းလှူချွန်သူရဲကောင်း အာဇာနည်တစ်
ယောက် ဖြစ်လာရမယ်ဆိုတာ ဘဘတို့ သေချာပေါက်သိတယ်၊
အဲဒီလို ဖြစ်မြောက်လာနိုင်တဲ့ အခွင့်အရေးကို ဘဘတို့ ဖန်တီးပေးခဲ့
တာပဲ၊ သိုင်းလှူချွန်သူရဲကောင်းအာဇာနည်တစ်ယောက် ဖြစ်လာတဲ့
အခါကျရင်သာ အမှန်တရားဘက်က ရပ်တည်ပြီး မကောင်းမှုတွေကို
ချေမှုန်းပါ၊ သိုင်းလောက
တားဆီးပါ၊ လမ်းလွဲသိုင်းသမားဆိုးတွေကို ချေမှုန်းပါ၊ ဒါဆို ဘဘတို့ညီနောင်
ရဲ့ အန္တရာယ်မိစ္ဆာတွေကို ရှင်းလင်းပစ်ပါ၊
လေးယောက် အသက်စွန့်ရကျိုး နပ်ပါပြီ”

ပထမနှင်းတောင် ယောဂီအဘိုးအို၏ စကားများကို သိုင်း
ထိပ်ခေါင်တင်ဒေဝီလည်း ကြားသည်။ ဘာမျှတော့ မပြော၊ သရော်
ဟန်ဖြင့်သာ နှုတ်ခမ်းတစ်ချက်မဲ့သည်။



နှင်းတောင်ယောဂီလေးယောက်တို့သည် ချင်လိန်ဝေ တောင်ထိပ်သို့ စတင်ရောက်ရှိခဲ့စဉ်က တွေ့မြင်ခဲ့ရသည့် အနေအထား အခြေအနေအတိုင်း လခြမ်းသဏ္ဍာန် နေရာယူ၍ ထိုင်ချလိုက်ကြသည်။ ချင်လိန်ဝေလည်း ဦးစီးခေါင်းဆောင်အစ်ကိုကြီးဖြစ်သူ ပထမနှင်းတောင်ယောဂီအဘိုးအို၏ ရှေ့တည့်တည့်တွင် ဒူးထောက်ကာ ထိုင်လျက် ရိုသေသမှုပြုသည့်အနေဖြင့် အသာ ဦးညွှတ်ထားသည်။

ဤအဘိုးအိုလေးယောက်တို့သည် မိမိအတွက် သူတို့၏ အသက်များကို ရက်ရက်ရောရောပေးလှူကာ ဖုံဖုံစားစား လုပ်ဆောင်ခဲ့ကြကြောင်းကိုတော့ ချင်လိန်ဝေ ကောင်းကောင်းသိသည်။ နှင်းတောင်ယောဂီလေးယောက်တို့က သည်လိုစွန့်လွှတ်မှုမျိုး ဘာကြောင့်လုပ်ရသည်ဆိုခြင်းကိုတော့ ချင်လိန်ဝေ မသိပါ။ ဘယ်လိုပဲဖြစ်စေ သည်စွန့်စား အနစ်နာခံခဲ့ကြသည့် ကျေးဇူးတရားကိုတော့ ချင်လိန်ဝေ အူလှိုက်သည်းလှိုက်ပင် အလေးအနက် အသိအမှတ်ပြုသည်။

နှင်းတောင်ယောဂီလေးယောက်တို့အတွက် သက်စွန့်ကြိုးပမ်း အစွမ်းကုန် လုပ်ကိုင်ဆောင်ရွက်ပေးရန်လည်း အခိုင်အမာ

www.burmeseclassic.com

www.burmeseclassic.com



သန္တိဌာန်ချ စိတ်ပိုင်းဖြတ်သည်။

"ကောင်လေး ... ငါတို့ ခန့်မှန်းတာ မမှားဘူးဆိုရင် မင်းဟာ အဆင့်မြင့် အစွမ်းထက်သိုင်းပညာတွေ သင်လက်စကနေ အကြောင်းတစ်ခုခုကြောင့် ဆက်မသင်နိုင်တော့ဘဲ လေလွင့်လာခဲ့ပြီး ဆရာ ကောင်း လိုက်ရှာနေတာ ဖြစ်ရမယ်၊ ငါတို့ခန့်မှန်းတာ မှန်သလား"

ပထမနှင်းတောင်ယောဂီအဘိုးအိုက မေးသည်။

"မှန်ပါတယ်"

ချင်လိန်ဝေကလည်း ဘာမျှဖုံးကွယ်မထားဘဲ အမှန်အတိုင်း ပင် ပြောလိုက်သည်။

"ဒီလို အဆင့်မြင့် အစွမ်းထက်သိုင်းပညာတွေ သင်နေလျက် တန်းလန်းကနေ လေလွင့်ထွက်လာရတာလည်း ချစ်မှုရေးရာပြဿ နာအရှုပ်အထွေးကြောင့် ဖြစ်ဖို့များတယ်"

"ဘာဘပြောတာ မမှားပါဘူး"

ဆက်လက်မေးလာလျှင် မိမိချစ်ကံခေခဲ့ရပုံအကြောင်းများ ကို လုံးစေ့ပတ်စေ့ ဖွင့်ပြောချလိုက်ရန် ချင်လိန်ဝေ အသင့်ရှိနေသည်။ သို့သော် ပထမနှင်းတောင်ယောဂီအဘိုးအိုက ဆက်လက် မေးမြန်း ခြင်း မပြုပေ။



"ငါတို့က မင်းကို အဆင့်မြင့် အစွမ်းထက် သိုင်းပညာတွေ သင်ကြား အမွေပေးခဲ့ချင်ပေမယ့် ကုသိုလ်ကံက အဲဒီလောက်အထိ မထောက်ပံ့နိုင်တော့ဘူး၊ ဒါကြောင့် ငါတို့ညီနောင်လေးယောက် စွန့်စားရှာဖွေ ရရှိထားတဲ့ နှင်းတောင်သိုင်းကျမ်းကိုပဲ မင်းလက် အပ် ခဲ့မယ်၊ အဲဒီသိုင်းကျမ်းစာအုပ်ကို ဖတ်ရှုပြီး မင်းဘာသာပဲ လေ့ကျင့် သင်ယူပေတော့"

ပထမနှင်းတောင်ယောဂီအဘိုးအိုသည် အင်္ကျီရင်ဘတ်ထဲ မှ ဆီစိမ်ဖယောင်းစက္ကူဖြင့် ရစ်ပတ်ထုတ်ထားသော သိုင်းကျမ်း စာအုပ်တစ်အုပ်ကို ထုတ်ယူကာ ချင်လိန်ဝေကို လက်ကမ်းပေးအပ် သည်။

"ဘာဘဆရာကြီးဟို့ရဲ့ ကျေးဇူးတရားကို ကျွန်တော် တစ် သက် မမေ့ပါဘူး၊ ဘာဘဆရာကြီးတို့အတွက် ကျွန်တော် ချင်လိန်ဝေ ဆောင်ရွက်ပေးရမယ့်ကိစ္စရှိရင်လည်း ပြောဆိုမှာကြားထားခဲ့ပါ"

ချင်လိန်ဝေက သိုင်းကျမ်းစာအုပ်ကို လက်နှစ်ဖက်ဖြင့် ရို သေစွာ လက်ခံရယူပြီး ပြောလိုက်သည်။

ပထမနှင်းတောင်ယောဂီအဘိုးအိုက ကျေနပ်အားရစွာ ပြုံး လျက် ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ဘာစကားမျှတော့ မ

www.burmeseclassic.com

www.burmeseclassic.com



ပြော။ ဒုတိယနှင်းတောင်ယောဂီကသာ စကားဆိုသည်။

“ငါတို့အတွက် ဘာမှ သီးသန့်လုပ်ဆောင်ပေးစရာ မလိုပါဘူး၊ နှင်းတောင်သိုင်းကို ပြီးမြောက်အောင်မြင်အောင် အပတ်တကုတ် ကြိုးစားလေ့ကျင့်မယ်ဆိုရင် ရပါပြီ”

“လမ်းမှန်သိုင်းသမားကောင်းတစ်ယောက်အဖြစ် ဖြောင့်ဖြောင့်မတ်မတ် တည်တည်ကြည်ကြည် ရပ်တည်လုပ်ဆောင်သွားပါ”

စတုတ္ထနှင်းတောင်ယောဂီက ဖြည့်စွက်ကာ ပြောကြားသည်။

“ဟုတ်ကဲ့ ... ကျွန်တော် စွဲစွဲမြဲမြဲ မှတ်သားထားပါမယ်”

ချင်လိန်ဝေက လှိုက်လှိုက်လှဲလှဲ ကတိပေးသည်။

“မင်းရဲ့ လက်ရှိအတွင်းအားအခြေအနေ၊ သိုင်းပညာအဆင့်နဲ့ဆိုရင် နှင်းတောင်သိုင်းကျမ်းထဲက အဆင့်မြင့်အစွမ်းထက် သိုင်းပညာတွေကို သင်ယူလေ့ကျင့်နိုင်စွမ်း မရှိသေးဘူး၊ ဒါပေမဲ့ ငါတို့ရဲ့ အကဲဖြတ်ချက် မမှားဘူးဆိုရင် မင်းဟာ နှင်းတောင်သိုင်းပညာကို ပြီးမြောက်အောင်မြင် လေ့ကျင့်တတ်မြောက်နိုင်မယ့် သိုင်းလူချွန်တစ်ယောက်ပဲ၊ ဒါကြောင့် နှင်းတောင်သိုင်းကျမ်းကို သေသေချာချာ



သိမ်းဆည်းစောင့်ရှောက်ထားပါ”

“ကောင်းပါပြီ ဘာဘ”

ချင်လိန်ဝေသည် ဆီစိမ်စက္ကူဖြင့် ပတ်ထုတ်ထားသော နှင်းတောင်သိုင်းကျမ်းကို မိမိ၏ အတွင်းအင်္ကျီရင်ဘတ်အိတ်ထဲသို့ သေချာစွာ ထည့်သွင်းသိမ်းထားလိုက်သည်။ သိုင်းထိပ်ခေါင်တင်ဒေဝီက မဲ့ပြုံးတစ်ချက် ပြုံးသည်။ ဘာမျှတော့ မပြော။

မဟူရာကတော့ ပကတိတည်ငြိမ်သည့်အသွင်ဖြင့် ရှိနေသည်။ ကျောက်စိမ်းလေးကမူ ချင်လိန်ဝေကို စိတ်ဝင်စားသည့် အကြည့်မျိုးဖြင့် ကွက်ကြည့် ကွက်ကြည့် လုပ်နေသည်။

“နှင်းတောင်သိုင်းကျမ်းမှာ နှင်းငွေ့လှိုင်းသိုင်းကွက်, နှင်းလေပွေသိုင်းကွက်နဲ့ နှင်းမုန်တိုင်းသိုင်းကွက်ဆိုတဲ့ သိုင်းကွက်အစုသုံးခုပါဝင်တယ်၊ ငါတို့ညီနောင်လေးယောက်ဟာ နှင်းလေပွေသိုင်းကွက် အစုထိပဲ လေ့ကျင့်အောင်မြင်ခဲ့တယ်၊ နှင်းငွေ့လှိုင်းသိုင်းကွက်တွေနဲ့ နှင်းလေပွေသိုင်းကွက်တွေနဲ့ တိုက်ပွဲဝင်ခဲ့တာကို မင်းလည်း မြင်တွေ့ခဲ့မှာပေါ့၊ သိုင်းကွက်ထိပ်ခေါင်တင်ဒေဝီလို အဓိပတိသိုင်းပညာရှင်ကြီးတစ်ယောက်နဲ့တောင် သူတင်ကိုယ်တင် သိုင်းကွက်ပေါင်းများစွာ ရင်ဆိုင်တိုက်ခိုက်နိုင်ခဲ့တယ်၊ နှင်းမုန်တိုင်းသိုင်းကွက်

www.burmeseclassic.com

www.burmeseclassic.com



အစုကတော့ နှင်းငွေ့လှိုင်းသိုင်းကွက်အနေနဲ့ နှင်းလေပွေသိုင်းကွက်အစုထက် အဆပေါင်းများစွာ အဆင့်မြင့်အစွမ်းထက်တယ်၊ နှမြောစရာကောင်းတာက ငါတို့ညီနောင်လေးယောက်တို့အနေနဲ့ နှင်းမုန်တိုင်းသိုင်းကွက်အစုကို အောင်မြင်ပြီးမြောက်အောင် မလေ့ကျင့်နိုင်သေးဘူး၊ တကယ်လို့ လေ့ကျင့်အောင်မြင်ခဲ့ရင် ဒီနေ့ ရှုံးနိမ့်မှုမျိုး ရင်ဆိုင်ရမှာ မဟုတ်ဘူး၊ ဒါကို မင်း စွဲစွဲမြဲမြဲ မှတ်သားပါ"

ဒုတိယနှင်းတောင်ယောဂီက ဝင်ပြောသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီသည် ချင်လိန်ဝေကို ဖျတ်ခနဲ တစ်ချက် စူးစိုက်ကြည့်သည်။ ထိုအကြည့်တွင် မုန်းတီးမှုဒေါသမာနတွေ အပြည့်ပါနေသည်။

☆ ☆ ☆



"ခင်ဗျား ပေးထားတဲ့ကတိကို မမေ့ပါနဲ့"

သိုင်းထိပ်ခေါင်တင်ဒေဝီ၏ အကြည့်ဆိုးကို အကဲခတ်မိသော စတုတ္ထနှင်းတောင်ယောဂီက ပြောလိုက်သည်။

"သူက ထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ယောက်ပဲ၊ ပေးထားတဲ့ကတိကို ဖောက်ဖျက်စရာအကြောင်း မရှိဘူး၊ ဒီလိုစကားမျိုး မပြောပါနဲ့ ညီထွေး"

ပထမနှင်းတောင်ယောဂီ အဘိုးအိုက ဝင်ပြောသည်။

စတုတ္ထနှင်းတောင်ယောဂီကို အပြစ်တင်ကြိမ်းမောင်းမှုသဘောနဲ့ ဖြစ်သော်လည်း တကယ်စင်စစ် သိုင်းထိပ်ခေါင်တင်ဒေဝီကို သတိပေးလိုက်ခြင်း ဖြစ်သည်။

"ကျုပ်က ဘယ်လိုလူစားမို့ ပေးထားတဲ့ကတိကို ဖျက်ရမှာလဲ၊ ရှင်တို့သာ ပြောထားတဲ့စကား တည်ပါစေ၊ ဒီကောင်လေး ချင်လိန်ဝေကို တစ်နှစ်တိတိ လုံးဝ အန္တရာယ်မပေးဘူး"

"နှောင့်လည်း မနှောင့်ယှက်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှင်းတောင်ယောဂီက ဖြည့်စွက်ပေးသည်။

"ဟုတ်တယ် ... အဲဒီအတိုင်းပဲ"

သိုင်းထိပ်ခေါင်တင်ဒေဝီက စိတ်မရှည်ဟန်ဖြင့် ခပ်ဆောင့်ဆောင့် တောင့်တောင့်ပြောသည်။

"ဒီနှင်းတောင်ပေါ်က ဆင်းသွားပြီးရင် မြောက်ပိုင်းနယ်ခြားဒေသ အာအော်ထိုက်စမ်းတောင်တန်းကြီးက မိုးမျှော်တောင်ထွဋ်ကို အရောက်သွားပါ၊ အဲဒီတောင်ထွဋ်ပေါ်မှာ ဝတ်ရုံစိမ်း ဝတ်ရုံနီ လူထူးဆန်းနှစ်ယောက်ရှိတယ်၊ သူတို့ကို နှင်းတောင်သိုင်းကျမ်း ပြလိုက်ပါ၊ မင်းအတွက် အများကြီး အကျိုးရှိလိမ့်မယ်"

ပထမနှင်းတောင်ယောဂီအဘိုးအိုက ပြောသည်။ စကားအဆုံးတွင် သိုင်းထိပ်ခေါင်တင်ဒေဝီကို တစ်ချက်ကြည့်သည်။

"ရှင် ဘာမှမစိုးရိမ်ပါနဲ့၊ တစ်နှစ်တာကာလအတွင်း ဒီကောင်လေး ဘာလုပ်လုပ် ... ကျုပ် မနှောင့်ယှက်ဘူး"

သိုင်းထိပ်ခေါင်တင်ဒေဝီက ပြောသည်။

ချင်လိန်ဝေရင်ထဲတွင် အထူးပင် လှိုက်လှိုက်လှဲလှဲ ကြေကွဲလာသည်။ နှင်းတောင်ယောဂီလေးယောက်တို့သည် မိမိအတွက် အထူးကျေးဇူးပြုသူများဟု ချင်းချက်မရှိ နားလည်လက်ခံသည်။ ထိုဂုဏ်ကျေးဇူးကို အသိအမှတ်ပြုဖော်ထုတ်သည့်အနေဖြင့် နှင်းတောင်ယောဂီ တစ်ဦးချင်းစီကို သုံးကြိမ်သုံးခါ ဦးချကန်တော့သည်။



"မင်းရဲ့မာနကိုတော့ အတတ်နိုင်ဆုံး ချိုးနှိမ်ကိန်းချုပ်ပါ၊ အဲဒီမာနဟာ မင်းအတွက် အကြီးမားဆုံး အနှောင့်အယှက်ပဲ၊ မာနထောင်လွှားသူဟာ သိုင်းအကျော်အမော် မဖြစ်နိုင်ဘူး၊ မင်းအပေါ်ထားတဲ့ ငါတို့ညီနောင်လေးယောက်ရဲ့ မျှော်လင့်ချက်ကိုတော့ မပျက်ပြားစေပါနဲ့"

တတိယနှင်းတောင်ယောဂီက သတိပေးစကား ပြောကြားသည်။

"ဟုတ်ကဲ့ ... ကျွန်တော် မှတ်သားပြီးလိုက်နာပါ့မယ်"

ချင်လိန်ဝေက အလေးအနက် ကတိပြုသည်။ ဝမ်းနည်းလွန်းသောကြောင့် ငိုသံတွေ ပါနေသည်။ နှင်းတောင်ယောဂီ လေးယောက်တို့ကို တစ်ဦးလျှင် သုံးကြိမ် ထပ်မံ၍ ကန်တော့နေသည်။

"သာဓု သာဓု သာဓု ... ရှေ့ဆက်လျှောက်လှမ်းရမယ့် မင်းရဲ့ဘဝလမ်းခရီး ချောမောအဆင်ပြေပြီး နှင်းတောင်သိုင်းကျမ်းမှာပါတဲ့ သိုင်းကွက်အစုသုံးခုလုံးကို ပြီးမြောက်အောင်မြင် လေ့ကျင့်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထနှင်းတောင်ယောဂီက ဆုပေးသည်။ ချင်လိန်ဝေက စိတ်ထဲမှ ပေးသည့်ဆု ပြည့်စေကြောင်း ထောပနာပြုနေစဉ်မှာပင် ပထမနှင်းတောင်ယောဂီအဘိုးအိုက အချက်ပေးသလို ချောင်းဟန့်သံ တစ်ချက်ပြုသည်။

ချင်လိန်ဝေ့ရင်ထဲ ထင့်ခနဲ ဖြစ်သည်။ တစ်စုံတစ်ခု ပြောဆိုမည်ပြုသေးသည်။ သို့သော် နောက်ကျသွားပါပြီ။

ချောင်းဟန့်သံနှင့် တစ်ဆက်တည်းဆိုသလိုပင် နှင်းတောင်ယောဂီလေးယောက်တို့သည် ညာလက်များကို ဆန့်တန်းမြှောက်ကာ မိမိတို့၏ ငယ်ထိပ်တို့ကို ရိုက်ချလိုက်ကြသည်။

ဤသို့ဖြင့် နှင်းတောင်ယောဂီလေးယောက်လုံး ဇီဝိန်ချုပ်အသက်ပျောက်သွားကြလေတော့သည်။

ချင်လိန်ဝေ အလွန်ပင် စိတ်ထိခိုက်ကြေကွဲသည်၊ ဝမ်းနည်းကာ ယူကျုံးမရ ဖြစ်သည်။ ဘယ်လိုမျှ မထိန်းချုပ်နိုင်ဘဲ မျက်ရည်များ ပေါက်ပေါက်ကျကာ ရှိုက်ကြီးတငင် ငိုကြွေးမိလေသည်။

“ဒီနေ့အဖြစ်ကို ကျွန်တော် မမေ့ဘူး၊ ဒီနေ့ကိစ္စအတွက် တစ်နေ့နေ့မှာ စာရင်းရှင်းမယ်”

ဝမ်းနည်းပန်းနည်း ငိုကြွေးနေရာမှ ချင်လိန်ဝေက သိုင်းထိပ်



ခေါင်တင်ဒေဝီကို လှမ်းပြောသည်။

အသက်ဝိညာဉ်ကင်းမဲ့သွားသော နှင်းတောင်ယောဂီ လေးယောက်တို့၏ ရုပ်အလောင်းများကို ငေးမောကြည့်နေရာမှ သိုင်းထိပ်ခေါင်တင်ဒေဝီသည် ချင်လိန်ဝေထံ ဖျတ်ခနဲ လှမ်းကြည့်သည်။

မျက်ရည်တွေပြည့်နေသော မျက်လုံးများဖြင့် စိန်းစိန်းကြည့်နေသော ချင်လိန်ဝေ၏ အကြည့်နှင့် ဆုံမိသည်။ ချင်လိန်ဝေ၏ မျက်လုံးများတွင် မုန်းတီးမှုတွေပြည့်လျှံကာ အရောင်လက်လက် တောက်နေသည်။

အကြည့်စူးစူးရဲရဲများက သိုင်းထိပ်ခေါင်တင်ဒေဝီကို ထိတ်ခနဲ တုန်လှုပ်သွားစေသည်။ သိုင်းထိပ်ခေါင်တင်ဒေဝီသည် သိုင်းပညာစွမ်း မြင့်မားထက်မြက်သည်နှင့်အမျှ သိုင်းလောကတွင် မင်းမူတွင်ကျယ်နေပေရာ သည်လိုစိုးရွံ့မှုမျိုး တစ်ကြိမ်မျှ မဖြစ်ဖူးခဲ့ပါ။

သူမ၏တစ်သက်တာတွင် ပထမဆုံး ဖြစ်ပေါ်ရသော စိုးရိမ်ပူပန်မှုပင်တည်း။

“မဟူရာနဲ့ ကျောက်စိမ်းလေး ... သွားကြမယ်”

မဟူရာသည် အေးစက်မာကျောသော အကြည့်ဖြင့် ချင်လိန်ဝေကို တစ်ချက်ကြည့်လိုက်သည်။ ကျောက်စိမ်းလေးကလည်း

www.burmeseclassic.com

www.burmeseclassic.com



ချင်လိန်ဝေကို လှမ်းကြည့်သည်။ ကျောက်စိမ်းလေး၏အကြည့်သည် မဟူရာလိုတော့ အေးစက်မာကျောခြင်း မရှိပါ။ ရင်းနှီးမှုအရိပ်အသွင်များ မသိမသာ ပါဝင်နေသည်။

ထို့နောက် မိန်းမပျိုနှစ်ယောက် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းထွက်သွားကြသည်။ သူတို့နောက်မှ သိုင်းထိပ်ခေါင်တင်ဒေဝီ လိုက်ပါသွားသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီသည် ချင်လိန်ဝေကို လှမ်းကြည့်မသွားတော့ပါ။

ချင်လိန်ဝေမှာတော့ ပထမနှင်းတောင်အဘိုးအို၏ ရှေ့မှောက်တွင် မူလအနေအထားအတိုင်း ဒူးတုတ်လျက် မလှုပ်မယှက် ကျောက်ရုပ်တစ်ရုပ်လို ရှိနေသည်။ သူ့ခေါင်းထဲတွင်တော့ အတွေးပေါင်းစုံတို့က ချာချာလည်၍နေသည်။

သည်နေ့ တစ်နေ့တာအတွင်း ဖြစ်ပျက်ခဲ့မှုများသည် သူ့အတွက် တစ်သက်တာလောက်ကို များပြားလွန်းနေသည်။ ပြီးတော့ အရမ်းလည်း ရှုပ်ထွေးနေပြန်သေးသည်။ မိမိကို ဘာကြောင့် သိုင်းထိပ်ခေါင်တင်ဒေဝီက ကျောက်စိမ်းအမိန့်ပြားဖြင့် ဆင့်ခေါ်ရသည်ကို မသိ။ စတုတ္ထနှင်းတောင်ယောဂီက မိမိကို နှင်းတောင်ထိပ်သို့



အရောက်လာရန် စီစဉ်လမ်းညွှန်ပေးခဲ့ခြင်း၏ ရည်ရွယ်ချက်ကို မစဉ်းစားတတ်။

ထို့ပြင် နှင်းတောင်ယောဂီတို့က မိမိကို သိုင်းထိပ်ခေါင်တင်ဒေဝီက တစ်နှစ်တာအန္တရာယ်မပြု၊ အနှောင့်အယှက်မပေးစေရေးအတွက် သူတို့အသက်များဖြင့် လုပ်ဆောင်ပေးခဲ့မှုကလည်း ချင်လိန်ဝေအတွက် ကြီးမားလှသော ပဟေဠိကြီး ဖြစ်နေသည်။

အတွေးရခက်စရာတွေက များလွန်းလှပေရာ ချင်လိန်ဝေသည် ဦးနှောက်ခြောက်ခံကာ အဖြေထုတ်ရန် မကြိုးစားတော့။

နှင်းတောင်ယောဂီများ မှာကြားသွားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရန်သာ စိတ်ပိုင်းဖြတ်လိုက်သည်။

အားအော်ထိုက်စမ်း တောင်တန်း၏ မိုးမျှော်တောင်ထွဋ်သို့ အရောက်သွားမည်။ ဝတ်ရုံစိမ်း၊ ဝတ်ရုံနီ လူထူးဆန်းနှစ်ယောက်ကို တွေ့အောင်ရှာမည်။

ပြီးတော့ ...

နှင်းတောင်ယောဂီလေးယောက်တို့ သိုင်းမျိုးဆက်အမွေအဖြစ် ပေးအပ်လိုက်သော နှင်းတောင်သိုင်းကျမ်းကိုလည်း ပြည့်စုံအောင်မြင်အောင် ကြိုးစားလေ့ကျင့်သင်ယူရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စများကို ဆောင်ရွက်ပြီးမြောက်ပြီးသည့်နောက်တွင် မည်သို့သော ဖြစ်ရပ်များ ပေါ်ပေါက်ကြုံတွေ့ရမည်ကိုတော့ ချင်လိန်ဝေ ဘယ်လိုမှ မခန့်မှန်းတတ်တော့ပေ။

☆ ☆ ☆ ☆ ☆



## အခန်း ( ၅ )

၁

'အသေဆိုးချောက်နက်' ပေါ်သို့ ကောင်းမိုးချို ပြန်တက်လာနိုင်ခဲ့သည်။

မိမိကို ချောက်ကမ်းပါးနက်ထဲ ကျသွားသည်အထိ နှောင့်ယှက် အန္တရာယ်ပြုခဲ့ကြသော တိမ်လှုပ်တောင်တစ်ပွဲစားလုတာရှင်းနှင့် သူ၏လက်စွဲတပည့်ကျော် ကျောက်ယွင်၊ စုမာကျန်းတို့၏ ရိုင်းပျသော စော်ကားရန်စမှုတို့ကို ကောင်းမိုးချို မမေ့ပါ။

အစွဲအမှတ်ကြီးပြီး စိတ်ဆတ်သော ကောင်းမိုးချိုသည် မိမိအပေါ် ကျူးလွန်ရန်ပြုမှုများကို မေ့ပျောက်ပစ်လေ့ မရှိ။ ထိုက်ထိုက်တန်တန်နှင့် တင်းတင်းမာမာ တုံ့ပြန်တတ်သည့်အကျင့်စရိုက် ရှိသည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



'အသေဆိုးချောက်နက်' ပေါ်သို့ ပြန်ရောက်အောင် တက်လာနိုင်ပြီးသည်နှင့် ကောင်းမိုးချိုသည် တစ်ပွဲစား လုတာရှင်းနှင့် သူ၏လက်စွဲတပည့်ကျော် နှစ်ယောက်ကို လိုက်လံရှာဖွေလေတော့သည်။

အထွေအထူး ကြိုးပမ်းရှာဖွေခြင်းတော့ မပြုရပါ။ တစ်ပွဲစား လုတာရှင်းမှာ တိမ်လွှပ်တောင် အနီးဝန်းကျင်တွင် နာမည်ထင်ရှား လူသိများနေသူတစ်ယောက် ဖြစ်လေရာ လုတာရှင်းတို့၏ တောရိုင်းမြိုင်အခြေစိုက်စခန်းရှိရာကို အလွယ်တကူ စုံစမ်းသိရှိသည်။

ကောင်းမိုးချိုသည် လုတာရှင်းတို့နှင့် မျက်နှာချင်းဆိုင်ကာ ပြဿနာရှင်းရန်အတွက် တောရိုင်းမြိုင်အခြေစိုက်စခန်းသို့ သွားရောက်လေတော့သည်။

တောရိုင်းမြိုင်အခြေစိုက်စခန်းသည် တိမ်လွှပ်တောင်ခြေတောအုပ်လေးထဲတွင် တည်ရှိသည်။ ကောင်းမိုးချို တောရိုင်းမြိုင်အခြေစိုက်စခန်းသို့ ရောက်ရှိသွားချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို တစ်ပွဲစားလုတာရှင်း၏ (၄၅) နှစ်မြောက် မွေးနေ့အချိန်အခါ ဖြစ်နေသည်။

လုတာရှင်းသည် သူ၏ သိုင်းမိတ်ဆွေများကို ဖိတ်ကြား



ကာ မွေးနေ့မင်္ဂလာ အထိမ်းအမှတ် ညစာစားသောက်ပွဲ ခင်းကျင်းဧည့်ခံနေရာ တောရိုင်းမြိုင်အခြေစိုက်စခန်းမှာ မီးရောင်တထိန်ထိန် လူသူစည်ကားလျက် ရှိနေသည်။

ကောင်းမိုးချိုသည် အကြောက်အရွံ့မရှိ တောရိုင်းမြိုင် အခြေစိုက်စခန်းထဲသို့ လျှောက်လှမ်းဝင်သွားရာ လုတာရှင်း၏ မွေးနေ့မင်္ဂလာအထိမ်းအမှတ် ညစာစားသောက်ပွဲ ကျင်းပပြုလုပ်နေရာ ယာယီတဲနန်းဆောင်ထဲသို့ တန်းတန်းမတ်မတ် ရောက်ရှိသွားလေတော့သည်။

ကောင်းမိုးချို ရောက်သွားသည်နှင့် ယာယီတဲနန်းဆောင်ထဲရှိ သိုင်းဧည့်သည်အပေါင်း၏ ရယ်မောသံများ၊ စကားသံများ ရုတ်ခြည်း တိတ်ဆိတ်ရပ်တန့်သည်။ ကောင်းမိုးချိုကလည်း ညစာစားသောက်ပွဲရှိ သိုင်းဧည့်သည် ပရိသတ်များကို စူးစမ်းအကဲခတ်ကြည့်လိုက်သည်။

ပရိသတ်အတော်များပြားနေသည့်အတွက် အံ့သြမိသော်လည်း ကြောက်ရွံ့နောက်တွန့်ခြင်းတော့ မရှိပါ။

အချိန်မှာ နေဝင်သွားပြီးနောက် အမှောင်ကြီးစိုးစ ညဦးပိုင်းဖြစ်သည်။ ယာယီတဲနန်းဆောင်ထဲတွင် မီးအိမ်မီးခွက်များ နေရာအနှံ့

www.burmeseclassic.com

www.burmeseclassic.com



ထွန်းညှိထားရာ အလင်းရောင်တွေ ထိန်ထိန်ညီးနေလျက် ကောင်းစွာ မြင်သာ ထင်သာသည်။

ပင်မစားပွဲကြီး၏ အဓိကနေရာတွင် တစ်ပွဲစား လုတာရှင်းက မိန့်မိန့်ကြီး ထိုင်နေသည်။ လုတာရှင်း၏နောက်ဘက် အနီရောင် ကတ္တီပါလိုက်ကာကြီးပေါ်တွင် မွေးနေ့မင်္ဂလာ ညစာစားသောက်ပွဲ ဟူသော ရွှေချည်ငွေချည်များဖြင့် ရေးထိုးထားသော စာတန်းက ဝံ့ကြွားစွာ ရှိနေသည်။

တဲနန်းဆောင်ခန်းမထဲရှိ မွေးနေ့မင်္ဂလာ ညစာစားသောက်ပွဲသို့ ရောက်ရှိနေကြသော သိုင်းဧည့်သည် ပရိသတ်အပေါင်းသည် ပြောလက်စ စကားများကို ရပ်တန့်ကာ မဖိတ်ခေါ်ဘဲ ရုတ်တရက် ရောက်ရှိလာသူ ကောင်းမိုးချိုကို စူးစိုက်ကြည့်ရှုနေကြသည်။

ကောင်းမိုးချို မည်သူမည်ဝါ ဖြစ်ကြောင်း သူတို့မသိကြပါ။ ဘာကိစ္စကြောင့် ရောက်ရှိလာကြောင်းကိုလည်း မစဉ်းစားတတ်ကြ

"ကျွန်မ ကောင်းမိုးချို၊ တိမ်လျှပ်တောင်တစ်ပွဲစား လုတာရှင်းနဲ့ စာရင်းရှင်းမလို့ အကြောင်းကိစ္စရှိလို့ ရောက်လာတာပါ၊ ဒီမှာရှိနေတဲ့ သိုင်းအကျော်အမော်များကို အနှောင့်အယှက် ပေးသလိုမျိုး ဖြစ်သွားရင် တောင်းပန်ပါတယ်"



ကောင်းမိုးချိုက လက်သီးဆုပ်တွင် လက်ဝါးအုပ်ကပ်ကာ ယဉ်ကျေးသော ဂါရဝပြုမှု ပြုလုပ်ပြီး ပြောလိုက်သည်။

လုတာရှင်းသည် ကောင်းမိုးချိုကို ရုတ်တရက် မမှတ်မိ။ မိမိနှင့် စာရင်းရှင်းရန်လာသည်ဟု ဆိုလာတော့ စိတ်ထဲ ဇဝေဇဝါ ဖြစ်သည်။ ထို့နောက် တိမ်လျှပ်တောင်ပေါ်တွင် မိမိတို့နှင့် ဆုံတွေ့ခဲ့ရသော မိန်းမပျိုဖြစ်ကြောင်း မှတ်မိလာသည်။ အသေဆိုးချောက်နက်ထဲသို့ ပြုတ်ကျသွားခဲ့သော ဤအမျိုးသမီး အသက်လည်း မသေ၊ ဘာမျှ ထိခိုက်ဒဏ်ရာရခြင်းလည်း မရှိဘဲ အချိန်တိုတိုအတွင်း မိမိ ရှေ့မှောက်သို့ ပြန်ရောက်လာရသည့်အဖြစ်ကိုတော့ အစဉ်းစားရခက်နေသည်။

အမှန်အတိုင်းဆိုသော် လုတာရှင်းသည် ကောင်းမိုးချိုကို အရေးမထားလောက်သည့် သာမန်အမျိုးသမီးတစ်ယောက်ဟုသာ သဘောထားသည်။ ဘာမျှ အရေးမလုပ်လောက်သော သာမန်မိန်းမတစ်ယောက်က သိုင်းပရိသတ်များအလယ်တွင် မိမိကို စိန်ခေါ်လာသည့်အတွက် အတော်ပင် ခံပြင်းလျက် ဒေါသထောင်းခနဲ ဖြစ်သည်။

ဤသို့သော စိတ်ခံစားမှုများကြောင့် တစ်ပွဲစား လုတာရှင်း

www.burmeseclassic.com

www.burmeseclassic.com



ဇဝေ၏ မျက်နှာအမူအရာမှာ တိုတောင်းလှသော အချိန်အတွင်း ဇဝေါ ဖြစ်ဟန်၊ အံ့သြဟန်၊ ဒေါမာန်ပြင်းဟန်တို့ ပြောင်းလဲသွားသည်။

"တယ်ရိုင်းပါလား၊ ငါ့ကိုတောင် လာစိန်ခေါ်ရဲသေးတယ်၊ မင်းကိုယ်မင်း ဘာမှတ်နေလဲ"

လုတာရှင်းက လေသံမာမာဖြင့် ဒေါမာန်ပြင်းပြင်း မေးလိုက်သည်။

ကောင်းမိုးချိုက ဘာမျှ ပြန်မပြော။ သိုင်းကွက်နင်းကာ တိုက်ပွဲဝင်ရန် အသင့်ပြင်လိုက်သည်။ သူမ၏ အေးစက်မာကျောသော မျက်လုံးအကြည့်ကတော့ လုတာရှင်းကို စူးစိုက်၍နေသည်။

'တောက်'

လုတာရှင်းက တောက်တစ်ချက် ခေါက်ကာ ထိုင်ရာမှ ထမည်ပြုသည်။

☆ ☆ ☆



"အစ်ကိုကြီးကိုယ်တိုင် ထွက်စရာမလိုပါဘူး၊ ဒီမိန်းကလေးကို ကျွန်တော်ပဲ ဆုံးမလိုက်ပါ့မယ်"

စကားသံတစ်ခု ပေါ်လာသည်။ လုတာရှင်းနှင့် တစ်စားပွဲတည်း ထိုင်နေသူတစ်ယောက် ငေါက်ခနဲ ထကာ ကောင်းမိုးချိုထံသို့ လျှောက်လှမ်းလာသည်။ ထိုသူမှာ အသက် (၃၀) ကျော်အရွယ်ရှိပြီး အပြာရောင်ပိုးသားဝတ်စုံ ဝတ်ထားသည်။ လက်စွပ်၊ ဆွဲကြိုးစသော ရတနာပစ္စည်းများလည်း အတော်များများ ဆင်မြန်းထားသည်။

"ရှင်က ဘယ်သူလဲ"

ကောင်းမိုးချိုက အပြာရောင်ပိုးသားဝတ်စုံဝတ်လူနှင့် မျက်နှာချင်းဆိုင်လိုက်မိချိန်တွင် မေးလိုက်သည်။

"မိုးပြာသိုက်နန်းရှင် လိန်တုကျိဆိုတာ ငါပဲ"

"လုတာရှင်းနဲ့ ဘယ်လိုပတ်သက်လဲ"

"သူက ငါ့အစ်ကိုကြီး၊ စီးပွားဖက်သိုင်းမိတ်ဆွေ ဆိုပါတော့ကွဲ ... လက်ဝါးကြည့် ... စပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မိုးပြာသိုက်နန်းရှင် လိန်တုကျိုက ကောင်းမိုးချို့ထံ ညာလက်ဝါးတစ်ချက် ရိုက်ထုတ်သည်။ လက်ဝါးရိုက်ချက်သည် ကောင်းမိုးချို၏ နှလုံးသားတည်ရှိရာ လက်ဝဲဘက် ရင်ဘတ်ဆီဦးတည်ဝင်လာသည်။

ကောင်းမိုးချိုက ခန္ဓာကိုယ်ကို ယိမ်းနွဲ့ကာ ရှောင်တိမ်းသည်။ မိုးပြာသိုက်နန်းရှင်၏ လက်ဝါးရိုက်ချက်မှာ သီသီလေး ကပ်ကာ လွဲသွားသည်။ ထိလုထိခင်အခြေအနေတွင် ပွတ်ကာသီကာလွဲသွားရသည့်အတွက် လိန်တုကျို အတော်ကြီးပင် မခံချိမခံသာ ဖြစ်ရသည်။

ဘယ်လက်ဝါးကို စက်ဝိုင်းသဏ္ဍာန် ဝေ့ဝိုက်လှုပ်ရှားကာ ကောင်းမိုးချို၏ နောက်ကျောဆီသို့ အပိုင်ရိုက်ချသည်။ ပိရိသေသပ်သော လက်ဝါးရိုက်ချက်ဖြစ်သည်။ တော်ရုံတန်ရုံ အဆင့်မြင့် သိုင်းပညာရှင်ပင် ရှောင်တိမ်းချေဖျက်ရန် ခက်လှသည်။

ကောင်းမိုးချိုမှာမူ အသေဆိုးချောက်နက်ထဲတွင် တွေ့ဆုံခဲ့ရသည့် လူထူးဆန်း ဆံပင်နီအဘွားအိုထံမှ အဆင့်မြင့် အစွမ်းထက်လှသော လျှပ်စီးခေးမြန်သိုင်းကို သင်ကြားတတ်မြောက်ထားရာ မိုးပြာသိုက်နန်းရှင် လိန်တုကျို၏ ထိုလက်ဝါးရိုက်ချက်မှာ အရေးလုပ်



ဖွယ်ရာ မရှိပါ။

မိုးပြာသိုက်နန်းရှင် လိန်တုကျို၏ ဒုတိယလက်ဝါးရိုက်ချက်ကို လွယ်လင့်တကူပင် ရှောင်တိမ်းလိုက်နိုင်သည်။

ဤတွင် မွေးနေ့ပွဲလာ သိုင်းပရိသတ်အပေါင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ မိုးပြာသိုက်နန်းရှင် လိန်တုကျိုမှာ သာမန်သိုင်းပညာရှင်တစ်ယောက် မဟုတ်ပေ။ တစ်ပွဲစား လုတာရှင်းနှင့် စီးပွားဖက်သိုင်းမိတ်ဆွေ ဖြစ်သော်လည်း သိုင်းပညာ စွမ်းရည်ကတော့ တန်းတူရည်တူ မဟုတ်ပါ။

လုတာရှင်းထက် များစွာသာလွန်သော နာမည်ရ သိုင်းအကျော်အမော်တစ်ယောက် ဖြစ်သည်။ သိုင်းပညာစွမ်း မြင့်မားထက်မြက်သည်။ ပြိုင်ဘက်ကင်းဟု မဆိုနိုင်သော်လည်း လိန်တုကျိုကို ယှဉ်နိုင်သည့်သိုင်းသမား သိပ်မများလှပါ။

မိုးပြာသိုက်နန်းရှင် လိန်တုကျို၏ လက်ဝါးရိုက်ချက် နှစ်ချက်ကို ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ရင်းဒိုင်ရှောင်တိမ်းလိုက်သော ကောင်းမိုးချို၏သိုင်းပညာစွမ်းရည်မှာ ပေါ့သေးသေးမဟုတ်ကြောင်း သိုင်းဧည့်သည်အပေါင်း သဘောပေါက် နားလည်ကြသည်။

မိမိ၏ လက်ဝါးသိုင်းကွက်နှစ်ကွက်ကို အသာရှောင်တိမ်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့်အတွက် လိန်တုကျိ အတော်ပင် ရှက်မိသည်။ ဒေါသလည်း အကြီးအကျယ် ထွက်သည်။ အတွင်းအားများ စုစည်းကာ သူသေကိုယ်သေ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း တိုက်ခိုက်ရန် ပြင်လေတော့သည်။

"ခဏနေပါဦးလေ"

ကောင်းမိုးချို၏ ဟန့်တားသံကြောင့် မိုးပြာသိုက်နန်းရှင် လိန်တုကျိ တိုက်ကွက်နင်းပြီးသည့်တိုင် တိုက်ကွက်ဖော်ထုတ်ခြင်း မပြုသေးဘဲ အသာငုံ့ရပ်သည်။

"ဘာလဲ ... ဘာပြောစရာ ရှိသေးလို့လဲ"

လိန်တုကျိက မေးသည်။

"ကျွန်မ ဒီနေ့ရောက်လာတာဟာ တစ်ပွဲစား လုတာရှင်းရယ်၊ သူ့လက်စွဲ တပည့်နှစ်ယောက်တို့နဲ့ စာရင်းရှင်းဖို့ပဲ၊ မဆိုင်တဲ့သူတွေနဲ့ တိုက်ခိုက်အချိန်ဖြုန်း မနေချင်ဘူး"

ပြောပြောဆိုဆို ကောင်းမိုးချိုသည် လုတာရှင်းရှိရာသို့ လွှားခနဲ ခုန်ဝင်သည်။ လုတာရှင်း၏ လည်ကုပ်ကို သွက်လက်စွာ ချုပ်ကိုင်ဖမ်းချုပ်သည်။

လျှပ်စီးစားမြန်သိုင်းနှင့် ထိမိသွက်လက်စွာ လှုပ်ရှားလိုက်



ရာ လုတာရှင်းမှာ ကောင်းမိုးချို၏ ချုပ်အဖမ်းတွင် ကွိခနဲ မိသွားရလေသည်။

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

လုတာရှင်းက အလန့်တကြား အော်ဟစ်သည်။

"လွှတ်လိုက်စမ်း"

"နောက်ဆုတ်"

"အတင့်ရဲလှချည်လား"

"သေချင်ပြီထင်တယ်"

သိုင်းညှေ့သည်များသည် တစ်ယောက်တစ်ပေါက်ဆိုသလို အော်ဟစ်ကြိမ်းဝါးပြောဆိုရင်း လုတာရှင်းကို မိမိရရ ဖမ်းချုပ်ထားသော ကောင်းမိုးချိုထံ ဝန်းရံတိုးဝင်လာကြသည်။

သည်လိုအခြေအနေတွင် လုတာရှင်းကို အမိအရ ချုပ်ဖမ်းမိထားသော ကောင်းမိုးချိုကသာ တင်းတင်းမာမာ ပြုမူပြောဆိုလျှင် သိုင်းညှေ့သည်အပေါင်းမှာ နောက်ဆုတ်သွားကြဖို့သာ ရှိသည်။

သို့ရာတွင် အသက်ငယ်ရွယ် နုပျိုပြီး သိုင်းလောက အတွေ့အကြုံလည်း နည်းပါးသေးသော ကောင်းမိုးချိုသည် မိမိ အသာစီးရထားမှု အခြေအနေကို နားမလည်၊ ကောင်းကောင်း အသုံးမချ

www.burmeseclassic.com

www.burmeseclassic.com



တတ်။

သိုင်းဧည့်သည်အပေါင်း၏ ဟန်ပါတ်ထုတ်ကာ ဝန်းရံအရေးဆိုလာမှုကြောင့် စိုးရိမ်ထိတ်လန့်သည်၊ စိတ်လှုပ်ရှားသည်။ ထို့ကြောင့် တစ်ပွဲစား လုတာရှင်းကို ချုပ်ဖမ်းထားသည့် လက်အား သိသာစွာ လျော့သွားသည်။

ကောင်းမိုးချို့နှင့်စာလျှင် တိုက်ပွဲအတွေ့အကြုံ ပိုမိုသာလွန်သော လုတာရှင်းသည် ပေါ်ပေါက်လာသော အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ချက်ချင်းပင် သွက်သွက်မြန်မြန် အသုံးချသည်။

ကောင်းမိုးချို၏ ဆုပ်ကိုင်ချုပ်ဖမ်းထားမှုမှ အရရုန်းကန်ထွက်သွားလေသည်။

☆ ☆ ☆



ကောင်းမိုးချို၏ ချုပ်ဖမ်းထားမှုမှ လုတာရှင်း လွတ်ထွက်သွားသည်။

"ကောင်မလေး ... ဒီမှာရှိနေကြတဲ့ ဧည့်ပရိသတ်သိုင်းသမားတွေကို မင်းက မျက်စိထဲမှာ မထားတော့ဘူးလား။ သူတို့ကို မင်း လုံးဝအရေးမစိုက်ဘဲ ရမ်းကားရဲတယ်ပေါ့"

လုတာရှင်းက အသံကျယ်ကျယ်နှင့် အားလုံးကြားနိုင်အောင် အော်ဟစ်ကာ ဆိုသည်။ တကယ်တော့ လုတာရှင်း၏ စကားများသည် မွေးနေ့မင်္ဂလာအခမ်းအနားသို့ ရောက်ရှိနေကြသော သိုင်းဧည့်သည်များနှင့် ကောင်းမိုးချိုကို ရန်တိုက်ပေးလိုက်ခြင်း ဖြစ်သည်။

ကောင်းမိုးချို၏သွင်ပြင်ဟန်ပန်နှင့် အပြောအဆို၊ အပြုအမူများကလည်း အတော်ပင် ကြွပ်ဆတ်ဆတ် ရှိနေရာ လုတာရှင်း၏ရန်တိုက်ခြင်းမှာ ထိရောက်အောင်မြင်သွားလေတော့သည်။

ကောင်းမိုးချိုကို ဘာကိုမျှ အရေးမထားဘဲ ပေါ့ပေါ့

www.burmeseclassic.com

www.burmeseclassic.com



ရမ်းရမ်း ပြုမူနေသော မိန်းမကြမ်း၊ မိန်းမရိုင်းလေးတစ်ယောက်ဟု သိုင်းဒေ့သည်များက ထင်မှတ်သွားကြလေသည်။

မိမိတို့ကို လုံးဝအလေးမထား။ မိမိတို့၏ မျက်စိရှေ့မှောက်တွင်ပင် ဟော့ဟော့ရမ်းရမ်းနှင့် မထီမဲ့မြင်ပြုနေသော နောက်ပေါက်လူငယ်လေးတစ်ယောက်ကို ကောင်းကောင်းဆုံးမ ကွပ်မျက်မှ ဖြစ်တော့မည်ဟု စိတ်ကူးကြကာ ကောင်းမိုးချိုကို ဝိုင်းတိုက်ခိုက်ကြလေတော့သည်။

ကောင်းမိုးချို၏ ပင်ကိုဗီဇ စရိုက်သည် သွေးဆူလွယ်သည်၊ စိတ်ဆတ်သည်၊ သည်းမခံတတ်၊ ထစ်ခနဲဆို လက်ကပါသွားပြီးလေပြီ။ ကြက်ခေါင်းဆိတ်မခံ ဆိုသလို သူမကို ရန်ပြုတိုက်ခိုက်လာလျှင် ချက်ချင်းတုံ့ပြန်တတ်သည်။

ယခု လုတာရှင်း၏ (၄၅) နှစ်မြောက် မွေးနေ့မင်္ဂလာ အခမ်းအနားတွင်ရှိနေသည့် သိုင်းဒေ့သည်များက ဝိုင်းဝန်းတိုက်ခိုက်ရန် ချဉ်းကပ်လာကြသည်တွင် ကောင်းမိုးချိုမှာ သွေးဆူကာ ဒေါသထောင်းခနဲထသည်။ ရှေ့နောက် ဆင်ခြင်ချင့်ချိန်မှုတွေပင် ပြုမနေတော့။

ရန်ပြုလာလျှင် တုံ့ပြန်ရမည်ဟူသော ဗီဇစရိုက်အတိုင်း မိမိ



တစ်ယောက်တည်းနှင့် သိုင်းဒေ့သည်များ ထိပ်တိုက်ရင်ဆိုင်ရသော အခြေအနေတွင် တင်းတင်းမာမာ ကြမ်းကြမ်းရမ်းရမ်းပင် တုံ့ပြန်လေတော့သည်။

ဤတွင် ဆံပင်နီအဘွားအို သင်ပြပေးလိုက်သော ‘လျှပ်စီးဓားမြန်သိုင်း’ကို အလိုအလျောက် ထုတ်သုံးမိသည်။ ထို့ပြင် ဆံပင်နီအဘွားအိုထံမှ လက်ခံရရှိခဲ့သော လျှပ်စီးမိုးကြိုးဓားကိုလည်း ကိုင်စွဲတိုက်ပွဲဝင်မိသည်။

အံ့မခန်းသော သိုင်းစွမ်းရည်များ တစ်ခဲနက် ပေါ်ထွက်လာသည်။ ပြင်းထန်ကြမ်းတမ်းလှသော ဓားရိပ်ဓားရောင်နှင့် သိုင်းစွမ်းရည်အားအပြည့်တို့ကြောင့် ဝန်းရံတိုက်ခိုက်နေကြသော သိုင်းဒေ့သည်များပင် အတော်ဖြိုကုန်ကြသည်။ အချို့က ကိုယ်ရှိန်သတ်ကာ ရပ်တန့်လိုက်ကြသည်။ အတော်များများကတော့ နောက်သို့ ကမန်းကတန်း ဆုတ်လိုက်ကြသည်။

မိမိထုတ်သုံးလိုက်သော လျှပ်စီးဓားမြန်သိုင်း၏ သိုင်းစွမ်းရည်နှင့် ဟန်ပါတ်တို့ကို ကောင်းမိုးချို ကောင်းကောင်းမသိ။ မိမိ၏ ရင်ဆိုင်တုံ့ပြန်မှုကြောင့် တစ်ဖက်လူတွေ ရှုံခနဲဖြစ်ကုန်ကြသည်တွင် ကောင်းမိုးချိုမှာ အတော်ပင် အံ့ဩသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝန်းတိုက်ခိုက်ရန် ရှေ့တက်လာသူများ ရုတ်တရက် ရပ်သွားကရပ်၊ နောက်ဆုတ်သူက ဆုတ်နှင့် ကသောင်းကနင်း ဖြစ်သွားကြချိန်တွင် ကောင်းမိုးချိုကသာ လျှပ်စီးစားမြန်သိုင်း၏ စွမ်းအားကို မြှင့်တင်ပြီး အတင်းဖိတိုက်ခိုက်လျှင် လုတာရှင်း၏မွေးနေ့ပွဲလာ ဧည့်သည်များ ကောင်းကောင်း အထိနာသွားမှာ သေချာသည်။ ဖရိုဖရဲပင် ဖြစ်ကုန်နိုင်သည်။

ကောင်းမိုးချိုသည် သွေးဆူ၍ စိတ်ဆတ်ကာ ဟောဟောဒိုင်းဒိုင်းလုပ်တတ်သော စိဇအတိုင်း ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း တိုက်ခိုက်လိုက်သော်လည်း သိုင်းလောကအတွေ့အကြုံ အတော်ပင်နည်းပါးလေရာ တစ်ဖက်လူတွေ ရှဲသွားကြချိန်တွင် တရကြမ်း ဖိနှိပ်တိုက်ခိုက်ခြင်း မပြုမိ။ တုံ့ဆိုင်းနေသည်။

ထိုအချိန်မှာပင် ...

☆ ☆ ☆



ကောင်းမိုးချို တုံ့ဆိုင်းသွားချိန်တွင် အေးစက်စက် စကားသံတစ်ခု ပေါ်လာသည်။

“မိန်းကလေး ... တယ်ပြီးအတင့်ရဲပြီး ရမ်းကားလှချည်လား”

ထိုစကားသံ ပေါ်လာသောအခါ ရှဲထွက်သွားကြသော သိုင်းဧည့်သည်များသည် လှုပ်ရှားမှုများ မလုပ်ကြတော့ဘဲ ငြိမ်၍ ရပ်ကုန်ကြသည်။ ကောင်းမိုးချိုက အသံပေါ်လာရာသို့ လှမ်းကြည့်လိုက်ရာ လူနှစ်ယောက် ဘေးချင်းယှဉ်၍ ရပ်နေကြသည်ကို တွေ့ရသည်။

တစ်ယောက်က ကောင်းမိုးချို စာရင်းရှင်းတိုက်ခိုက်ချင်နေသော ‘တိမ်လှုပ်တောင်တစ်ပွဲစား လုတာရှင်း’၊ ကျန်တစ်ယောက်ကတော့ ကောင်းမိုးချို တစ်ခါမျှ မမြင်ဖူးသေးသော သတ်လတ်ပိုင်းအရွယ် ယောကျ်ားကြီးတစ်ယောက်။ ထိုယောကျ်ားကြီးသည် အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း ဖြစ်ကာ သင်တိုင်းလိုလို [illegible]

www.burmeseclassic.com

www.burmeseclassic.com



နက် ခပ်ဖားဖားကြီး ဝတ်ထားသည်။

"ရှင်က ဘယ်သူလဲ၊ အခုကိစ္စက ရှင်နဲ့ ဘယ်လိုပတ်သက်လို့ ဝင်စွက်ဖက်ရတာလဲ"

ကောင်းမိုးချိုကလည်း ကြောက်ရွံ့နောက်တွန့်မှု အလျဉ်းမရှိဘဲ ခပ်မာမာပင် ပြန်မေးလိုက်သည်။

"အင်း ... ကျုပ်က နတ်ဆိုးနက်ကျန်းဝေ့ဖုန်း ... မင်း ကြားဖူးတယ် ထင်တယ်"

ဝတ်စုံနက်ဝတ်ယောကျ်ားကြီးက ဟန်ဟိတ်အပြည့်ဖြင့် ပြောသည်။

သည်နာမည်ကို ကောင်းမိုးချို ကြားဖူးသည်။ ကြမ်းကြုတ်ရက်စက်ပြီး လက်နက်ပုန်း ပစ်လွှတ်မှုတွင် ထူးချွန်ထက်မြက်ကြောင်းလည်း သတင်းစကား သိမှတ်ထားသည်။

နတ်ဆိုးနက် ကျန်းဝေ့ဖုန်း ပစ်လွှတ်သော လက်နက်ပုန်းတစ်ခုတိုင်းသည် သေကွင်းသေကွက်နေရာများကိုသာ ဦးတည်ကာ ခုခံရှောင်တိမ်းရ ခက်ခဲပြီး မရှောင်တိမ်းနိုင်ပါက ပွဲချင်းပြီး အသက်ပျောက်သွားရကြောင်းလည်း ကြားဖူးမှတ်သားဖူးထားသည်။

ယခု သည်လူကြီးနှင့်မှ လာ၍ ရင်ဆိုင်တိုးနေရသည်။



"မဆိုင်တဲ့ကိစ္စမှာ ဝင်မရှုပ်ချင်စမ်းပါနဲ့"

နတ်ဆိုးနက် ကျန်းဝေ့ဖုန်း၏ ဟန်ဟိတ်မသေးလှကြောင်း သိထားသော်လည်း သူမ၏ ဗီဇစရိုက်အတိုင်း ကောင်းမိုးချိုက ခပ်ထန်ထန် ပြောသည်။

ကျန်းဝေ့ဖုန်းက ဘာမျှ ပြန်မပြော။ ညာလက်ကို ဆန့်ထုတ်၍ ညာလက်ညှိုး တစ်ချက်တောက်ထုတ်လိုက်ရာ ဝှစ်ခနဲ မတိုးမကျယ်လေသံနှင့်အတူ မဟူရာကျောက်နက်လက်စွပ်တစ်ကွင်း ကောင်းမိုးချိုထံသို့ အဟုန်ပြင်းပြင်း လွင့်ပျံသွားသည်။

နတ်ဆိုးနက် ကျန်းဝေ့ဖုန်း၏ လက်နက်ပုန်းပစ်လွှတ်မှု အစွမ်းအစအကြောင်း တစ်စွန်းတစ်စ ကြားသိထားလေသော ကောင်းမိုးချိုသည် မပေါ့ဆဘဲ ညာလက်တွင် တင်းတင်းဆုပ်ကိုင်ထားသော လျှပ်စီးမိုးကြိုးဓားကို လျှပ်စီးဓားမြန်သိုင်းဟန်ဖြင့် သွက်လက်အားပြင်းစွာ ဝိုက်၍ဖြတ်ဝိုက်သည်။

'တန်း .. ဒင်'

အသံတစ်ချက် မြည်ဟိန်းကာ မဟူရာကျောက်နက်လက်စွပ်သည် လာရာလမ်းအတိုင်း နောက်ပြန်ကာ ကျန်းဝေ့ဖုန်းထံ လည်၍ပြန်ထွက်သည်။ ကျန်းဝေ့ဖုန်းက ညာလက်ကို ဝှေ့ယမ်း၍ဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားကာ သူ့ထံပြန်လာသော မဟူရာကျောက်နက်လက်စွပ်ကို ဆီးရုပ်ဆုပ်ဖမ်းလိုက်သည်။

မဟူရာကျောက်နက် လက်စွပ်ကို ရိုက်ထုတ်ပစ်ပြီးသည်နှင့် ကောင်းမိုးချိုသည် ကျန်းဝေ့ဖုန်းရှိရာသို့ လွှားခနဲ ခုန်ဝင်သည်။ ကျန်းဝေ့ဖုန်းကလည်း နောက်ပြန်လှည့်လာသော မဟူရာကျောက်နက် လက်စွပ်ကို မိမိရရဖမ်းယူရင်း ကောင်းမိုးချိုထံသို့ ဓားပျံတစ်လက် ဝိုးခနဲ ပစ်လွှတ်သည်။

လေထဲတွင် ခုန်လွှားလျက် ရှိနေသော ကောင်းမိုးချိုသည် သူမထံသို့ တည့်တည့်တန်းတန်းဝင်လာသော ဓားပျံကို လျှပ်စီး မိုးကြိုးဓားဖြင့် ထိထိမိမိ ရိုက်ထုတ်ပစ်လိုက်သည်။ ဓားပျံလမ်းကြောင်းတိမ်းစောင်းကာ လွဲချော်လွင့်စဉ်သွားလျက် ကောင်းမိုးချိုလည်း နတ်ဆိုးနက် ကျန်းဝေ့ဖုန်းအနားသို့ ရောက်သွားသည်။

မိမိက မဟူရာကျောက်နက်လက်စွပ်၊ ဓားပျံတို့နှင့် နှစ်ကြိမ်နှစ်ခါတိုင်တိုင် ပစ်လွှတ်တိုက်ခိုက်ခဲ့သော်လည်း ကောင်းမိုးချိုက မိမိရရ ခုခံကာကွယ်နိုင်သည့်အတွက် ကျန်းဝေ့ဖုန်းသည် တစ်ဖက် မိန်းကလေး၏ သိုင်းပညာစွမ်းရည်မြင့်မားမှုကို စိတ်ထဲမှာ ကျိတ်ကာ ချီးမွမ်းမိလေသည်။



ကောင်းမိုးချို၏ သိုင်းပညာစွမ်းကို အသိအမှတ်ပြုသည့်အနေဖြင့် ကျန်းဝေ့ဖုန်းသည် လက်နက်ပုန်းများဖြင့် ဆက်လက်ပစ်လွှတ်ခြင်း မပြုတော့ဘဲ နောက်သို့ ခြေနှစ်လှမ်းဆုတ်သည်။ တားဆီးရန်ကာ သဘောမျိုးအနေဖြင့် ဓားရှည်ကို ဆွဲထုတ်ကာ ရင်ဘတ်ရှေ့တွင် ကန့်လန့်ဖြတ်ကာထားသည်။

"မိတ်ဆွေရောင်းရင်းတို့ ... ဘာလုပ်နေကြတာလဲ၊ ဒီလောက် မောက်ကြွားရမ်းကားနေတဲ့ ကောင်မလေးကို ဝိုင်းဆုံးမကြပါတော့လား"

နတ်ဆိုးနက် ကျန်းဝေ့ဖုန်းက ကောင်းမိုးချိုကို ဆက်လက်တိုက်ခိုက်ခြင်းမပြုလိုတော့ကြောင်းကို ရိပ်စားမိလိုက်သော လုတာရှင်းက ကျန်သိုင်းသမားများကို 'ဆွ' ပေးကာ သွေးထိုးလှုံ့ဆော်လိုက်သည်။

စောဇစာက ကောင်းမိုးချို၏ မာန်ပြင်းကြောက်မက်ဖွယ်ရာကောင်းသော ဓားချက်များကြောင့် ဖြုံသွားခဲ့ကြရသော သိုင်းသည်သည်များသည် မိမိတို့ မျက်နှာပျက်သလို ဖြစ်ခဲ့ရမှုကို ပြန်အဖတ်ဆည်နိုင်ရန်အတွက် တစ်ပြိုင်နက်တည်း ရှေ့တိုးကာ ကောင်းမိုးချိုကို ဝန်းရံတိုက်ခိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းညွှန့်သည်အများကို မိမိတစ်ယောက်တည်း ရင်ဆိုင်ရသော ကောင်းမိုးချိုမှာ အကြီးအကျယ် အန္တရာယ် ကြုံတွေ့နေရသည်။ အနိုင်မခံ အရှုံးမပေးလိုဘဲ သေသေကျေကျေ တိုက်ခိုက်တတ်သည့် ဗီဇစရိုက်လည်းရှိသည့် ကောင်းမိုးချိုသည် လျှပ်စီးဓားမြန်သိုင်းကို ထုတ်ကာသုံးကာ ကြမ်းကြမ်းရမ်းရမ်းပင် တိုက်ခိုက်လေတော့သည်။

ကောင်းမိုးချိုလက်ထဲရှိ လျှပ်စီးမိုးကြိုးဓားသည် ချားရဟတ်ပမာ တရစပ် ဝှေ့ဝိုက်လှုပ်ရှားသည်။ ထိုးခုတ်ပိုင်းဖြတ်သည်။ ဓားချက် စက်ကွင်းထဲရှိနေသည့် သိုင်းသမားတို့ ဓားချက်အထိခံရကာ အတုံးအရုံး လဲကျကုန်သည်။

ဓားရိပ်ဓားရောင်များ ဖွေးဖွေးလက်သလို သွေးနီရောင်များ ခြင်းခြင်းနီရဲသည်။ ကောင်းမိုးချိုမှာ လျှပ်စီးဓားမြန်သိုင်း အစွမ်းထက်မြက်ကြောင်း သိထားသော်လည်း သည်မျှလောက် ကြမ်းတမ်းရက်စက် ပြင်းထန်မည်ဟု မထင်မိပေ။ လျှပ်စီးဓားမြန်သိုင်းကို ထုတ်သုံးလိုက်သည်နှင့် သွေးခြင်းခြင်းနီသွားရာ ကောင်းမိုးချိုမှာ မိမိ၏ ဓားရေးဓားကွက်များကို အကြီးအကျယ် အံ့သြတုန်လှုပ်သွားရသည်။ ဓားကွက်များကို ကမန်းကတန်း ပြန်ရုပ်သိမ်းသည်။ သို့



သော် လျှပ်စီးဓားမြန်သိုင်းကွက်များကို အလွယ်တကူ ပြန်ရုပ်သိမ်း၍ မရပေ။ လက်က ဝှေ့ယမ်းလှုပ်ရှားနေပြီး ဓားချက်များ သွက်သွက်မြန်မြန် ခုတ်ထစ်ပိုင်းချနေသည်။

ကောင်းမိုးချိုနှင့် ဓားတစ်ကမ်းအကွာတွင် ရှိနေကြသော သိုင်းသမားအားလုံးပင် လျှပ်စီးဓားမြန်သိုင်း၏ ဒဏ်ကို ရက်ရက်စက်စက် ခံရသည်။

နတ်ဆိုးနက် ကျန်းဝေ့ဖုန်းမှာ လျှပ်စီးဓားမြန်သိုင်း၏ စက်ကွင်းမလွတ်သည့်အတွက် ဘယ်လက်မောင်း ပြတ်သွားသည်။ တစ်ပွဲစားလုတာရှင်းလည်း ညာလက်မောင်း ပြတ်သည်။ လုတာရှင်း၏ လက်စွဲတပည့်ကျော်နှစ်ယောက်ဖြစ်ကြသော ကျောက်ယွင်နှင့် စုမာကျန်းတို့မှာမူ ခေါင်းပြတ်ကုန်သည်။

"ကောင်မလေး ကောင်းမိုးချို ... မင်း တယ်ရက်စက်ပါလား၊ ကျုပ် ကျန်းဝေ့ဖုန်း မင်းကို ဖြစ်တဲ့နည်းနဲ့ ချေမှုန်းသုတ်သင်မယ်"

နတ်ဆိုးနက် ကျန်းဝေ့ဖုန်းသည် ဤသို့ ကြုံးဝါးပြောဆိုပြီး လှစ်ခနဲ ပြေးထွက်သွားသည်။ လုတာရှင်းမှာလည်း သည်နေရာတွင် ဆက်မနေရဲတော့။ ကမန်းကတန်း ထွက်ပြေးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးဓားမြန်သိုင်း၏ စက်ကွင်းမှလွတ်သော ကျန်သိုင်းသမားများမှာလည်း ဒရောသောပါးပင် ထွက်ပြေးကုန်ကြသည်။

လျှပ်စီးဓားမြန်သိုင်းကို ရုပ်သိမ်းလိုက်ချိန်တွင် ယာယီတဲနန်းဆောင်ထဲ၌ ကောင်းမိုးချိုနှင့်အတူ လူသေအလောင်းများသာ ရှိနေတော့သည်။

ကောင်းမိုးချို၏မျက်နှာမှာ သွေးဆုတ်ကာ ဖြူဖပ်ဖြူရော်ဖြစ်လျက် ပြန့်ကျဲနေသော လူသေအလောင်းများကို မျက်လုံးပြူးကြောင်ကြောင်နှင့် လိုက်ကြည့်နသည်။

လျှပ်စီးဓားမြန်သိုင်းကို ထုတ်သုံးလိုက်သည့်အချိန်တွင် ကောင်းမိုးချိုမှာ သိစိတ် လုံးလုံးလျားလျား ပျောက်ကွယ်သလို ဖြစ်သွားသည်။ သူ၏ ကိုယ်စိတ်နှစ်ပါးလုံး လျှပ်စီးဓားမြန်သိုင်းတွင် စူးနစ်သွားကာ သိုင်းကွက်နှင့်ဓားချက်များ တစ်ခုပြီးတစ်ခု ဆက်တိုက် ထုတ်သုံး ခုတ်သတ်ပစ်မိသည်။ သိုင်းကွက်များကို ပြန်ရုပ်သိမ်းသော်လည်း မရ။ လျှပ်စီးဓားမြန်သိုင်း၏ သိုင်းနေသိုင်းဟန်များ ကုန်ခန်းလုနီးပါး လှုပ်ရှားတိုက်ခိုက်မိပြီးမှ မိမိကိုယ်မိမိ ပြန်ထိန်းချုပ်နိုင်သည်။

သို့သော် ရက်စက်ကြမ်းကြုတ်လှသော ထိုးခုတ်သတ်ဖြတ်မှုများကိုတော့ ကျူးလွန်ပြီးသွားခဲ့လေပြီ။



"လျှပ်စီးဓားမြန်သိုင်းက တယ်ကြောက်စရာ ကောင်းပါလား၊ ကြမ်းတမ်းရက်စက်လိုက်တာကလည်း ကမ်းကုန်ပါပဲလား"

ကောင်းမိုးချို ယူကျုံးမရစွာ ရေရွတ်မြည်တမ်းမိလေသည်။ ကောင်းမိုးချိုသည် စိတ်တိုစိတ်ဆတ်ပြီး ဒေါသကြီးသော ဗီဇရှိသော်လည်း ကမ်းကုန်အောင် ရက်စက်ရမ်းကားမှုကြီးမျိုးကိုတော့ မပြုလို မကျူးလွန်မိသေး။

ယခုတော့ သိစိတ်မဲ့စွာ လက်လွန်ပြုမိသွားခဲ့လေပြီ။

ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ သည်ကျူးလွန်မှုကြီးအတွက် အပြစ်အားလုံး ကောင်းမိုးချို၏ခေါင်းပေါ် ပုံကျနေခဲ့လေပြီ။

ကောင်းမိုးချို အရမ်းဝမ်းနည်းလာသည်။ မျက်ရည်တွေဖြေမဆည်နိုင်တော့။ မိန်းကလေးသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုကြွေးရင်း ထိုနေရာမှ အပြေးအလွှား ထွက်ခွာသွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



တိမ်လျှပ် တောင်ခြေသို့ ကောင်းမိုးချို ရောက်လာသည်။

သူမ၏ စိတ်အစဉ်မှာ ဆောက်တည်ရာမရနိုင်လောက်အောင်ပင် ကစဥ့်ကလျား ဖြစ်နေသည်။ ကောင်းမိုးချိုသည် စိတ်ဆတ် ဒေါသကြီးသော ဗီဇစရိုက်ရှိကာ မထင်လျှင် မထင်သလိုတော့ ဟောဟောရမ်းရမ်း လုပ်တတ်သော်လည်း လျှပ်စီးစားမြန်သိုင်း၏ ရက်စက်ကြမ်းတမ်း လှသော တိုက်ကွက်စွမ်းရည်များကတော့ ကောင်းမိုးချိုအနေဖြင့် နှစ်ခြိုက်လက်ခံဖွယ်ရာ မရှိ။

အထူးကို ရက်စက်လှလေရာ မိမိလက်နှင့် လျှပ်စီးစားမြန်သိုင်းကို သုံးကာ တရကြမ်း ခုတ်ထစ်တိုက်ခိုက်သတ်ဖြတ်ခဲ့မှုများကို ကောင်းမိုးချိုမှာ မယုံနိုင်အောင်ပင် ဖြစ်နေရသည်။ သည်လို ရက်စက် ကြမ်းတမ်းလှသော တိုက်ခိုက်သတ်ဖြတ်မှုများကို မိမိကျူးလွန်ခဲ့သည်ဟု လုံးဝ ဝန်မခံလို။

သို့သော် မိမိလက်ချက်ဖြင့် လုတာရှင်း၏ (၄၅) နှစ်မြောက်မွေးနေ့ပွဲသို့ တက်ရောက်လာကြသော သိုင်းညှိသည်



အတော်များများ ကြမ္မာဆိုးကြုံခဲ့ရမှုကိုတော့ ကောင်းမိုးချို ဘယ်လိုမှ လက်မခံလို့မဖြစ်။ ထိုပြစ်မှုအရိပ်မည်းကြီးက ကောင်းမိုးချို၏ ကိုယ်ပေါ်တွင် အရုပ်ဆိုးစွာ လွှမ်းမိုးနေပေတော့သည်။

လျှပ်စီးစားမြန်သိုင်းကို စိတ်လိုက်မာန်ပါ ထုတ်သုံးလိုက်မိသည့်အတွက် အကြီးအကျယ် နောင်တရနေသည်။ သို့သော် ဖြစ်ပြီးသွားသည့် အမှုကိစ္စများအတွက် ဘာမျှမတတ်နိုင်တော့။

နောက်နောင်တွင် လျှပ်စီးစားမြန်သိုင်းကို ထုတ်မသုံးမိအောင် မိမိကိုယ်မိမိ အထူးထိန်းချုပ်သွားရန်သာ ရှိတော့သည်။

ကောင်းမိုးချိုမှာ စိတ်လည်းနွမ်း၊ ကိုယ်လည်းပန်း ဖြစ်နေသည်။ အေးချမ်း ဆိတ်ငြိမ်သော နေရာလေးတစ်ခုခုတွင် အားရပါးရ နားနေချင်နေသည်။

သူမ၏ အနီးပတ်ဝန်းကျင်တွင် လူရိပ်လူယောင် လုံးဝ မမြင်ရ။ ကြည့်လေရာရာတွင် အမှောင်ထုကသာ ကြီးစိုးနေသည်။ ကောင်းမိုးချိုအတွက် ဘေးကင်းလုံခြုံ အေးချမ်းစွာ နားနေနိုင်သည့်နေရာကောင်း မတွေ့ရ။

မျှော်လင့်ချက်ကင်းမဲ့စွာ လျှောက်လှမ်းသွားနေသော ကောင်းမိုးချိုသည် အဝေးဆီတွင် မီးရောင်လင်းလက်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်ရသည်။ အတော်လည်း အားတက်သွားသည်။

မီးရောင်ရှိသည့်နေရာသည် လူနေအိမ်ခြေ ဖြစ်ရမည်ဟု တွေးသည်။ မီးရောင်လက်လက်ပေါ်ထွက်နေသည့် နေရာဆီသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းသွားသည်။ လူနေအိမ်ခြေရှိလျှင် တစ်ညတာ စိတ်ချလက်ချ နားနေအိပ်စက်ဖို့နေရာ ရလိမ့်မည်ဟုလည်း မျှော်လင့်သည်။

နောက်ဆုံးတော့ မီးရောင်လင်းလက်နေသည့်နေရာသို့ ကောင်းမိုးချို ရောက်သွားသည်။ သို့သော် သူ့အတွေးက အလွဲကြီး လွဲသည်။ မျှော်လင့်ထားသလိုလည်း ဖြစ်မလာခဲ့ပါ။

☆ ☆ ☆



ကောင်းမိုးချို ရောက်သွားသည်မှာ လူနေအိမ်ခြေရှိသည့် နေရာမဟုတ်။ တောအုပ်တစ်အုပ်၏ အစပ်သာ ဖြစ်သည်။ တောစပ်ရှိ သစ်ပင်ကြီးတစ်ပင်၏ အကိုင်းများတွင် မီးအိမ် ငါးလုံး ချိတ်ဆွဲထားသည်။

မီးရောင်ဖြင့် ပိုးဖလံတို့ကို ဆွဲဆောင်သလို ထိုမီးအိမ်တို့၏ အလင်းရောင်က ကောင်းမိုးချိုကို သည်နေရာသို့ ရောက်အောင် ညို့ယူခေါ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ဒါပေမဲ့ မျှော်လင့်ချက်ကတော့ လုံးဝ ပျက်မသွားသေးပါ။ လူနေအိမ်ခြေမရှိသော တောစပ်နေရာ ဖြစ်သော်လည်း မီးအိမ်များ ချိတ်ဆွဲထားသည့်အတွက် ထိုမီးအိမ်များကို ထွန်းညှိသူတစ်ယောက်ကတော့ အနည်းဆုံး ရှိရပေမည်။

ကောင်းမိုးချို သစ်ပင်ပေါ်သို့ မော့ကြည့်ပြီး သေသေချာချာ စူးစမ်းလိုက်ရာ သစ်ကိုင်းခွဆုံတစ်ခုတွင် အဘိုးကြီးတစ်ယောက် ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးသည် အသက် (၆၀) ကျော်ကျော် (၇၀) ဝန်းကျင်အရွယ် ဖြစ်သည်။ ခေါင်းပေါ်ရှိဆံပင်များ ဖြူဖွေးနေလျက် အတော်အတန်ရှည်သော မုတ်ဆိတ်မွေးများကတော့ အဖြူနှင့်အမည်းရောနေသည်။ အဖြူက ပိုများသည်။

ကိုယ်ခန္ဓာက ခပ်ဖိုင့်ဖိုင့်၊ အညိုနက်ရောင် ဝတ်စုံကို ဝတ်ထားသည်။ ဝတ်စုံ၏ပုံစံက ကျေးရွာနေသူများ ဝတ်လေ့ရှိသည့် ပုံစံဖြစ်သည်။ သို့သော် ကောင်းမိုးချိုကတော့ ထိုအဘိုးကြီးမှာ တောသားကြီးတစ်ယောက် မဟုတ်၊ အဆင့်မြင့်သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်မည်ဟု အကဲခတ်မိသည်။

အဘိုးကြီးသည် မျက်စိစုံမှိတ်ကာ ငြိမ်သက်စွာ ထိုင်ပြီး အသက်မှန်မှန် ရှူနေသည်။ မိမိရောက်နေကြောင်း သိရှိစေရန် ချောင်းဟန့်သံပြုလိုက်ရလျှင် ကောင်းမည်လားဟု ကောင်းမိုးချိုက စဉ်းစားလိုက်ချိန်မှာပင် အဘိုးကြီး၏ ပိတ်နေသော မျက်စိအစုံ ဖျတ်ခနဲ ပွင့်လာသည်။

"သြော် ... မင်းရောက်လာပြီကိုး"

အဘိုးကြီးက စကားဆိုလာရာ ရုတ်တရက်မို့ ကောင်းမိုးချိုမှာ လန့်ပင်သွားသည်။



"ကျွန်မ ကောင်းမိုးချို ဂါရဝပြုပါတယ်၊ ဆရာကြီးက ဘယ်သူများပါလိမ့်၊ သိခွင့်ပြုမယ်ဆိုရင် နာမည်ပြောပြပါ"

ကောင်းမိုးချိုသည် ဝါငယ်သူက ဝါကြီးသူကို ပြုရသည့် ဂါရဝပြုပြီး မေးလိုက်သည်။

"မင်းနာမည် ကောင်းမိုးချိုလား"

အဘိုးကြီးက မေးလာသည်။

"ဟုတ်ပါတယ်"

"မင်းဆရာ ဘယ်သူလဲ"

ကောင်းမိုးချိုမှ ချစ်ကံခေခဲ့ရမှုကို အထူးပင် နာကြည်း စိတ်ထိခိုက်နေရာ မိမိသိုင်းပညာသင်ကြားလာခဲ့ရသည့်အကြောင်းကိုပင် မစဉ်းစားချင်တော့။ မေ့ပစ်ချင်နေသည်။ ထို့ကြောင့် လိဟန်ဘုံကျောင်းရှိ ဝါးစိမ်းကိုယ်တော်ထံတွင် သိုင်းပညာသင်ယူခဲ့မှုကို ပါးစပ်မှ ပြောမထွက်၊ နှုတ်ဆိတ်နေသည်။

"ငါ့နာမည် မီးအိမ်ရှင် ကော့ကျင့်ဖူ၊ မင်း ကြားဖူးသလား"

သစ်ပင်ထက်ရှိ အဘိုးကြီးကသာ ဆက်ပြောသည်။ ထိုအမည်ကို ကောင်းမိုးချို မကြားဖူးသေးပါ။

"ကျွန်မက အသက်ငယ်ရွယ်တာကြောင့် သိုင်းလောကအ

www.burmeseclassic.com

www.burmeseclassic.com



တွေ့အကြို ဗဟုသုတနည်းပါးပါတယ်၊ ဆရာကြီးရဲ့နာမည်ကို မကြားဖူးကြောင်း အားနာစွာပဲ ပြောပါရစေ၊ ဆရာကြီးက မီးအိမ်ထွန်းညှိပြီး ကျွန်မကို ဒီနေရာရောက်လာအောင် ဖန်တီးခဲ့တာ ဘာကိစ္စများ ရှိလို့ပါလဲ"

ကောင်းမိုးချိုက သာယာညင်းပျောင်းစွာ မေးလိုက်သည်။

ကောင်းမိုးချို၏ စိတ်ဆတ်ပြီး ဒေါသထွက်လွယ်သော ဗီဇစရိုက်နှင့်ဆိုလျှင် သူမကို လှည့်စားသလို လုပ်ခဲ့မှုအတွက် ခံပြင်းစိတ်ဖြစ်ကာ သည်လိုချေချေငံငံ ပြောကြားမည် မဟုတ်ပါ။

ယခု တိမ်လွှပ်ဟောင်ပေါ်ရှိ တစ်ပွဲစားလုတာရှင်း၏ (၄၅) နှစ်မြောက် မွေးနေ့ပွဲတွင် လျှပ်စီးစားမြန်သိုင်းကို ထုတ်သုံးကာ ကြမ်းတမ်းရက်စက်စွာ တိုက်ခိုက်သတ်ဖြတ်ခဲ့မှုအတွက် အကြီးအကျယ်နောင်တရနေသည်မို့ စကားအပြောအဆို ညင်သာချောင်နေခြင်း ဖြစ်ပေသည်။

"ငါ့နာမည်ကို မင်းတကယ်ပဲ မကြားဖူးတာလား"

"တကယ် မကြားဖူးတာပါ"

"မင်းဆရာကကော ပြောပြမထားဘူးလား"

ကောင်းမိုးချို၏ စိတ်ထဲတွင် မီးအိမ်ရှင်ကောဇကျင့်ဖူ၏



မေးခွန်းမေးပုံသည် ထူးဆန်းသလိုထင်သည်။ ဘာကြောင့် သည်လိုမေးရသည်ကို နားမလည်နိုင်သောကြောင့် ပြန်မဖြေတတ်ဘဲ ကြောင်အမ်းအမ်း ဖြစ်သည်။

မီးအိမ်ရှင် ကောဇကျင့်ဖူပြောသော စကားများကို ကောင်းမိုးချို ကောင်းကောင်း နားမလည်ပါ။ မြုပ်ကွက်တစ်ခုခု ကေန်ပါရှိရမည်ဟုတော့ ခန့်မှန်းမိ၍ စဉ်းစားကြည့်လိုက်ရာ ဉာဏ်ရည်ထက်မြက်သူမို့ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ စဉ်းစားမိသည်။

"ဟို ... ဟို ... ဆရာကြီးပြောတာက ဆံပင်နီအဘွားအိုကိုလား"

"ဟုတ်တယ် ... ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်ပဲ၊ သူက ငါ့အကြောင်း မင်းကို ပြောပြမထားဘူးလား"

အသေဆိုးချောက်နက်ထဲတွင် မမျှော်လင့်ဘဲ ဆုံတွေ့မိကြကာ သူမကို လျှပ်စီးစားမြန်သိုင်း သင်ကြားပေးသွားသော ဆံပင်နီအဘွားအို၏အမည်ကို ကောင်းမိုးချို မသိသေးပါ။ ယခု မီးအိမ်ရှင် ကောဇကျင့်ဖူပြောတော့မှပင် ဆံပင်နီ ယက္ခမယ် ကောင်းပင်းတောင်ဟု သိရတော့သည်။

"ဆရာကြီး ... ကျွန်မကို အထင်မှားနေပြီ၊ ကျွန်မ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုကြီးရဲ့ တပည့်မဟုတ်ပါဘူး”

ကောင်းမိုးချိုက တတ်နိုင်သမျှ ငြင်းဆန်သေးသည်။

မိးအိမ်ရှင် ကော့ကျင့်ဖူသည် ဘာကို သဘောကျသည် မသိ တဟားဟားရယ်မောရင်း သစ်ပင်ခွကြားမှနေ၍ အောက်သို့ ခုန်ဆင်းလာသည်။

☆ ☆ ☆



မိးအိမ်ရှင် ကော့ကျင့်ဖူ အောက်သို့ ခုန်ဆင်းလာသည်။ ကိုယ်ဖော့ပညာ ကောင်းမွန်အဆင့်မြင့်လှသည်။ လှုပ်ရှားမှု အထူးပင် မြန်ဆန်သွက်လက်လွန်းသည်။ အဘိုးကြီး၏ လှုပ်ရှားမှုကို ကောင်းမိုးချို ဘာမျှ သေသေချာချာ မတွေ့မမြင်လိုက်ရပါ။

ရိုးခနဲ ရိပ်ခနဲ လှုပ်ရှားမှု တစ်ခုခု မြင်ရသလိုလို ထင်ရပြီးနောက် ရှေ့မှောက်တွင် မိးအိမ်ရှင်ကော့ကျင့်ဖူ ရုတ်တရက် ကိုယ်ထင်ပြသလို ဘွားခနဲ ပေါ်လာလေသည်။

“မင်းကို ဆံပင်နီယကွမယ် ကောင်းပင်တောင်းက လျှပ်စီးဓားမြန်သိုင်း သင်ပေးလိုက်တာ မဟုတ်လား၊ ဒါနဲ့တောင် မင်းရဲ့ဆရာ မဟုတ်ဘူလို့ ငြင်းနေသေးလား”

“ဒါက ဟို ... ဟို ...”

ကောင်မိုးချိုမှာ ဘယ်လိုပြန်ဖြေရှင်းရမည်မှန်းမသိ။ စကားအထစ်ထစ် အငေါ့ငေါ့ ဖြစ်နေလေသည်။

“တိမ်လှုပ်တောင်တစ်ပွဲစားလုတာရှင်းရဲ့ မွေးနေ့မင်္ဂလာပွဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ မင်းက ဆံပင်နီယက္ခမယ် ကောင်းပင်တောင်း သင်ပေးလိုက်တဲ့ လျှပ်စီးခေးမြန်သိုင်းကိုသုံးပြီး ရမ်းကားရက်စက်ခဲ့တယ် မဟုတ်လား"

"ကျွန်မ ကျွန်မ"

ကောင်းမိုးချို ဘယ်လိုမျှ ပြန်ရှင်းမပြတတ်။

"မင်းရဲ့ ရမ်းကားရက်စက်မှုတွေအတွက် အခု ငါ ဆုံးမ ဒဏ်ခတ်ရတော့မယ်"

စကားဆုံးသည်နှင့် မီးအိမ်ရှင် ကော့ကျင့်ဖူးသည် လက်ခလယ်နှင့် လက်ညှိုးနှစ်ချောင်း ဆန့်ထောင်ကာ ကောင်းမိုးချို၏ နဖူးပေါ်ရှိ သွေးကြောကွက်နေရာကို ဆတ်ခနဲ လှမ်းထိုးသည်။

ကောင်းမိုးချိုရင်ထဲ ထိတ်ခနဲ ဖြစ်သည်။

ကော့ကျင့်ဖူ၏ လက်ချောင်းထိုးနှက်ချက်က ထိမိ အဆင့်မြင့်သည်။ ထိုးစိုက်မိပါက တစ်ခါတည်း ပွဲပြီးသွားနိုင်သည်။ နောက်သို့ ခြေတစ်လှမ်း ကမန်းကတန်း ဆုတ်ကာ လက်ထဲရှိ လျှပ်စီးမိုးကြိုးခေးကို ဝိုက်ကာ ဇွေ့ယမ်းကာကွယ်လိုက်ရသည်။ မထင်မှတ်ဘဲ လျှပ်စီးခေးမြန်သိုင်းကို သုံးမိသည်။

ဤသိုင်းကွက်ကို မသုံးတော့ဟု စိတ်ပိုင်းဖြတ်ထားသော်လည်း မီးအိမ်ရှင်ကော့ကျင့်ဖူ တိုက်ချက်က အဆင့်မြင့်ပြီး ဆန်းပြား



ထက်မြက်လှသောကြောင့် ခုခံကာကွယ် ရှောင်တိမ်းရန် အခြားနည်းလမ်း စဉ်းစားမရတော့သည့်အတွက် အလိုအလျောက်ပင် လျှပ်စီးခေးမြန်သိုင်းကို ထုတ်သုံးလိုက်မိလေသည်။

တစ်ခဏအတွင်းမှာပင် ခေးရိပ်ခေးရောင် အထပ်ထပ်ပေါ်ထွက်သည်။ တားဆီးပိတ်ဆို့သည့် ခေးကွက်များ ပါသလို တန်ပြန်တိုက်ခိုက်သည့် ခေးချက်များလည်း ရှိသည်။

မီးအိမ်ရှင် ကော့ကျင့်ဖူ၏ လက်နှစ်ချောင်း ထိုးနှက်ချက်ပျက်ပြယ်သည်။ တိုက်စစ်ခေးကွက်များ မထိအောင် ကမန်းကတန်း ရှောင်ရင်း ကော့ကျင့်ဖူ နောက်ဆုတ်သွားရသည်။

ကော့ကျင့်ဖူ မျက်မှောင်တစ်ချက် ကုတ်သည်။ ဆံပင်နီယက္ခမယ် ကောင်းပင်တောင်း၏ လျှပ်စီးခေးမြန်သိုင်းအစွမ်းထက်အဆင့်မြင့်မားကြောင်းကို ကော့ကျင့်ဖူ ကောင်းကောင်းသိထားသော်လည်း သတင်းစကားသာ ဖြစ်လျက် လူချင်းမဆုံဖူးသလို လျှပ်စီးခေးမြန်သိုင်းနှင့် လက်တွေ့ရင်ဆိုင်တိုက်ခိုက်ဖူးခြင်းလည်း မရှိသေးပေ။

ယခု ရင်ဆိုင်နေရသူသည် ဆံပင်နီယက္ခမယ် ကောင်းပင်တောင်း ကိုယ်တိုင် မဟုတ်သလို ကောင်းပင်တောင်း၏ လက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



တပည့်မဟုလည်း မဆိုနိုင်သော်လည်း ကောင်းပင်တောင်းထံတွင် လျှပ်စီးဓားမြန်သိုင်းကို လက်ထပ်သင်ကြားခဲ့သူတော့ ဟုတ်နေသည်။

ထို့ကြောင့် မိန်းမပျိုလေး ကောင်းမိုးချို၏ ဓားရေးဓားကွက်တို့မှ နေ၍ လျှပ်စီးဓားမြန်သိုင်း၏ စွမ်းရည်ကိုတော့ အကဲဖြတ်၍ ရသည်။

စတင်ရင်ဆိုင်မိသည့် ပထမအကွက်တွင်ပင် မိမိ၏ မိုးညွန့်မိုးစွယ် သွေးကြောထိုးတိုက်ကွက်များကို တင်းတင်းမာမာ ရင်ဆိုင်ကာ မိမိကိုပင် နောက်ဆုတ်သွားအောင် ပြုနိုင်ခဲ့သည့်အတွက် လျှပ်စီးဓားမြန်သိုင်းသည် သတင်းကြီးသလို အစွမ်းအစ ထက်မြက်မြင့်မားကြောင်း မိုးအိမ်ရှင် ကော့ကျင်းဖူ နားလည်လက်ခံလိုက်ရလေသည်။ နောက်ပေါက် သိုင်းကညာပျိုလေးတစ်ယောက်ဟု ကောင်းမိုးချိုကို အထင်မသေးနိုင်တော့။

ပထမ ရင်ဆိုင်မိချိန်တွင် မိုးညွန့်မိုးစွယ် သွေးကြောထိုးသိုင်းကို စွမ်းရည်ဆယ်ပုံခုနစ်ပုံခန့်သာ သုံးခဲ့ရာမှ စွမ်းရည်အပြည့်မြှင့်တင်ကာ ဒုတိယတိုက်ကွက်ဆင်လိုက်သည်။

အမြန်ဆုံး အသွက်လက်ဆုံးလည်း လှုပ်ရှားသည်။

ကောင်းမိုးချိုကလည်း လျှပ်စီးဓားမြန်သိုင်း၏ အပြောင်းအလဲ ပရိယာယ်များဖြင့် ရင်ဆိုင်ခုခံသည်။



ဒုတိယတိုက်ကွက် ဖော်ထုတ်လိုက်ချိန်တွင် မိုးအိမ်ရှင် ကော့ကျင်းဖူ၏ သမ္မာအတွင်းအားနှင့် သိုင်းပညာအဆင့်များ ကောင်းမိုးချိုထက် သာလွန်မြင့်မားကြောင်း ထင်ရှားပေါ်လွင်လာသည်။

လျှပ်စီးဓားမြန်သိုင်း၏ အပြောင်းအလဲ ပရိယာယ်များ ဆန်းပြားမှုနှင့် ကောင်းမိုးချို ကိုင်စွဲသော လျှပ်စီးမိုးကြိုးဓားမှာလည်း လျှပ်စီးဓားမြန်သိုင်း၏ ဓားရေးဓားကွက်များနှင့် အထူးပင် လိုက်ဖက်ညီ အသုံးတည့်လှသောကြောင့် မိုးညွန့်မိုးစွယ် သွေးကြောထိုး သိုင်း၏ အဆင့်မြင့်တိုက်ခိုက်မှုများကို ကောင်းမိုးချိုက ရင်ဆိုင်ခုခံနေနိုင်ခဲ့သည်။

အကယ်၍ လျှပ်စီးမိုးကြိုးဓားမဟုတ်ဘဲ အခြားဓားကောင်းတစ်လက်ကိုင်စွဲထားမည်ဆိုလျှင် ကောင်းမိုးချိုအနေဖြင့် လျှပ်စီးဓားမြန်သိုင်းကို ထုတ်သုံးခုခံသည့်တိုင် မိုးညွန့်မိုးစွယ် အကြောထိုးသိုင်း၏ အဆင့်မြင့်တိုက်ကွက်များကို ရင်ဆိုင်ကာကွယ်နိုင်စွမ်း ရှိမည်မဟုတ်ပေ။

သည်အခြေအနေကို ကောင်းမိုးချိုကော ကော[illegible]င့်ဖူပါ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး ကောင်းကောင်းသိရှိ သဘောပေါက်ကြသည်။

ကောင်းမိုးချိုသည် လျှပ်စီးဓားမြန်သိုင်း၏ ကြမ်းတမ်း ရက်စက်မှုကို သိပ်သဘောမတွေ့သော်လည်း အစွမ်းထက်ပြီး အဆင့်မြင့်သော သိုင်းပညာတစ်ခုအဖြစ်တော့ အသိအမှတ်ပြု လက်ခံမိလေသည်။

သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သော ကော့ကျင့်ဖူက တိုက်နည်းဗျူဟာများကို ရုတ်ခြည်းပြောင်းလဲသည်။ ကောင်းမိုးချိုအနေဖြင့် လျှပ်စီးမိုးကြိုးဓားကို စိတ်ကြိုက် လွတ်လပ်စွာ လှုပ်ရှားခြင်း မပြုနိုင်ရန် ပိတ်ဆို့ကွက်များ ပြုသည်။ မိမိက သာလွန်မြင့်မားသည့်နေရာတွင် ရှိနေသည့် ကိုယ်ဖော့ပညာကို ထိထိမိမိ အသုံးချသည်။

သွက်လက်မြန်ဆန်စွာ နေရာပြောင်းရွှေ့ တိုက်ခိုက်နေရာ ကောင်းမိုးချိုမှာ ကော့ကျင့်ဖူ ရှိနေသည့်နေရာကို မှန်းဆဖို့ အခက်တွေ့လာသည်။ လျှပ်စီးဓားမြန်သိုင်းကို တရစပ် ဖော်ထုတ်နေသော်လည်း လျှပ်စီးမိုးကြိုးဓားကိုတော့ စိတ်ကြိုက် လှုပ်ရှားထိုးခုတ်ခြင်း မပြုနိုင်တော့။

ဤတွင် ကော့ကျင့်ဖူ အသာစီးရလာသည်။ ကောင်းမိုးချို



တိုက်စစ်မဆင်နိုင်တော့။ ခံစစ်သာပြုကာ နောက်သို့ဆုတ်ပြီးရင်း ဆုတ်နေရသည်။ ကော့ကျင့်ဖူကလည်း အသာစီးရနေမှုကို အသုံးချကာ ဖိဖိစီးစီး တိုက်စစ်ဆင်သည်။ ကောင်းမိုးချို အသေအလဲပင် ခုခံရှောင်တိမ်းနေသည်။

မီးအိမ်ရှင်ကော့ကျင့်ဖူ၏ တိုက်ကွက်တွေ ပိုအကွက်စိပ်လာသည်။ ဘက်ပေါင်းစုံမှ တရကြမ်းတိုက်စစ်ဆင်နေရာ ကောင်းမိုးချိုမှာ နောက်ဆုံးတွင် ကော့ကျင့်ဖူ၏ တိုက်ကွက်စက်ကွင်းထဲတွင် ပိတ်မိသွားလေတော့သည်။

ဆုတ်လမ်းမရှိတော့။

"မင်း ဘာတတ်နိုင်သေးလဲ ... မင်း လျှပ်စီးဓားမြန်သိုင်း တတ်ထားပေမယ့် ငါလည်း မီးညွန့်မီးစွယ်အကြောဘိုးသိုင်းရဲ့ စက်ကွင်းကို ဖောက်မထွက်နိုင်တော့ပါဘူး၊ ဒီနေ့ မင်းကိုကော, မင်းရဲ့ လျှပ်စီးဓားမြန်သိုင်းကိုကော အပြစ်ဖြတ် ချေမှုန်းပစ်ရမယ်"

မီးအိမ်ရှင် ကော့ကျင့်ဖူက ပိုင်နိုင်အားရစွာ ပြောလိုက်သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... တယ်အပြောကောင်းပါလား မီးအိမ်ရှင်ကြီး၊ ကျုပ် ယက္ခမယ် ကောင်းပင်းတောင်တစ်ယောက်လုံး ရှိနေပါလျက်နဲ့ လျှပ်စီးဓားမြန်သိုင်းကို ရှင် အမြစ်ဖြတ်ပစ်လို့ ရနိုင်ပါ့မလား"

ကျော့ကျင့်ဖူ၏ ပိုင်နိုင်အားရစွာ ကျူးဝါးပြောဆိုလိုက်သံ အဆုံးတွင် မှောင်ရိပ်လွှမ်းနေသော တောအုပ်ထဲမှ ရယ်မောပြောဆိုသံ ပေါ်လာသည်။

ထို့နောက် မီးအိမ်များ ထွန်းညှိချိတ်ဆွဲထားသော သစ်ပင်အောက်သို့ အဘွားအိုတစ်ယောက် လှစ်ခနဲ ရောက်လာသည်။

ကောင်းမိုးချီနှင့် အသေဆိုးချောက်နက်ထဲ တွေ့ဆုံခဲ့ပြီး လျှပ်စီးဓားမြန်သိုင်း သင်ကြားပေးကာ လျှပ်စီးမိုးကြိုးဓားပါ ပေးအပ်ခဲ့သော ဆံပင်နီယက္ခမယ် ကောင်းပင်တောင်းပင်တည်း။

"ဆံပင်နီ ယက္ခမယ် ကောင်းပင်တောင်း ပေါ်ထွက်လာပြီကိုး"



ကျော့ကျင့်ဖူက ခနဲ့သလိုလို ကြိုဆိုသလိုလို ပြောသည်။

"ဟွန်း"

ဆံပင်နီအဘွားအိုက ဘာမျှပြန်မပြော။ ဟွန့်ခနဲ အသံတစ်ချက် ပြုပြီး ကျော့ကျင့်ဖူထံ ခုန်လွှားဝင်သည်။ ခုန်ဝင်လာမှုနှင့် အတူ လက်ဝါးရိုက်ချက် ကြမ်းကြမ်းများကလည်း တစ်ပြိုင်နက် ပေါ်ထွက်သည်။

ဆံပင်နီအဘွားအိုသည် ဓားလှံလက်နက် တစ်စုံတစ်ရာ ကိုင်စွဲထားခြင်း မရှိပါ။

သို့သော် လက်နက်မဲ့တိုက်ခိုက်မှုသည် လက်နက်ကိုင်စွဲ တိုက်ခိုက်မှုထက် ကြောက်စရာကောင်းသည်။

လက်ဝါးရိုက်ချက်များကို ဓားခုတ်ချက်များအသွင် အသုံးပြုကာ လျှပ်စီးဓားမြန်သိုင်းနှင့် တိုက်ခိုက်ခြင်းဖြစ်သည်။

ဆံပင်နီယက္ခမယ် ကောင်းပင်တောင်းကိုယ်တိုင် တိုက်ခိုက်လာသော လျှပ်စီးဓားသိုင်း၏ စွမ်းရည်သည် စောစောက ကောင်းမိုးချီ၏တိုက်ခိုက်ခဲ့မှုထက် ဆယ်ဆပိုမို ပြင်းထန်သည်၊ ကြမ်းတမ်းရက်စက်သည်။

မီးအိမ်ရှင် ကျော့ကျင့်ဖူကလည်း မီးညွှန့်မီးစွယ် အပြော

www.burmeseclassic.com

www.burmeseclassic.com



ထိုးသိုင်းဖြင့် ဆံပင်နီယက္ခမယ်၏ လျှပ်စီးစားမြန်သိုင်းတိုက်ချက်များ ကို ခုခံကာကွယ်ချေဖျက်သည်။

ကောင်းမိုးချိုသည် ဘေးနားတွင်ရပ်နေလျက် သိုင်းလောက၏ ထိပ်တန်းသိုင်းအကျော်အမော်ဟု ဆိုနိုင်လောက်သည့် အဆင့်မြင့်သိုင်းပညာရှင်ကြီးနှစ်ယောက်၏ ကြမ်းတမ်းရက်စက်သော တိုက်ခိုက်မှုကို မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် တအံ့တဩပင် ကြည့်ရှုလေသည်။

ကေဒ့ကျင့်ဖူနှင့် ကောင်းပင်တောင်းတို့၏ လှုပ်ရှားဟန်များက အံ့မခန်းဖွယ်ရာပင် ထိပါးသည်၊ သွက်လက်သည်၊ နှစ်ယောက်လုံး ခြေထောက်များ မြေမထိဘဲ လေထဲတွင် ပျံဝဲနေသလို ရှိုးခနဲ ရိုပ်ခနဲ လှုပ်ရှားနေကြသည်။

မျက်စိပြူးပြဲကာ သေသေချာချာကြည့်ရှုနေသော ကောင်းမိုးချိုပင် သဲသဲကွဲကွဲ မမြင်ရ။ ရှိုးတိုးရိပ်တိပ် လှုပ်ရှားဟန်တွေ ဒွေးရောယှက်တင် ဖြစ်နေသည်။

ထို့နောက် ...

'ဖုန်း' ခနဲ အသံတစ်ချက်၊ 'အွတ်' ခနဲ အသံတစ်ချက် ဆက်တိုက်ပေါ်ထွက်လာပြီး ကေဒ့ကျင့်ဖူနှင့် ကောင်းပင်တောင်းတို့နှစ်



ယောက် လူချင်းကွဲသွားကြသည်။

လှုပ်ရှားတိုက်ခိုက်မှုတွေလည်း ပြင်းထန်ကြမ်းတမ်းလှသော ရင်ဆိုင်တိုက်ခိုက်မှု၏ အငွေ့အသက်များက ဝန်းကျင်တွင် လွှမ်း မိုးနေကြဆဲ။

တိုက်ခိုက်မှုအပြီးသတ်သွားကြောင်း ကောင်းမိုးချို သိလိုက်သည်။

သို့သော် မည်သူနိုင်၍ မည်သူ အရေးနိမ့်သွားကြောင်းကိုတော့ မသိသေး။ မျက်လုံးအကြောင်သားနှင့် ဆက်၍ကြည့်သည်။ အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်ခဲ့ကြလေသော အဓိပတိ သိုင်းပညာရှင်ကြီးနှစ်ယောက်၏အခြေအနေကို ကမန်းကတန်း အကဲခတ်ကြည့်ရှုနေသည်။

ဟော . . . အနိုင်အရှုံး အဖြေကို အကဲခတ်နိုင်သည့် နိမိတ်လက္ခဏာတွ ပေါ်ထွက်လာနေပါပြီ။

ဆံပင်နီ ယက္ခမယ် ကောင်းပင်တောင်းသည် မထိတရီ အသွင်အပြင် အမူအရာဖြင့် ပြုံးစစ ရှိနေသည်။

မီးအိမ်ရှင် ကေဒ့ကျင်းဖူမှာမူ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်လျက် ခံပြင်းဒေါသထွက်နေဟန် ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ယှဉ်ပြိုင် တိုက်ခိုက်မှုကြီးတွင် မီးအိမ်ရှင် ကော့ကျင်းဖူ အရေးနိမ့်သွားကြောင်းကိုတော့ ကောင်းမိုးချို သိလိုက်ရပေပြီ။

သို့သော် ...

မည်သို့မည်ပုံ အရေးနိမ့်သွားကြောင်းကိုတော့ မမြင်မတွေ့လိုက်ရပါ။

"တောက် ... ဒီနေ့ ကျုပ် အထိခံလိုက်ရတဲ့ လက်ဝါးရိုက်ချက်တစ်ချက်ကို ကျုပ် ဘယ်တော့မှ မမေ့ဘူး၊ ကျုပ် တုံ့ပြန်မယ်၊ စောင့်သာနေ"

မီးအိမ်ရှင် ကော့ကျင်းဖူက အံကြိတ်ကာ မကျေမချမ်းပြော၏။

"ရတယ် ရတယ် ... ဒီနေ့ ရှင့်အသက်တစ်ချောင်းကို မခြွေလိုက်တာကလည်း ရှင့်ကို လက်တုံ့ပြန်ချင်ရင် လက်တုံ့ပြန်နိုင်ဖို့ အခွင့်အရေး ပေးလိုက်တာပဲ"

ဆံပင်နီယက္ခမယ် ကောင်းပင်တောင်းက ပြုံးစစဖြင့် မခိုးမခန့် ပြန်ပြော၏။

"သိပ် အပြောကြီးမနေနဲ့၊ ဒီနေ့ ရှုံးခဲ့ရတဲ့ အကြွေးကို တစ်နှစ်အတွင်း ပြန်ဆပ်မယ်"



"ရတယ် ... စောင့်နေမယ်"

မီးအိမ်ရှင် ကော့ကျင့်ဖူသည် ကောင်းမိုးချိုအား တစ်ချက်ကြည့်ပြီးနောက် ခပ်သုတ်သုတ် လှမ်းထွက်ခွာသွားသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မိန်းကလေး ... မင်းအသက်ကို ငါကူညီကာ ကွယ်ပေးရပြန်ပြီ၊ ငါသာ အချိန်မီမရောက်လာရင် မီးအိမ်ရှင်ရဲ့လက် ချက်နဲ့ မင်း အသက်ပျောက်သွားမှာ သေချာတယ်"

မီးအိမ်ရှင်ကော့ကျင်ဖူ ထွက်ခွာသွားပြီးသောအခါ ဆံပင် နီ ယက္ခမယ်ကောင်းပင်တောင်းက ကောင်းမိုးချိုကိုပြောသည်။

"ကျွန်မ လျှပ်စီးစားမြန်သိုင်း သင်ခဲ့မိတာ မှားတယ်၊ လျှပ်စီး မိုးကြိုးစားကိုလည်း လက်ခံခဲ့ဖို့ မသင့်ဘူး"

တိမ်လျှပ်တောင် တစ်ပွဲစားလုတာရှင်း၏ မွေးနေ့ပွဲတွင် မိမိ လက်လွန်ခြေလွန်နှင့် ရမ်းရမ်းကားကား ပြုမူခဲ့မိမှုအတွက် နောင်တ ရ စိတ်မကောင်းဖြစ်နေသော ကောင်းမိုးချိုက ပြောလိုက်သည်။

"မင်းက လျှပ်စီးစားမြန်သိုင်းကို လမ်းလွဲသိုင်းပညာလို့ ထင် နေတာကိုး၊ ငါ့ကိုလည်း လမ်းလွဲသိုင်းပညာဆိုးကြီးတစ်ယောက်လို့ သတ်မှတ်မှာလား၊ ဒီလိုဆိုရင်တော့ မင်း အမှားကြီးမှားနေပြီ"

"ဘာကြောင့် မှားတယ် ပြောရတာလဲ"



"မင်း သေသေချာချာ စဉ်းစား ... လမ်းမှန်သိုင်းသမား၊ လမ်းလွဲသိုင်းသမားဆိုတာတွေဟာ လူတွေက ခွဲခြားသတ်မှတ်ထား ကြတာပါ၊ လူဆိုတာ မကောင်းမှုရော ကောင်းမှုရော အခြေအနေ အချိန်အခါအရ လုပ်ဆောင်ကြတာပါပဲ၊ လမ်းလွဲသိုင်းသမားတွေက မကောင်းမှုကျူးလွန်တယ်၊ လမ်းမှန်သိုင်းသမားတွေက ကောင်းမှု ဆောင်ရွက်တယ်လို့ တရားသေ ပြောလို့ ဘယ်ဖြစ်မှာလဲ၊ လမ်းမှန် သိုင်းသမားဆိုတဲ့ လူတွေ စတ်ထားယုတ်မာကောက်ကျစ်တာ မင်း လည်း တွေ့ဖူးကြုံဖူးမှာပေါ့၊ မင်းကို နှောင့်ယှက်အန္တရာယ်ပြုခဲ့ကြတဲ့ လူတွေဟာလည်း လမ်းလွဲသိုင်းသမားဆိုးတွေ မဟုတ်ဘူး၊ သူတို့ ကိုယ် သူတို့ လမ်းမှန်သိုင်းသမားကောင်းတွေလို့ သတ်မှတ်ခံယူထား တဲ့ လူတွေပဲ မဟုတ်လား၊ ငါသင်ပေးလိုက်တဲ့ လျှပ်စီးစားမြန်သိုင်းနဲ့ သာ မခုခံရင် မင်းအသက်ရှင်နိုင်ပါဦးမလား"

ကောင်းမိုးချို တွေဝေသွားသည်။ ဆံပင်နီ ယက္ခမယ် ကောင်းပင်တောင်း၏ ပြောစကားများသည် မှန်သလိုလို ရှိသည်ဟု ထင်သည်။

"မင်းရဲ့ စိတ်ဓာတ်နဲ့ အရည်အသွေးကို ငါသဘောကျတယ်၊ လျှပ်စီးစားမြန်သိုင်းကို မင်း ထိထိရောက်ရောက် ထက်ထက်မြက်

www.burmeseclassic.com

www.burmeseclassic.com



မြက် အသုံးချနိုင်တာလဲ ငါ့မျက်မြင်ပဲ၊ ဒါကြောင့် မင်းကို ငါ့တပည့်မ အဖြစ် လက်ခံပြီး ငါ့ရဲ့အဆင့်မြင့် အစွမ်းထက်သိုင်းပညာတွေ သင်ကြား အမွေပေးချင်တယ်၊ မင်း ဘယ်လိုသဘောရသလဲ"

☆ ☆ ☆ ☆ ☆



## အခန်း ( ၆ )

ဝတ်ရုံစိမ်း၊ ဝတ်ရုံနီ လူထူးဆန်းနှစ်ယောက် နေထိုင်ရာ မိုးမျှော်တောင်ထွဋ်သည် မြောက်ဘက်နယ်ခြားဒေသ အားအော်ထိုက်စမ်းတောင်တန်းကြီး၏ မြင့်မားသီခေါင်သော တောင်စဉ်အထပ်ထပ်တစ်နေရာတွင် တည်ရှိသည်။

သည်တော့ ချင်လိန်ဝေသည် မြောက်ဘက်နယ်ခြားဒေသသို့ ရှေ့ရှုကာ ခရီးနှင်ရလေတော့သည်။ ခရီးကလည်း ရှည်လျားသည်။ ခရီးလမ်းပန်းကလည်း ခက်ခဲကြမ်းတမ်းသည်။ တောနက်တောင်ကြားများ၊ တောင်စဉ်တောင်တန်းများ၊ ကန္တာရ လွင်ပြင်များစသည့် သဘာဝအန္တရာယ် အတားအဆီးများကို ကျော်ဖြတ်လျက် မြောက်ဘက်နယ်ကြားဒေသ၏ အထင်ကရ မြို့ကြီးဖြစ်သော 'ကူးယန်မြို့' သို့ ချင်လိန်ဝေ ရောက်ရှိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယန်မြို့သို့ မရောက်မီ ခရီးလမ်းတစ်လျှောက်တွင် ချင်လိန်ဝေသည် သဘာဝအန္တရာယ် အတားအဆီးအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။

ရှမ်းယန်မြို့သို့ ရောက်သောအခါတွင်မူ သိုင်းလောက၏ အရှုပ်အထွေး ပြဿနာကြီးတစ်ခုကြားတွင် ဝင်ပတ်သက်ရလေတော့သည်။ သည်လို တိုးဝင်ပတ်သက်မှုသည် ကံကြမ္မာဖန်တီးမှုကြောင့်ဟု ပြောနိုင်သလို ငယ်ရွယ်နုပျိုတက်ကြွပြီး သိုင်းလောက အတွေ့အကြုံလည်း နည်းပါးသေးသူ ချင်လိန်ဝေ၏ စပ်စုလိုစိတ်ကြောင့်ဟု ဆိုလျှင်လည်း မမှားပေ။

ရှမ်းယန်သည် အတော်ပင် စည်ကားသော မြို့ကြီးတစ်မြို့ဖြစ်သည်။ လူဦးရေ မနည်းလှသလို ဧည့်သည်အဖြစ် ရောက်နေကြသူတွေလည်း များပြားသည်။ လုပ်ငန်းတွေ စုံသလောက် လူတွေကလည်း မျိုးစုံ ဖြစ်ကာ လူ့သဘာဝအတိုင်း ပြဿနာအရေးကိစ္စတွေကလည်း များမြောင်လှသည်။

ရှမ်းယန်မြို့၏ လူအစည်ကားဆုံးဖြစ်သော 'လရောင်ရိပ်စားသောက်ဆိုင်ကြီး'တွင် နေ့လယ်စာ ဝင်စားမိသော ချင်လိန်ဝေသည် ဘယ်လိုမှ ထင်မှတ်မထားသော သိုင်းလောက အရှုပ်အရှင်း



ပြဿနာကြီးထဲသို့ ဝင်ပတ်သက်မိသွားသည်။

ရှမ်းယန်မြို့၏ လူအစည်ကားဆုံး လရောင်ရိပ်စားသောက်ဆိုင်ကြီးတွင် လူတွေစုံသလို သတင်းမျိုးစုံလည်း ကြားသိနိုင်ရာ ခရီးသွားဟန်လွှဲ ဆိုသလို ဗဟုသုတရှိလိုသော ရည်ရွယ်ချက်ဖြင့် ချင်လိန်ဝေ ဝင်ရောက်စားသောက်ခဲ့ခြင်း ဖြစ်သည်။

စားသောက်ဆိုင်ထဲတွင် စားသောက်သူတွေ ကြိတ်ကြိတ်တိုးနေသည်။ စားပွဲလွတ်ဆို၍ တစ်ခုတလေမျှပင်မရှိ။ စားပွဲတိုင်းတွင် စားသောက်သူတွေ သူ့အစုနှင့်သူ ရှိနေကြသည်။ ဟိုစားပွဲတွင် တစ်စု သည်စားပွဲတွင် တစ်စုဆိုသလို ထိုင်ခုံလွတ် အနည်းငယ်သာ ရှိနေသည်။

အဖော်မပါ တစ်ယောက်တည်း ဖြစ်လေသော ချင်လိန်ဝေအဖို့ ထိုင်ခုန်လွတ်တစ်ခုတလေ ရလျှင်ပင် အဆင်ပြေနိုင်ပါသည်။

သူ့အစုနှင့်သူ ဝိုင်းဖွဲ့စားသောက်နေကြသည့် စားပွဲဝိုင်းမှ ထိုင်ခုံလွတ်တစ်ခုတွင် ဝင်ထိုင်ကာ စားသောက်ဖွယ်ရာများ မှာကြားစားသောက်ရန်အတွက် ချင်လိန်ဝေ တကယ်ပင် ရှိုးတိုးရှန့်တန့် ဖြစ်နေလေသည်။

ထိုစားပွဲရှိ ထိုင်ခုံလွတ်တွင် ထိုင်ရကောင်းနိုးနိုး၊ သည့်ဘက်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲမှ ထိုင်ခုံလွတ်တွင် နေရာဝင်ယူရသင့်နိုးနိုး ဆုံးဖြတ်ရခက်ကာ ဟိုကြည့်သည်ကြည့် လုပ်နေမိသည်။

"ဟိုက မိတ်ဆွေ ... နေရာလွတ် ရှာနေတာလား၊ ဒီမှာ ထိုင်ခုံတစ်ခု အားနေတယ် ... လာထိုင်ပါ"

စားပွဲဝိုင်းကြီးတစ်ခုတွင် ဝိုင်းဖွဲ့စားသောက်နေကြသူ တစ်စုထဲမှ လှမ်းဖိတ်ခေါ်သံ ပေါ်လာသည်။ ထိုစားပွဲမှာ လူ (၈) ယောက်စာ စားပွဲဝိုင်းကြီးဖြစ်ကာ လူ (၇) ယောက်သာ ဝိုင်းဖွဲ့စားသောက်နေရာ ထိုင်ခုံတစ်ခုံတွင် ထိုင်သူမရှိဘဲ လွတ်နေလေသည်။

လိုလိုချင်ချင် ဖိတ်ခေါ်သူ ရှိလာသည်မို့ ချင်လိန်ဝေလည်း ထိုစားပွဲကြီးရှိရာသို့ ခပ်သွက်သွက်ပင် ဦးတည်လျှောက်လှမ်းသွားသည်။

လှမ်း၍ဖိတ်ခေါ်လိုက်သူမှာ ချင်လိန်ဝေနှင့် သက်တူရွယ်တူ လူငယ်တစ်ယောက် ဖြစ်သည်။ ဝတ်စုံဖြူဝတ်ထားကာ လူရည်အတော်ပင် သန့်သည်။ သက်တူရွယ်တူ ဖြစ်ရုံသာမက အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်ကလည်း မတိမ်းမယိမ်း။ ပြီးတော့ ရုပ်ချင်းကလည်း အတော်ပင်ဆင်သည်။ ညီရင်းအစ်ကိုပါ ပြောလျှင်ပင် ယုံနိုင်လောက်သည်။ ထိုသူက ချင်လိန်ဝေထက် အသားပိုဖြူကာ



ချင်လိန်ဝေက ထိုသူထက် မျက်ခုံးပိုကောင်းသည်။

ထိုလူငယ်၏ ဘယ်ဘက်ဘေးရှိ ထိုင်ခုံမှာ လွတ်နေရာ ထိုထိုင်ခုံတွင် ဝင်ထိုင်သော ချင်လိန်ဝေမှာ ထိုလူငယ်နှင့်ဘေးချင်းယှဉ်လျက်သား ဖြစ်သွားသည်။

"ကြိုက်ကြိုက်တုန်း သောက်လိုက်ပါဦး၊ စားဖွယ်ဟင်းလျာတွေလည်း ယူစားပါ"

လူငယ်က ပျူငှာဖော်ရွေစွာ ပြောလျက် အရက်တစ်ခွက်ကိုပင် ကိုယ်တိုင်ငှဲ့ပေးသည်။ ညှို့ဝတ်စကားဆိုသည်။

"ဟာ ... မဟုတ်တာ၊ နေပါစေ ... အားနာစရာ၊ ထိုင်ခုံနေရာ ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ကျွန်တော့်ဘာသာ ကျွန်တော်မှာစားပါ့မယ်"

ချင်လိန်ဝေက ပျာပျာသလဲ အားနာစကား ဆိုသည်။

စားပွဲပေါ်တွင် ခင်းကျင်းထားသည်တို့မှာ ပထမတန်းစားအဖိုးတန်ဟင်းလျာများ ဖြစ်ရာ ခရီးရှည်ထွက်လာခိုက် ဖြိုးခြိုးခြောက်ခြောက်တာ နေ့ရသော ချင်လိန်ဝေ ယူစားရန် တကယ်ပင် လက်တွန့်နေပါသည်။ မိမိက အစားသာရှိပြီး တုံ့ပြန်ညှို့ဝတ်မပြုနိုင်သည့်အခြေအနေကို နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဖြူဝတ် လူရွယ်ကလည်း ချင်လိန်ဝေ၏ စိတ်အထာကို နားလည်သဘောပေါက်သည်။ အဝင်း ညှိဝတ်ပြုလာနေတော့

"မိတ်ဆွေက အားနာတတ်တာကိုး၊ ကောင်းပြီလေ ... မိတ်ဆွေဘာသာ စားပါ၊ ကျွန်တော်ညှိဝတ်ပြုတဲ့ အရက်တစ်ခွက်ကိုတော့ လက်ခံလိုက်ပါ"

အကြောက်အကန် ငြင်းဆန်ရန် မသင့်သည်မို့ ချင်လိန်ဝေက ထိုလူငယ် ငှဲ့ပေးထားသော အရက်ခွက်ကို မယူကာ တစ်ကျိုက်သောက်ရလေသည်။ မြောက်ပိုင်းနယ်မြေဒေသ၏ နာမည်ကျော်မြေစိမ်းအရက်ဖြစ်ရာ မွှေးပျံ့ချိုစိမ့်ကာ သောက်လို့ကောင်းလှသည်။

အရက်တစ်ကျိုက်သောက်ပြီးနောက် ချင်လိန်ဝေက ခေါက်ဆွဲ ကြော်တစ်ပွဲ မှာလိုက်သည်။ နာမည်ကျော် စားသောက်ဆိုင်ကြီးပီပီ ဝန်ဆောင်မှုက မြန်ဆန်ကောင်းမွန်လှသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ချင်လိန်ဝေ မှာကြားသော ခေါက်ဆွဲကြော်ပွဲ ရောက်လာသည်။ ချင်လိန်ဝေက ခပ်မဆိတ်ပင် ခေါက်ဆွဲကြော်ကိုစားသည်။

ထိုစားပွဲတွင် ထိုင်နေသော ကျန်လူ (၆) ယောက်မှာ သက်လတ်ပိုင်းအရွယ် ယောကျ်ားကြီးများ ဖြစ်ကြသည်။ ထိုယောကျ်ားကြီးများက ဝတ်စုံဖြူဝတ် လူငယ်ကို လေးခန့်ကြဟန်ရှိသည်ကို ချင်လိန်



ဝေ အကဲခတ်မိသည်။ ဤလူစုတွင် ထိုလူငယ်မှာ အကြီးအကဲ ဒါမှမဟုတ် အရေးပါသူတစ်ယောက်သာ ဖြစ်သည်ဟု တွေးသည်။

နှုတ်ဆိတ်စွာ စားသောက်နေသော ချင်လိန်ဝေသည် အနီးတစ်ဝိုက်ရှိ ကျန်စားပွဲဝိုင်းမှ စကားသံများကို ကြားနေရသည်။ ထိုနေရာတစ်ဝိုက်ရှိ စားပွဲများတွင် စားသောက်နေကြသူတွေမှာ သိုင်းသမားတွေ ဖြစ်ကြကာ သိုင်းသမားများပီပီ အသံကျယ်ကျယ်နှင့် အားပါးတရ ပြောဆိုနေကြလေရာ ချင်လိန်ဝေအနေဖြင့် အထွေအထူး အာရုံစိုက် နားစွင့်ရန်မလိုဘဲ ပြောစကားများကို ကောင်းစွာကြားနေရသည်။

သိုင်းလောကတစ်လွှား လတ်တလော ဖြစ်ပျက်နေကြသည့် အကြောင်းကိစ္စတိုင်းကို မိမိတို့ သန်ရာသန်ရာ ပြောဆိုနေကြရာ လူပြောအများဆုံးမှာ လမ်းလွဲသိုင်းသမားဆိုးများတွင် ထိပ်သီးကြီး တစ်ယောက်ဖြစ်သူ ဆံပင်နီယက္ခမယ် ကောင်းပင်တောင်း တစ်ကြော့ပြန် ပေါ်ထွက်လာပြီး တပည့်မလေးတစ်ယောက် လက်ခံလိုက်သည့်အကြောင်းနှင့် မုန်တိုင်းနဂါးရဲတိုက်တွင် လိပ်သတ်ပွဲတစ်ခု ပြုလုပ်တော့မည့်အကြောင်း သတင်းစကားများဖြစ်ကြသည်။

ချင်လိန်ဝေသည် သိုင်းလောက အတွေ့အကြုံ နုနယ်သေး

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သိုင်းလောက်တွင် သုံးနှုန်းပြောဆိုသော လိပ်သတ်ပွဲ ဆိုသည့်စကားမှာ သိုင်းပညာအဆင့်မြင့်ပြီး လက်စွမ်းလက်စ ထက်မြက်သော လူစွမ်းကောင်း သိုင်းလူချွန်တစ်ယောက်ကို သိုင်းသမားအများ စုစည်းပေါင်းစပ်ကာ ဝိုင်းဝန်းတိုက်ခိုက် ချေမှုန်းမှုနှင့် သိုင်းလောကတစ်ခွင် လှုပ်ရှားသွားစေမည့် သိုင်းကျမ်း၊ သို့မဟုတ် လက်နက်ဆန်း သို့မဟုတ် ဆေးစွမ်းကောင်းတစ်ခု ပေါ်ထွက်လာကာ ထိုပစ္စည်းကို ပိုင်ဆိုင်ရယူနိုင်ခွင့်အတွက် သိုင်းသမားများအကြား အပြိုင်အဆိုင် စွန့်စွန့်စားစား ကြိုးစားလုပ်ဆောင်ကြမှုကို ဆိုလိုကြောင်းကိုတော့ သဘောပေါက်သည်။

နောက်မှရောက်လာသော ချင်လိန်ဝေက ထိုစားပွဲဝိုင်းရှိ ကျနလူ (၆) ယောက်ထက် အရင် စားသောက်ပြီးစီးသည်။

ဝတ်စုံဖြူဝတ်လူငယ်နှင့် သူ့လူများသည် မှာကြားထားသော ဟင်းလျာအမယ်တွေ များပြားသည့်အပြင် စကားပြောလိုက်၊ အရက်သောက်လိုက်၊ ဟင်းလျာများကို စားလိုက် လုပ်နေကြရာ ခေါက်ဆွဲကြော်တစ်ခွက်သာ သီးသီးသန့်သန့် မှာယူစားသောက်သော ချင်လိန်ဝေ စားသောက်ပြီးသွားသည့်တိုင် လက်စမသတ်၊ ပွဲမသိမ်းနိုင်ကြသေး။ စား၍ သောက်သည့်အရှိန်ကောင်းနေကြတုန်း



ဖြစ်နေကြသည်။

စားသောက်ပြီးသွားသောအခါ ချင်လိန်ဝေက စားပွဲထိုးကို လှမ်းခေါ်ကာ မိမိစားသောက်ခဲ့သော ခေါက်ဆွဲကြော်တစ်ပွဲအတွက် ကျသင့်ငွေကို ရှင်းပေးသည်။ ထို့နောက် ဝတ်စုံဖြူဝတ်လူငယ်နှင့် စားပွဲဝိုင်းရှိ ကျန်လူများကို ခြုံ၍ နှုတ်ဆက်စကားဆိုသည်။

"စားသောက်ပြီးသွားပြီမို့ ကျွန်တော် သွားလိုက်ပါဦးမယ်၊ ထိုင်ခုံတစ်နေရာရခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကောင်းပါပြီ၊ ဖြည်းဖြည်းအေးအေး စိတ်အေးချမ်းသာစွာ သွားပါ"

ဝတ်စုံဖြူဝတ် လူငယ်က တုံ့ပြန်နှုတ်ဆက်စကားဆိုသည်။ ကျန်လူများကလည်း အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးရယ်ကာ ခေါင်းဆတ်ခနဲ ညိတ်ကြသည်။

စားသောက်ဆိုင်ထဲတွင် ခရီးသွားဟန်လွဲ ဆိုသလို ဆုံမိကြသည်မို့ ယေဘူယျသဘောလောက်သာ အပြန်အလှန် နှုတ်ဆက်စကားဆိုကြသည်။ မည်သည့်ဘက်ကမျှ မိတ်ဆက်စကား မပြောကြပါ။

ထို့ကြောင့် ဝတ်စုံဖြူဝတ် လူငယ်၏အမည်ကို ချင်လိန်ဝေ

www.burmeseclassic.com

www.burmeseclassic.com



မသိခဲ့သလို ချင်လိန်ဝေ မည်သူမည်ဝါဆိုသည်ကိုလည်း တစ်ဖက်လူများ မသိကြပေ။

ဝတ်စုံဖြူဝတ် လူငယ်နှင့် မိမိ အသက်အရွယ်ချင်း မတိမ်းမယိမ်း၊ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည် မကွာခြားလှသည့် အပြင် ရုပ်ရည်သွင်ပြင်ချင်းလည်း အတော်ဆင်တူကြောင်းကိုတော့ ချင်လိန်ဝေက အမှတ်ထင်ထင်ပင် သတိပြုမိခဲ့လေသည်။

☆ ☆ ☆

BURMESE CLASSIC .com



လရောင်ရိပ်စားသောက်ဆိုင်တွင် ကြားသိခဲ့ရသည့် သတင်းစကားများနှင့် ပတ်သက်၍ ချင်လိန်ဝေက စိတ်ဝင်စားမှုမရှိလှပေ။ ဗဟုသုတအနေဖြင့်သာ နားထောင်ခဲ့ခြင်းဖြစ်ရာ မိမိသွားရမည့် မိုးမျှော်တောင်ထွဋ်သို့ ခရီးဆက်ရန်သာ စိတ်ကူးထားသည်။

သို့သော် ချင်လိန်ဝေကို မုန်တိုင်းနဂါးရဲတိုက်သို့ ရောက်ရှိသွားစေမည့်အကြောင်းများက မမျှော်လင့်ဘဲ ဖန်တီးလာခဲ့လေသည်။

မိမိ၏ ခရီးပန်းတိုင်ဖြစ်သော မိုးမျှော်တောင်ထွဋ်သို့ ခရီးဆက်ရန် ရှမ်းယန်မြို့မှ ထွက်လာခဲ့သော ချင်လိန်ဝေသည် မြို့ပြင်သို့ရောက်သောအခါတွင် အပြင်းစိုင်းနှင်လာနေကြသော မြင်းခွာသံများကို ကြားရသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံတို့၏ အခြေအနေက ပုံမှန်မဟုတ်။ ထူးခြား...

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ကို ချင်လိန်ဝေ သတိပြုမိသည်။

ထိုမြင်းစီးသမားများသည် မည်သူမည်ဝါတွေဖြစ်ကာ မည်သည့်ကိစ္စအတွက် မြင်းများကို အပြင်းစိုင်းနှင်လာကြကြောင်းကို သေသေချာချာ မသိသော်လည်း မိမိခရီးသွားသည့်ကိစ္စ နှောင့်နှေးမည်စိုးသောကြောင့် အသာရှောင်ကြဉ်နေလိုက်ရန် စိတ်ကူးလျက် နီးရာ သစ်ပင်တစ်ပင်ပေါ်သို့ အမြန်တက်ကာ အသာပုန်းနေလိုက်သည်။

အရေးကိစ္စမရှုပ်ထွေးလို၍ အသာရှောင်ပုန်းလိုက်သော ချင်လိန်ဝေမှာ ထိုသို့ ရှောင်တိမ်းပုန်းကောင်းနေလိုက်သည့်အတွက် ကြောင့်ပင် သိုင်းလောက ပြဿနာကြီးတစ်ခုဖြစ်သော 'မိုးပုလဲဓား' နှင့် ဆက်နွှယ်ပတ်သက်သွားရလေသည်။

မြင်းခွာသံများ တဖြောင်းဖြောင်း ဟိန်းသည်ထက် မြည်ဟိန်းလာသည်။ ထို့နောက် မြင်းစီးသမားအုပ်စုနှစ်စု အရှေ့ဘက်နှင့် အနောက်ဘက်တို့မှ ပေါ်ထွက်လာကြသည်။

အရှေ့ဘက်မှ ပေါ်ထွက်လာသော မြင်းစီးသမားများသည် အဖြူရောင်ဝတ်စုံများ ဝတ်ဆင်ထားကြကာ အသက် (၂၀) အရွယ် မိန်းကလေးတစ်ယောက် ဦးဆောင်လာသည်။



မိန်းမပျိုသည် ငယ်ရွယ်နုပျိုပြီး ရုပ်ရည်လည်း ချောမောလှပသည်။ ငယ်ရွယ်နုပျိုသော်လည်း သာမန်မိန်းကလေးမဟုတ်။ ထူးချွန်ထက်မြက်သော သိုင်းကညာတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။

မိန်းမပျိုအပါအဝင် အဖြူရောင်ဝတ်စုံဝတ် မြင်းစီးသမားများသည် ဖြူဆွတ်သောဝတ်ရုံရှည်ကြီးများကို သိုင်းခြုံထားကြသည်။

ထို့ကြောင့် သူတို့ကိုယ်ပေါ်တွင် မည်သို့သောလက်နက်များပါရှိလာကြကြောင်း မသိမမြင်နိုင်ပေ။

အနောက်ဘက်မှလာသော မြင်းစီးသမားများမှာ လူအင်အား (၁၀) ယောက်မျှ ရှိသည်။ နီလွင်သော ဝတ်စုံများကို ဝတ်ဆင်ထားပြီး အရိုးရှည်ဓားကောက်ကြီးများ ကိုင်စွဲထားသည်။

ဦးဆောင်လာသူမှာ ကြံ့ခိုင်ထွားကျိုင်းသော သက်လတ်ပိုင်းအရွယ် ယောကျ်ားကြီးတစ်ယောက် ဖြစ်သည်။

မြင်းစီးသမားအုပ်စုသည် တစ်ဖက်နှင့်တစ်ဖက် မလှမ်းမကမ်းတွင် မျက်နှာချင်းဆိုင်ကာ ရပ်လိုက်ကြသည်။

အဖြူရောင်ဝတ်စုံဝတ်ကာ ဖြူဆွတ်သော ဝတ်ရုံကြီးများ

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းခြုံထားသော မြင်းစီးသမားအုပ်စု၏ ခေါင်းဆောင်မိန်းမပျိုနှင့် နီလွင်သောဝတ်စုံများ ဝတ်ဆင်လျက် အရိုးရှည်ဓားကောက်ကြီးများ ကိုင်ဆွဲသော မြင်းစီးသမားများ၏ ဦးစီးရှေ့ဆောင်တို့ မြင်းများကို အသာခပ်ဖြည်းဖြည်း စီးကာ ရှေ့တိုးလာကြသည်။

မိန်းမပျိုနှင့်ယောကျ်ားကြီးတို့၏ မြင်းနှစ်စီး ဆုံမိကြသော နေရာမှာ ချင်လိနိဝေ တက်ပုန်းအောင်းနေသော သစ်ပင်ကြီး၏ အောက်တည့်တည့်ပင် ဖြစ်သည်။

"ကျွန်မ မြောက်ပိုင်းနှင်းဖြူစံအိမ်တော် စံအိမ်သခင်ကြီး ရှလုံရဲ့သမီး ရှလိယန်ပါ၊ ရှင်က မုန်တိုင်းနဂါးရဲတိုက်က ဦးစီးခေါင်း ဆောင်တစ်ယောက် ထင်ပါရဲ့"

ဝတ်စုံဖြူဝတ် မိန်းမပျိုက စတင်စကားဆိုသည်။

"ဟုတ်တယ် ... ကျုပ် လကျ်ာရဲတိုက်မှူး ချန်ယန်ရှိန်ပဲ"

နီလွင်သော ဝတ်စုံဝတ်ထားသော ကြံ့ကြံ့ခိုင်ခိုင်၊ ထောင် ထောင်မောင်းမောင်း ယောကျ်ားကြီးက ပြန်ဖြေသည်။

"ရှင်တို့ရဲတိုက်မှာ ကျန်းလိနိဝူ ရောက်နေပြီလား"

ချင်ယန်ရှိန်မျက်နှာ တင်းခနဲ ဖြစ်သည်။

"သိချင်ရင် ရဲတိုက်ကို လာခဲ့ပါ"



ချန်ယန်ရှိန်က ခပ်ပြတ်ပြတ်ပြောကာ မြင်းကို ခြေတို့လျက် အပြင်းစိုင်းနှင် ထွက်သွားသည်။ ကျန် နီလွင်သော ဝတ်စုံဝတ် မြင်းစီး သမားများကလည်း သူ့နောက်မှ လိုက်သွားသည်။

ရတ်တရက် အခြေအနေ တင်းမာသွားခဲ့လေပြီ။

☆ ☆ ☆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို တားလိုက်ကြ"

ရှလိယန်က အော်ဟစ်အမိန့်ပေးသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သိုင်းသမား (၁၀) ယောက်ခန့် မုန်တိုင်းနဂါးရဲတိုက်သိုင်းသမားများကို တစ်ခဏအတွင်းမှာပင် လိုက်၍မိသည်။

နှစ်ဖက်သိုင်းသမားများ ဒွေးရောယှက်တင်ဖြစ်ကာ အပြန်အလှန် တိုက်ခိုက်ကြသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သိုင်းသမားများက သူတို့၏ ဝတ်ရုံရှည်ကြီးများကို ချွတ်ကာ လက်နက်သဖွယ်အသုံးပြုလျက် ဝှေ့ယမ်းတိုက်ခိုက်ကြသည်။

မုန်တိုင်းနဂါး ရဲတိုက်သိုင်းသမားများက အရိုးရှည်ဓားကောက်ကြီးများဖြင့် ရင်ဆိုင်တုံ့ပြန်သည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သိုင်းသမားတို့မှာ မြင်းကောင်းစီးကြသော်လည်း မုန်တိုင်းရဲတိုက် သိုင်းသမားတို့၏ အရိုး

BURMESE CLASSIC .com



ရှည်ဓားကောက် ခုတ်ချက်များကို မယှဉ်နိုင်ကြ၊ ဖရိုဖရဲဖြစ်ကုန်သည်။

"ဟိတ်"

မိမိလူများ အခြေမလှသည်ကို တွေ့မြင်ရသည်တွင် ရှလိယန်သည် မာန်သွင်းဟစ်ကြွေးသံပြုလျက် မြင်းကို အပြင်းစိုင်းထွက်သည်။ ဝတ်ရုံရှည်ကြီးကလည်း အရှိန်ပြင်းစွာဝှေ့ယမ်းနေရာ လေပြင်းတိုက်သည့်နှယ် အင်အားလှိုင်းလုံးများ အရှိန်အဟုန်နှင့် ပေါ်ထွက်သည်။

ရှလိယန်ကို ရင်ဆိုင်တားဆီးရန် ဝင်လာကြသော မုန်တိုင်းနဂါးရဲတိုက် သိုင်းသမားနှစ်ယောက်မှာ ဝတ်ရုံရှည်၏ လေလှိုင်းရိုက်ခတ်မှုကို ထိပ်တိုက်ရင်ဆိုင်ရလျက် မြင်းကုန်းနှီးပေါ်မှ လေထဲသို့ မြောက်ကြွလွင့်စဉ်ကုန်ကြသည်။

"ယား"

မုန်တိုင်းနဂါးရဲတိုက် လက်ျာရဲတိုက်မှူး ချန်ယန်ရှိန် မြင်းကို စိုင်းနှင်ဝင်လာရာမှ ကြုံးဝါးသံပြုပြီး လေထဲသို့ လွှားခနဲ ခုန်သည်။ လွင့်စဉ်ထွက်လာသော သူ့လူနှစ်ယောက်ကို ဖေးမ အရှိန်ထိန်းပေးလျက် သူ၏မြင်းပေါ်သို့ ပေါ့ပါးညင်သာစွာ ပြန်ခုန်ဆင်းခွထိုင်သည်။

လှုပ်ရှားဟန် မြန်ဆန်သလို လုပ်ဆောင်မှုတို့ကလည်း သေ

www.burmeseclassic.com

www.burmeseclassic.com



သပ်ပိရိလှသည်။ သို့သော် မြင်းကုန်းနှီးထက် ပြန်ခွထိုင်လိုက်သော ချန်ယန်ရှိန်၏မျက်နှာ ကွက်ခနဲ ပျက်သည်။ သူအရအမိ ဖေးမဆွဲယူထားခဲ့သော မုန်တိုင်းနဂါးရဲတိုက်၏ သိုင်းသမားနှစ်ယောက်လုံး အသက်မရှိကြတော့။

ဝတ်ရုံရှည်၏ ရိုက်ခတ်မှုအားအရှိန်ကြောင့် အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲကုန်ကြလေပြီ။

မုန်တိုင်းနဂါးရဲတိုက်၏ လက်ျာရဲတိုက်မှူး ချန်ယန်ရှိန်သည် ဟန်ဟိတ်ကြီးပြီး မိမိ၏ သိုင်းပညာစွမ်းဖြင့် အတော်မာန်ဝင့်သူဖြစ်သည်။ ရှလိယန်၏ ဝတ်ရုံရှည်ရိုက်ခတ်မှုအား အရှိန်အဟုန် အထိခံရပြီး လွင့်စဉ်ထွက်သွားသော သူ့လူနှစ်ယောက်ကို လေထဲခုန်တက်ကာ ဖေးမဆွဲယူခြင်းသည် မုန်တိုင်းနဂါးရဲတိုက်၏ ဂုဏ်သိက္ခာကိုထိန်းရန်နှင့် မိမိ၏ သိုင်းပညာစွမ်းရည်ကို မြောက်ပိုင်း နှင်းဖြူစံအိမ်တော်မှ လူများ 'ရှိန်' သွားအောင် ဟန်ဟိတ်ပြခြင်း ဖြစ်သည်။

သို့ရာတွင် ချန်ယန်ရှိန်၏ လုပ်ဆောင်မှုမှာ အပြည့်အဝအောင်မြင်ခြင်းမရှိ။ မုန်တိုင်းနဂါးရဲတိုက် သိုင်းသမားနှစ်ယောက်ကို လေထဲတွင် ဖေးမကာ ထိန်းပေးနိုင်သော်လည်း အချိန်မီ အကာအကွယ်မပေးနိုင်ဘဲ ရှလိယန်၏ ဝတ်ရုံရိုက်ချက်ဖြင့် အသက်ပျောက်



ကုန်ကြပြီ ဖြစ်နေရာ မုန်တိုင်းရဲတိုက်၏ ဂုဏ်သိက္ခာကို မထိန်းနိုင်သလို ချန်ယန်ရှိန်အနေဖြင့်လည်း သိုင်းပညာစွမ်း မပြနိုင်တော့ပါ။

ချန်ယန်ရှိန် အတော့်ကို ခံပြင်းသည်။ ဒေါသလည်း ထွက်နေသည်။ ရှလိယန်နှင့် မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သိုင်းသမားများကို အသေအကျေ တိုက်ခိုက်ပစ်ချင်နေသည်။

သို့ရာတွင် ကျန်းလိန်ဂူ၏ မိုးပုလဲဓားကိစ္စနှင့် ပတ်သက်၍ ရောက်ရှိလာသူများနှင့် ပြဿနာ ကြီးကြီးမားမား မဖြစ်စေရန် မုန်တိုင်းနဂါးရဲတိုက်သခင်ကြီးဟူလွန်ကိုယ်တိုင် တင်းကျပ်သော မှာကြားချက် ရှိနေရာ ချန်ယန်ရှိန်အနေဖြင့် စိတ်လိုက်မာန်ပါ မလုပ်နိုင်ပေ။

စိတ်ကို မနည်းကြီးပင် ထိန်းလိုက်ရသည်။

"ကျွန်မတို့ရောက်လာတာ ရန်ပြုဖို့မဟုတ်ပါဘူး။ ကျန်းလိန်ဂူရဲ့ မိုးပုလဲဓားနဲ့ ပတ်သက်တဲ့ကိစ္စမှာ ကျွန်မတို့ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်က မုန်တိုင်းနဂါးရဲတိုက်နဲ့ ပူးပေါင်းလုပ်ဆောင်ချင်တယ်၊ ရှင်တို့ ရဲတိုက်သခင်ကြီးက သဘောတူလက်ခံမယ်ဆိုရင် အကူအညီတွေပေးဖို့ အသင့်ပဲ"

ရှလိယန်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ရှလိယန် ... မင်းသိထားဖို့က ကျုပ်တို့ရဲ့မုန်တိုင်းနဂါးရဲတိုက်ဟာ သူတစ်ပါးနဲ့ ပူးပေါင်းလေ့မရှိဘူးဆိုတာပဲ"

ချိန်ယန်ရှိန်က ခပ်မာမာပြန်ပြောသည်။

"အရင်က မလိုအပ်ပေမယ့် အခုဖြစ်ပေါ်နေတဲ့ အခြေအနေအရ ရှင်တို့အနေနဲ့ အကူအညီလိုအပ်နေတယ်ဆိုတာကို သဘောပေါက်ပါ၊ ကျွန်မတို့ မုန်တိုင်းနဂါးရဲတိုက်မှာ ထပ်ဆုံကြပါစို့"

ရှလိယန်က ဤသို့ပြောပြီး မြင်းကို အသားကျစီးကာ ထွက်ခွာသွားသည်။ ဝတ်စုံဖြူဝတ် မြင်းစီးသမားများလည်း ရှလိယန်၏နောက်မှ လိုက်ပါသွားကြလေသည်။

မုန်တိုင်းနဂါးရဲတိုက်၏ လက်ျာရဲတိုက်မှူး ချန်လန်ရှိန်မှာမူ တွေဝေစဉ်းစားရင်း မြင်းကုန်းနှီးထက်တွင် ငေးငေးငိုင်ငိုင် မလှုပ်မယှက် ထိုင်၍နေလေသည်။

လက်ျာရဲတိုက်မှူးက ဘာစကားမျှမဆို၊ ဘာအမိန့်မျှလည်း မပေး။ ငေးငိုင်တွေဝေငြိမ်သက်နေရာ သူ၏နောက်တော်ပါ မုန်တိုင်းနဂါးတိုက်၏ သိုင်းသမားများမှာလည်း ဘာဆက်လုပ်ရမည် မသိကြဘဲ သည်အတိုင်း ငြိမ်၍နေကြလေသည်။

ချန်ယန်ရှိန်သည် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး၏



သမီး ရှလိယန် ပြောသွားသော မိမိတို့ရဲတိုက်နှင့် ပူးပေါင်းကူညီဆောင်ရွက်ကြမည်ဆိုသော စကားများကို အလေးအနက် စဉ်းစားတွေးတောဆင်ခြင်နေခြင်း ဖြစ်သည်။

ဟန်ဟိတ်ကြီးကာ မိမိ၏ သိုင်းပညာနှင့်ပတ်သက်၍ မာန်ဝင့်မောက်ကြွားနေသော ချန်ယန်ရှိန်သည် အမှန်အတိုင်းပြောရလျှင် မည်သူနှင့်မျှ ပူးပေါင်းလိုသည့်ဆန္ဒမရှိ။ မိမိ၏သိုင်းပညာအစွမ်းအစဖြင့် မိမိဘာသာ စိတ်ကြိုက် လွတ်လပ်စွာ လုပ်ဆောင်လိုသည်။

သို့သော် ကျန်းလိန်ဂူ၏ မိုးပုလဲဓားနှင့်ပတ်သက်သော ကိစ္စသည် သာမန်မဟုတ်ဘဲ သိုင်းလောကတစ်ခုလုံးလိုလို စိတ်ဝင်စားနေကြပေရာ မိမိတို့ မုန်တိုင်းနဂါးရဲတိုက်၏ အင်အားမျှနှင့် ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်နိုင်မည်မဟုတ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သဘောပေါက်သည်။

သည်လို အထူးအရေးပါလှသည့်ကိစ္စကြီးတစ်ခု ပြေလည်အောင် ဆောင်ရွက်မှုကို သိုင်းလောကတစ်လွှားသည် လိပ်သတ်ပွဲဟု တင်စားပြောဆိုလျက် သိုင်းသမားအများစုပေါင်း လုပ်ဆောင်ခဲ့သည့် အစဉ်အလာများ ရှိခဲ့သည်ကိုလည်း ကောင်းစွာသိသည်။

သူတစ်ဦးတစ်ယောက်၏ ဆန္ဒအရတော့ မည်သူ...

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဆောင်ရွက်ခြင်း မပြု၊ အခြား မည်သည့်သိုင်းဂိုဏ်း၊ သိုင်းမိသားစု၊ သိုင်းအဖွဲ့အစည်းနှင့်မျှ ပူးပေါင်းခြင်း မပြုလိုသော်လည်း အလွန်အရေးကြီးသော အရေးကိစ္စကြီးတစ်ခု ဖြစ်နေသည်မို့ မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ဟူလွန်က အခြားသူများ၏ အကူအညီကို လက်ခံယူရန် ဆုံးဖြတ်ခဲ့လျှင် ချန်ယန်ရှိန်အနေဖြင့် ဆန့်ကျင်နိုင်သည့် အခြေအနေတွင် ရှိမည်မဟုတ်ပေ။

ကျန်းလိန်ဝူ၏ မိုးပုလဲဓားနှင့်ပတ်သက်သည် သတင်းများကို မိမိတို့ မုန်တိုင်းနဂါးရဲတိုက်က လျှို့ဝှက်ထားခဲ့သော်လည်း ယခုမြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများ ရောက်ရှိလာခဲ့ကြပေရာ သည်ကိစ္စနှင့် ပတ်သက်၍ သိုင်းလောကတွင် သတင်းပျံ့နေသည်မှာ သေချာ ထင်ရှားနေလေပြီ။

မုန်တိုင်းနဂါးရဲတိုက်အနေဖြင့် လျှို့ဝှက်ထား၍ မဖြစ်တော့။

ဖြစ်ပေါ်လာသော အခြေအနေကို ရင်ဆိုင်ဖို့သာ ရှိတော့သည်။

"သွားကြမယ်"

အခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်ပြီးနောက် ဆန်ယန်ရှိန်က သူ့လူများကို အမိန့်ပေးလိုက်သည်။ လက်ျာရဲတိုက်မှူး



ချန်ယန်ရှိန်ဦးဆောင်သော နီလွင်သောဝတ်စုံဝတ် သိုင်းသမားများသည် မြင်းများကို အသော့နှင်ကာ ထွက်ခွာသွားကြသည်။

ခပ်စောစောက ရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်မှုများကြောင့် လှုပ်ရှားဆူညံခဲ့သော ထိုနေရာသည် မီးကို ရေနှင့်ဖျန်းသတ်လိုက်သလို ငြိမ်သက်တိတ်ဆိတ်သွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ချင်လိန်ဝေသည် စပ်စုတတ်သူတစ်ယောက် မဟုတ်ပါ။ မိမိလုပ်စရာရှိသည်များကိုသာ လုပ်ကာ သူတစ်ပါး၏ အကြားကိစ္စများတွင် ပါဝင်ပတ်သက်လေ့မရှိပေ။ ရှမ်းယန်မြို့ လရောင်ရိပ် စားသောက်ဆိုင်တွင် မုန်တိုင်းနဂါးရဲတိုက် လိပ်သတ်ပွဲကြီးအကြောင်း သတင်းစကားများ ကြားသိခဲ့ရစဉ်က နားထောင်ရုံသာ နားထောင်နေခဲ့သည်။ ပါဝင်ပတ်သက်ဖို့ စိတ်ကူး လုံးဝမရှိခဲ့ပေ။

ထို့ကြောင့်လည်း မိမိ၏ အရေးကိစ္စဖြစ်သော မိုးမျှော်တောင်ထွဋ်သို့ အရောက်ခရီးဆက်သွားဖို့ရန် ရှမ်းယန်မြို့က ထွက်လာခဲ့သည်။

သို့ရာတွင် လူငယ်သိုင်းသမားတစ်ယောက်ပီပီ ထူးခြားသော အရေးကိစ္စများတွင် စိတ်ဝင်စားမှုအခံက ရှိနေရာ မုန်တိုင်းနဂါးရဲတိုက်၊ လက်ျာတိုက်စစ်မှူး ချန်ယန်ရှိန်နှင့် မြောက်ပိုင်း နှင်းဖြူစံအိမ်တော်ရှင်ကြီး၏သမီး ရှုလိယန်တို့ ဆုံတွေ့ပြီး ပြောဆိုခဲ့ကြသည့် စကားများက ချင်လိန်ဝေကို အကြီးအကျယ် ဆွဲဆောင်ခဲ့လေသည်။



ဤကိစ္စတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ခြင်းမပြုဘဲ အခြေအနေကို ကောင်းစွာသိရှိရုံ သွားရောက်ကြည့်ရှုရမည်ဟု စိတ်ကူးမိသည်။ ထို့ကြောင့် ချင်လိန်ဝေသည် မိုးမျှော်တောင်ထွဋ်ဆီသို့ ခရီးမဆက်ဖြစ်သေးဘဲ မုန်တိုင်းနဂါးရဲတိုက်သို့ ခရီးလမ်းကြောင်းပြောင်းကာ သွားရောက်လေသည်။

မြောက်ပိုင်းနယ်ခြားဒေသသို့ ချင်လိန်ဝေ ယခင်က တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးပါ။ ယခု ပထမဆုံး ရောက်ရှိလာရာ အရာရာသည် သူ့အတွက် သူစိမ်းဖြစ်နေသည်။ မုန်တိုင်းနဂါးရဲတိုက် ဘယ်နေရာတွင် တည်ရှိ၍ ဘယ်လိုသွားရမည်ကိုပင် မသိပေ။

ထိုအရပ်ဒေသတွင် မုန်တိုင်းနဂါးတိုက်သည် အထူး နာမည်ကြီး၍ ထင်ရှားလှပေရာ တစ်ခါမျှ မရောက်ဖူးသော်လည်း ချင်လိန်ဝေ အတွက် အခက်အခဲတော့မရှိလှပါ။ အနည်းအကျဉ်း မေးမြန်းလိုက်ရုံနှင့် မုန်တိုင်းနဂါးရဲတိုက်တည်ရှိရာ နေရာကိုသိသည်။ သွားရမည့်လမ်းကိုလည်း သိသည်။

စုံစမ်းသိရှိရသော လမ်းညွှန်အတိုင်း သွားရာ မုန်တိုင်းနဂါးရဲတိုက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိသွားလေသည်။

အချိန်က မွန်းလွဲပိုင်း …။

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းနဂါးရဲတိုက်သည် ဝင်ထွက်သွားလာသူများနှင့် စည်ကားလှုပ်ရှားနေသည်။ ချင်လိန်ဝေ ရဲတိုက်ထဲသို့ ဝင်ရောက်ရန် အပြုတွင် ရဲတိုက်ဝင်း ဝင်ပေါက်မကြီး ရှေ့သို့မြင်းလှည်းတစ်စီး ဆိုက်ရောက်လာသည်။

လှည်းအိမ်မှာ ရွှေချလျက် ရတနာများ စီခြယ်ထားသည်။ လှည်းဆွဲမြင်းနှစ်ကောင်ကလည်း မျိုးကောင်းမျိုးသန့် မြင်းချော မြင်းလှကြီးများ ဖြစ်သည်။ သားရေကိုယ်ကြပ်အင်္ကျီများ ဝတ်လျက် ဝက်ဝံသားရေ ဦးထုပ်များဆောင်းထားကြသည့် လူငယ်သိုင်းသမား (၁၀) ယောက်က မြင်းလှည်းကို ခြံရံလိုက်ပါလာကြသည်။

မြင်လိုက်ရုံနှင့်ပင် မြင်းလှည်းပေါ်တွင် ပါရှိလာသူသည် ချမ်းသာကြွယ်ဝပြီး အဆင့်အတန်းမြင့်မားသော အထင်ကရ သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်မည်ဟု သိရှိနိုင်သည်။ မြင်းလှည်းပေါ်တွင် ပါလာသူ မည်သူမည်ဝါ ဖြစ်ကြောင်း သိလိုသောကြောင့် ချင်လိန်ဝေသည် ရဲတိုက်ဝင်းထဲသို့ မဝင်သေးဘဲ ဝင်ပေါက်တံခါးမကြီးများတွင် မယောင်မလည် ရပ်နေလိုက်သည်။

"ဂျက်မွန်ဂိုနယ် သိုင်းသမားလေး ထျန်းလုံပုရည် ရောက်လို့ လာပါတယ်"



ရွှေချထားသော မြင်းလှည်းကို အခန့်သားမောင်းလာသော ရွှေချည်ထိုး ဝတ်စုံဝတ်ထားသူ ဥပဓိရုပ်ကောင်းကောင်း လူကြီးက အောင်မြင်ခံ့ညားစွာ ပြောလိုက်သည်။ ထိုလူကြီး၏ ပြောပုံဆိုဟန် အသွင်အပြင်တို့သည် ဘုရင့်နန်းတော်မှ သံတော်ဆင့်ဝန်တစ်ပါးနှင့်ပင် တူသေးသည်ဟု ချင်လိန်ဝေ တွေးလိုက်မိသည်။

သိုင်းလောက အတွေ့အကြုံ နုနယ်ကာ သိုင်းလောကနှင့် ပတ်သက်သည့် ဗဟုသုတ အသိအမြင်လည်း နည်းပါးသော ချင်လိန်ဝေသည် ဂျက်မွန်ဂိုနယ်မှ သိုင်းမင်းသားလေး ထျန်းလုံပုရည်အကြောင်းတော့ အနည်းအကျဉ်း ကြားဖူးထားသည်။

ဂျက်မွန်ဂိုနယ်၏ မင်းသွေးပါသူတစ်ယောက်ဖြစ်ပြီး သိုင်းပညာလည်း အတော်ကောင်းကာ မာနကြီးသည့် သိုင်းပညာရှင် မင်းသားတစ်ပါးဟု သိထားသည်။

"ကြွပါ ခင်ဗျား ... ဂျက်မွန်ဂိုနယ်သား သိုင်းမင်းသားလေးကို နဂါးရဲတိုက်က ကြိုဆိုပါတယ်"

ရဲတိုက်တံခါးမှူးက ဦးညွှတ်အရိုအသေပေးကာ ညာလက်ကို မြှောက်၍ အချက်ပြလိုက်သည်။ လူတစ်ယောက် ဝင်ထွက်နိုင်ရုံ တံခါးချပ်ငယ်လေးကိုသာ ဖွင့်ထားသော ရဲတိုက်ဝင်း ပင်မတံခါးကြီး

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်းပွင့်သည်။

တံခါးကြီး လုံးလုံးလျားလျား ပွင့်သွားသောအခါ ဂျက်မွန်ကိုနယ်သိုင်းသမားလေး ထျန်းလုံပုရည် စီးနင်းပါရှိသော ရွှေချထားသည့်မြင်းလှည်းနှင့် အခြံအရံမြင်းစီးသမားများ ရဲတိုက်ဝင်းထဲသို့ ခပ်မှန်မှန် ဝင်ရောက်သည်။ သူတို့ အုပ်စု ဝင်သွားပြီးသည်နှင့် ရဲတိုက်ဝင်းပင်မတံခါးကြီး ဂျိန်းခနဲ ပိတ်သည်။

ထိုတံခါးမကြီး၏ တစ်နေရာရှိ လူတစ်ယောက် ဝင်ထွက်နိုင်ရုံ တံခါးချပ်ငယ်လေးသာ ပွင့်နေသည်။

ကျန်သာမန်ဧည့်သည်များ ထိုတံခါးလေးမှ ဝင်ကြရာ ချင်လိန်ဝေလည်း အများနှင့်ရောကာ ဝင်သည်။ လိပ်သတ်ပွဲကြီးအတွက် မုန်တိုင်းနဂါးရဲတိုက်သို့ သိုင်းသမားများ အဝင်အထွက်များပြားနေချိန်မို့ အထွေအထူး စစ်ဆေးခြင်း မခံရဘဲ အလွယ်တကူပင် ဝင်ရောက်နိုင်ခဲ့သည်။

ချင်လိန်ဝေ မုန်တိုင်းနဂါးရဲတိုက် ပရဝဏ် ဝင်းထဲသို့ ဝင်ရောက်သွားသည့်အချိန်တွင် ဂျက်မွန်ကိုနယ် သိုင်းမင်းသားလေး ထျန်းလုံပုရည်၏ မြင်းလှည်းသည် ဝင်ပေါက်တံခါးမကြီးနှင့် မလှမ်းမကမ်းရှိ ဧည့်ကြိုဆောင်ရှေ့သို့ ရောက်ရှိရပ်တန့်နေသည်။



ချင်လိန်ဝေလည်း ဧည့်ကြိုဆောင်ဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားသည်။ ထိုနေရာတွင် သိုင်းသမားအတော်များများ စုရုံး၊ စုရုံးဖြစ်နေကြရာ ချင်လိန်ဝေလည်း အများကြား ဝင်ရောတိုးဝင်သည်။

ဧည့်ကြိုဆောင်ထဲမှ လူနှစ်ယောက်ထွက်လာကြသည်။ တစ်ဦးမှာ ချင်လိန်ဝေမြင်ဖူးပြီး ကောင်းစွာမှတ်မိသိရှိနေသူ မုန်တိုင်းနဂါးရဲတိုက်၏ လက်ျာရဲတိုက်မှူး ချန်ယန်ရှိန် ဖြစ်သည်။ ကျန်တစ်ယောက်ကိုတော့ ချင်လိန်ဝေ မမြင်ဖူးပါ။

ထိုသူသည် ချန်ယန်ရှိန်ထက် အသက်အနည်းငယ် ငယ်ရွယ်သည်။ ချန်ယန်ရှိန် ဝတ်ဆင်သော သိုင်းဝတ်စုံနှင့်ဆင်တူ နီလွင်သော သိုင်းဝတ်စုံ ဝတ်ထားသည်။ ပုံစံတူ ဖြစ်သော်လည်း အကောင်းစားပိုးသားဖြင့် ချုပ်ထားပြီး သွားလာလှုပ်ရှားရာ မာန်အပြည့် ဟန်အပြည့် ရှိသည်။ ချန်ယန်ရှိန်ကလည်း ထိုသူကို လေးခန့်သည့်အသွင်သိသာပေါ်လွင်သည်။

မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ဖြစ်မည်ဟု ချင်လိန်ဝေ၏ စိတ်ထဲတွင် ခန့်မှန်းမိသည်။

"ဂျက်မွန်ကိုနယ် သိုင်းမင်းသားလေးကိုယ်တိုင် ကြွရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတာကိုး။ ကျုပ်တို့ မုန်တိုင်းနဂါးရဲတိုက်က မင်းသားလေးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်"

အဖိုးတန် အကောင်းစား ပိုးသားဝတ်စုံ ဆင်မြန်းထားသူက အားတက်ရွှင်လန်းစွာ ကြိုဆိုစကားဆိုသည်။

ရွှေချထားသော မြင်းလှည်းတံခါး ပွင့်သွားပြီး ဂျက်မွန်ဂိုနယ် သိုင်းမင်းသားလေး ထျန်းလုံပုရည် ဟန်ဟိတ်အပြည့်နှင့် ဆင်းလာသည်။ အမည်ကို ကြားဖူးရုံသာရှိခဲ့သော ဂျက်မွန်ဂိုနယ်သိုင်းမင်းသားလေးကို ချင်လိန်ဝေက သေသေချာချာပင် အကဲခတ်ကြည့်ရှုသည်။

ထျန်းလုံပုရည်သည် အသက် (၃၀) ဝန်းကျင်အရွယ် ဖြစ်သည်။ အရပ်မြင့်မားပြီး ပိန်သွယ်သည်။ ရွှေပြားခတ်ကြယ်သီးအင်္ကျီနှင့် ကျားသစ်ရေ ဘောင်းဘီရှည်ဝတ်ကာ မွန်ဂိုလူမျိုးများ စီးလေ့ရှိသော မြင်းသားရေမြင်းစီးဖိနပ်ရှည် စီးထားသည်။

ရွှေကွင်းခါးပတ်ကို ပတ်ထားကာ ရွှေဓားတစ်ချောင်း ခါးပတ်တွင် ချိတ်ထားသည်။ အပေါ်စား လေးတစ်စင်းနှင့် မြားကျည်တောက်ငယ်တစ်ခု နောက်ကျောတွင် သိုင်းလွယ်ထားသည်။

ထျန်းလုံပုရည် မြင်းလှည်းထက်မှ ဆင်းလိုက်သည်နှင့် မြင်းလှည်းကို ခြံရံပါရှိလာကြသော မြင်းစီးသမားများလည်း ပြိုင်တူပင် မြင်းကုန်းနှီထက်မှ ဆင်းကြသည်။ ထိုသူများအနက်မှ (၂) ယောက် ထျန်းလုံပုရည်၏ ဝဲယာတစ်ချက်စီသို့ ရောက်လာကြသည်။



တစ်ယောက်က တဲမောင်းလုံတစ်လက်ကိုထားကာ တစ်ယောက်က ဓားလွယ်တစ်ခုကိုင်ထားသည်။ ထျန်းလုံပုရည်၏ လက်သုံးတော် လက်နက်များဖြစ်ပေလိမ့်မည်။

"ရှန်ကင်းစင်း ... စကားရောဖောရော လုပ်မနေပါနဲ့၊ ခင်ဗျားတို့ မုန်တိုင်းနဂါးရဲတိုက်နဲ့ ကျုပ်တို့ ဂျက်မွန်ဂိုနယ်ဟာ ချောင်းရေနဲ့ ကန်ရေလို ကိုယ့်ဘာသာကိုယ် သီးခြားနေလာခဲ့တာ အားလုံးအသိပဲ၊ ဒါပေမဲ့ ဒီနေ့တော့ ကျန်းလိန်ဂူရဲ့ မိုးပုလဲဓားကိစ္စနဲ့ပတ်သက်ပြီး ကျုပ်တို့နှစ်ဦးနှစ်ဖက် ဆက်နွယ်လာခဲ့ကြပြီ"

ထျန်းလုံပုရည်က ခပ်မာမာ ပြောသည်။ မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှန်ကင်းစင်းက တဟားဟား ရယ်မောလိုက်ပြီး...

"ဂျက်မွန်ဂိုနယ်က သိုင်းမင်းသားလေးကလည်း ကျန်းလိန်ဂူရဲ့ မိုးပုလဲအတွက် ရောက်လာတာပဲကိုး၊ ကောင်းပါပြီ ... ဧည့်ခန်းဆောင်ထဲကိုကြွပါ၊ အချိန်တန်ရင် ဒီကိစ္စနဲ့ပတ်သက်ပြီး စကားပြောကြကာပေါ့၊ သြော် ... ဧည့်သည့်တွေ အတော်များပြားတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရဲတိုက်ရဲ့ လေ့ကျင့်ရေးအဆောင်ကြီးတစ်ခုလုံးကို ယာယီ ဧည့်ခန်းဆောင်အဖြစ် သတ်မှတ်ထားတာကိုတော့ နားလည်စေချင်ပါတယ်"

"ရပါတယ်လေ ... ဒီလိုအခြေအနေမှာ ဒီလိုပဲ လုပ်ကြရမှာပေါ့"

ရဲတိုက်သခင်ကြီး ရှန်ကင်းစင်းနှင့်လကျ်ာရဲတိုက်မှူး ချန်ယန်ရှိန်တို့၏ လမ်းပြညွှန်ကြားမှုဖြင့် ဂျက်မွန်ဂိုနယ် သိုင်းမင်းသားလေး ထျန်းလုံပုရည်သည် ယာယီဧည့်ခန်းဆောင်အဖြစ် သတ်မှတ်ပြင်ဆင်ထားသော မုန်တိုင်းနဂါးရဲတိုက်၏ သိုင်းလေ့ကျင့်ရေး အဆောင်ကြီးထဲသို့ လိုက်ပါလာခဲ့သည်။

☆ ☆ ☆



အနံ ဝါး (၃)ပြန်ကျော်၊ အလျား ဝါးအပြန် (၈၀)မျှ ကျယ်ဝန်းသော မုန်တိုင်းနဂါးရဲတိုက်၏ သိုင်းလေ့ကျင့်ရေးခန်းမဆောင်ကြီးထဲတွင် အပြည့်နီးပါး သိုင်းသမားများ ရောက်ရှိနေကြသည်။

ထျန်းလုံပုရည်သည် သီးသန့်ပြင်ဆင်ထားသော နေရာရှိထိုင်ခုံကြီးတစ်ခုတွင် ဟန်ပါပါ ဝင်ထိုင်လိုက်သည်။ သူ၏ လက်သုံးတော် လက်နက်များဖြစ်သော ဘဲဘေးလှံနှင့် ဓားရှည်ကြီးတို့ကို ကိုင်ထားကြသော ကိုယ်ရံသိုင်းသမား (၂) ယောက်က ထိုထိုင်ခုံကြီး၏ ဝဲယာတစ်ဖက်တစ်ချက်တွင် လက်သုံးတော်လက်နက်များကို ပိုက်ရင်း မားမားကြီးရပ်ကြသည်။

ကျန်ကိုယ်ရံတော် ဂျက်မွန်ဂိုသိုင်းသမား (၈) ယောက်ကတော့ သာမန်သိုင်းဧည့်သည်များအတွက် ခင်းကျင်းပေးထားသော ထိုင်ခုံများတွင် ဝင်နေရာယူကြသည်။

"ကျင်းလိန်ဝူ ဘယ်မှာလဲ"

နေရာတွင်ထိုင်ပြီးနောက် ဂျက်မွန်ဂိုနယ်သိုင်းမင်းသား

www.burmeseclassic.com

www.burmeseclassic.com



ထျန်းလုံပုရည်က မုန်တိုင်းနဂါးရဲတိုက်သခင်ကြီးကို မေးလိုက်သည်။

"သိုင်းမင်းသားလေးကလည်း ဒီနေရာအထိ ရောက်လာပြီးမှတော့ ဘာကြောင့် လောကြီးနေမှာလဲ၊ စိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်မှပေါ့"

ရှန်ကင်းစင်းက လေသံအေးအေးဖြင့် ပြောသည်။

"ဒီမှာ ရှန်ကင်းစင်း ... အခုကတည်းက ရှင်းအောင်ပြောထားမယ်၊ ကျန်းလိန်ဂူရဲ့ မိုးပုလဲတေးကို ကျုပ်တို့ ဂျက်မွန်ဂိုနယ်ကလည်း စိတ်ဝင်စားတယ်၊ ဒါကြောင့် မုန်တိုင်းနဂါးရဲတိုက်တစ်ခုတည်းက အပိုင်မစီးဖို့ သတိပေးချင်တယ်"

ဂျက်မွန်ဂိုနယ် သိုင်းမင်းသားလေး ထျန်းလုံပုရည်ကလည်း ပြောစရာရှိသည်ကို ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"ဒီကိစ္စက မင်းသားလေးနဲ့ ကျုပ်တို့မုန်တိုင်းနဂါး ရဲတိုက်နှစ်ဖွဲ့တည်းသာ သိကြတာ မဟုတ်တော့ဘူး၊ တစ်ယောက်ကစ တစ်ရာဆိုသလို သိုင်းလောကတစ်လွှား သတင်းပြန့်နှံ့နေပြီဆိုတာကိုတော့ အလေးအနက်ထားစေချင်တယ်"

ထျန်းလုံပုရည်က မျက်နှာတစ်ချက်ပျက်သည်။

တစ်စုံတစ်ရာ ပြောလိုက်မည်အပြု မုန်တိုင်းနဂါးရဲတိုက်၏



အစောင့်တာဝန်ကျ သိုင်းသမားတစ်ဦးမှာ အံပြေးအလွှား ရောက်ရှိလာသည်။

"ရဲတိုက်သခင်ကြီးကို သတင်းပို့ပါတယ်၊ မြောက်ပိုင်း နှင်းဖြူစံအိမ်တော်က စံအိမ်သခင်ကြီး ရှလုံရဲ့သမီး ရှလီယန် ဦးဆောင်တဲ့ သိုင်းသမားအဖွဲ့ ရောက်ရှိလာပါတယ်"

အစောင့်တာဝန်ကျ သိုင်းသမားက သတင်းပို့သည်။

"ဒီနေရာကို ဖိတ်ခေါ်ခဲ့ပါ"

ရှန်ကင်းစင်းက အမိန့်ပေးလိုက်သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ရှလိယန်ဦးဆောင်သော မြောက်ပိုင်းနှင်းဖြူရဲတိုက် သိုင်းသမားအုပ်စု ယာယီဧည့်ခန်းဆောင်ထဲ ဝင်ရောက်လာကြသည်။

"ကြွကြွပါ ကြွကြွပါ ... မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သခင်ကြီးရဲ့သမီးကိုယ်တိုင် ဦးဆောင်လာတယ်ဆိုတော့ အရေးတကြီးကိစ္စ ရှိမှာပါပဲ"

ရှန်ကင်းစင်းက ကြိုဆိုစကားပြောသည်။

ရှလိယန်သည် ရှန်ကင်းစင်းတို့ရှိနေသော အထူးနေရာဆီသို့ ဟန်ပါပါလျှောက်လှမ်းလာသည်။

သူမ၏ နောက်တော်ပါး နှင်းဖြူစံအိမ်တော်သိုင်းသမားများကမူ သာမန်သိုင်းဧည့်သည်များအတွက် ခင်းကျင်းထားသော ခုံတန်းရှည်တစ်ခုတွင် ဝင်ထိုင်ကြသည်။

ရှလိယန်၏ လက်စွဲရံရွေတော် မိန်းကလေးတစ်ယောက်သာ အထူးသီးသန့်နေရာသို့ လိုက်လာသည်။ ရှလိယန်ထိုင်သော ထိုင်ခုံ၏ ညာဘက်တွင် မားမားကြီး မတ်တတ်ရပ်သည်။



"ရဲတိုက်သခင်ကြီးရှန် ... ကျန်းမာချမ်းသာပါစေရှင်"

ရှလိယန်က မုန်တိုင်းနဂါးရဲတိုက်သခင်ကြီးကို နှုတ်ဆက်စကားဆိုရင်း ထျန်လုံပုရည်ကို အကဲခတ်သလို တစ်ချက် လှမ်းကြည့်သည်။

"မိန်းကလေး ... နာမည် ကြားသိပြီးဖြစ်မှာပါ၊ ဒီဧည့်သည်တော်က ဂျက်မွန်ဂိုနယ်က သိုင်းမင်းသားလေး ထျန်းလုံပုရည် ဖြစ်ပါတယ်"

ရှန်ကင်းစင်းက ကြားဝင်မိတ်ဆက်ပေးသည်။

ထျန်းလုံပုရည်အနေဖြင့် သည်နေရာသို့ ရောက်ရှိလာသူများနှင့် မိတ်ဖွဲ့ခြင်းမပြုလိုပါ။

သို့သော် ယခုလိုအခြေအနေတွင် ရန်သူမများလိုသောကြောင့် ရှန်ကင်းစင်း၏မိတ်ဆက်ပေးမှုကို လိုက်လျောလက်ခံကာ ရှလိယန်ကို အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။

"ဂျက်မွန်ဂိုနယ်က သိုင်းမင်းသားလေး ရောက်ရှိနေတာ အတော်ပါပဲ၊ ကျွန်မ ပြောမယ့်စကားတွေက ဂျက်မွန်ဂိုနယ် သိုင်းမင်းသားလေးနဲ့လည်း ပတ်သက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှမိန်းကလေးက ဘာများပြောချင်လို့လဲ"

ထျန်းလုံပုရည်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး အေးစက်စက်လေသံနှင့် မေးသည်။

"ဟုတ်ကဲ့ ... ပြောစရာရှိတာကို ပြောပါတော့မယ်၊ အခု ဒီမှာရှိနေကြတဲ့ သိုင်းမင်းသားလေး ထျန်းလုံပုရည်ရော၊ မုန်တိုင်းနဂါး ရဲတိုက်သခင်ကြီးပါ ကျန်းလိန်ဂူရဲ့ မိုးပုလဲဓားကို အရယူချင်နေကြတဲ့ သူတွေချည်းပါပဲ၊ ကျွန်မတို့ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ကလည်း မိုးပုလဲဓားကို အရယူချင်ပါတယ် ဒါပေမဲ့"

ရှလိယန်က စကားကို ဆုံးအောင် မပြောသေးဘဲ တစ်ပိုင်း တစ်စ ရပ်လိုက်ပြီး ထျန်းလုံပုရည်နှင့် ရှန်ကင်းစင်းတို့ကို အကဲခတ် သလို ကြည့်လိုက်သည်။

ထျန်းလုံပုရည်နှင့် ရှန်ကင်းစင်းတို့ နှစ်ဇယာက်က ဘာမျှ မပြော။ နှုတ်ဆိတ်နေကြသည်။

ရှလိယန်ကသာ ဆက်ပြောသည်။

"ခပ်ရှင်းရှင်းပြောရရင် ကျွန်မတို့သုံးဖွဲ့မှာ ဘယ်အဖွဲ့ကမှ ကျင်းလိန်ဂူရဲ့ မိုးပုလဲဓားကို တစ်ဖွဲ့တည်းနဲ့ အရမယူနိုင်ပါဘူး ... ဒါကို အားလုံးသိကြပါတယ်၊ ဒီတော့ ကျွန်မတို့အားလုံး အတူလက်တွဲ



ကြမယ်ဆိုရင် အောင်မြင်ပြီးမြောက်မှာ အမှန်ပဲ၊ အဲဒီကိစ္စ အောင် မြင်ပြီးမြောက်တော့မှ ရရှိလာမယ့်အကျိုးစီးပွားကို သုံးဖွဲ့ဝေမျှခံစား ကြဖို့ပါပဲ၊ ဒီအကြံပြုချက်နဲ့ပတ်သက်ပြီး ရဲတိုက်သခင်ကြီးရှန်နဲ့ သိုင်း မင်းသားလေးထျန်းလုံတို့ ဘယ်လိုသဘောရတယ်ဆိုတာ ကျွန်မ သိ ပါရစေ"

"မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရဲ့ စိတ်ကူးအစီအစဉ် ကောင်းပါတယ်"

ရှန်ကင်းစင်းက သဘောတူသည့် သဘောမျိုးဖြင့် ပြော သည်။

"ကျုပ်ကတော့ လက်မခံနိုင်ဘူး၊ မပူးပေါင်းနိုင်ဘူး"

ထျန်းလုံပုရည်က ခပ်ပြတ်ပြတ်ပင် ကန့်ကွက်သည်။

"ဒီလိုမပြောပါနဲ့လေ ... မင်းသားလေးတို့တစ်ဖွဲ့တည်းရဲ့ အင်အားနဲ့ ဒီကိစ္စကို ပြေလည်အောင်မဖြေရှင်းနိုင်ဘူးဆိုတာကိုတော့ သိပါလိမ့်မယ်"

ရှန်ကင်းစင်းက စကားထောက်သည်။

"မိုးပုလဲဓားကို အရမယူနိုင်ရင်လည်း နေပါစေ၊ သူများ တကာတွေနဲ့တော့ အတူတူ မပူးပေါင်းနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထျန်းလုံပုရည်က အပြတ်ပြောသည်။

"ကျွန်မတို့ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်က လူတွေ မုန်တိုင်းနဂါးရဲတိုက်ကို ဒီနေ့ရောက်လာခဲ့တာက အတူတကွ ပူးပေါင်းဆောင်ရွက်ကြဖို့ပါပဲ၊ ဂျက်မွန်ဂိုနယ်သိုင်းမင်းသားလေးက ပူးပေါင်းဆောင်ရွက်မှုကို လက်သင့်မခံဘူးဆိုရင်လည်း သဘောပါပဲ၊ ဘေးထွက်ပြီးသာ နေလိုက်ပါ"

ရှုလိယန်ကလည်း စကားအပြတ်ဆိုလာသည်။

ထျန်းလုံပုရည် ဒေါသထွက်ကာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်သည်။

အခြေအနေ ရုတ်တရက် တင်းမာလာလေရာ မုန်တိုင်းနဂါးရဲတိုက်သခင် ရှန်ကင်းစင်းက ကပျာကယာပင် ဝင်ရောက်ဖြန်ဖြေရလေသည်။

"မိတ်ဆွေတို့နှစ်ယောက် စိတ်ထိန်းကြပါ၊ ဒေါသမကြီးကြပါနဲ့၊ ပြောစရာရှိတာကို အေးအေးဆေးဆေး ပြေပြေလည်လည် ပြောကြပါ"

သိုင်းမင်းသားထျန်းလုံပုရည် ထိုင်ခုံတွင် ပြန်ထိုင်ချလိုက်သည်။



"ကျန်းလိန်ဂူ ဘယ်မှာလဲ"

စိတ်တိုနေသေးသော ထျန်းလုံပုရည်သည် အခြားစကားများ ပြောမနေတော့ဘဲ လိုရင်းကိုသာ မေးလိုက်သည်။

"သူ ဘယ်မှာရှိနေတယ်ဆိုတာကို ကျုပ်တို့လည်း မသိပါဘူး"

ရှန်ကင်းစင်းက ပြန်အဖြေပေးသည်။

"မသိဘူး ... ဟုတ်လား၊ ကျန်းလိန်ဂူ ဘယ်မှာရှိမှန်းမသိဘဲနဲ့ ခင်ဗျားတို့ မုန်တိုင်းနဂါးရဲတိုက်က လိပ်သတ်ပွဲလုပ်မလေး ဘာလေးဆိုပြီး ဘာကြော င့်သတင်းလွှင့်ရတာလဲ"

"ကျန်းလိန်ဂူ ဒီရဲတိုက်ကို ရောက်လာပါလိမ့်မယ်"

ရှုလိယန်က ကြားဝင်ကာ ပြောသည်။

"မိန်းကလေးကို မေးနေတာ မဟုတ်ဘူး"

ထျန်းလုံပုရည်က ခပ်ဆတ်ဆတ် ပြောလိုက်ရာ ရှုလိယန် မျက်နှာကွက်ခနဲ ပျက်သည်။

"ကျန်းလိန်ဂူ ဒီနေ့ နေ့မဝင်ခင် ကျုပ်တို့ မုန်တိုင်းနဂါးရဲတိုက်ကို ရောက်လာမှာ သေချာပါတယ်၊ ကျုပ် ရဲရဲကြီး အာမခံတယ်"

ထျန်းလုံပုရည်နှင့် ရှုလိယန်တို့အကြား အကျယ်အကျယ်

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းဖွယ် တင်းမာမှုဖြစ်မလာစေရန် ရှန်ကင်းစင်းက ဝင်ချအာမခံလိုက်သည်။

စကားမပြတ်သလို ဖြစ်လျက် ငြိမ်သက်သွားသည်။

☆ ☆ ☆



ထိုအချိန်မှာပင် ...

မုန်တိုင်းနဂါးရဲတိုက် သိုင်းလေ့ကျင့်ရေးခန်းမအဆောင်ထဲသို့ လူသုံးယောက် လျှောက်လှမ်းဝင်ရောက်လာကြသည်။

အသက် (၂၀) ဝန်းကျင်အရွယ် ဝတ်စုံဖြူဝတ်လူရွယ်က ရှေ့ဆောင်လျက် မီးခိုးရောင်ဝတ်စုံဝတ် သက်လတ်ပိုင်းအရွယ်ယောကျ်ားကြီးနှစ်ယောက်က နောက်ဘက်ခြေတစ်လှမ်းအကွာမှ ခြံရံလိုက်ပါလာသည်။

ဝတ်စုံဖြူဝတ်လူရွယ်ကို မြင်လိုက်သည်တွင် ချင်လိန်ဖေ အတော်ပင် စိတ်လှုပ်ရှားသွားသည်။

ထိုလူရွယ်မှာ ...

ရှမ်းယန်မြို့ လရောင်ရိပ်စားသောက်ဆိုင်တွင် မိမိကို ထိုင်ခုံနေရာလွှတ် ဖိတ်ခေါ်ပေးအပ်ခဲ့သူဖြစ်ကြောင်း ချင်လိန်ဖေ ချက်ချင်းမှတ်မိသည်။

နောက်ပါးမှ ခြံရံလိုက်ပါလာသော ယောကျ်ားကြီးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာလည်း လရောင်ရိပ်စားသောက်ဆိုင်တွင် လူရွယ်နှင့်အတူ တစ်စားပွဲထိုင်းတည်း ဝိုင်းထိုင်စားသောက်ခဲ့ကြသူများထဲမှ ဖြစ်သည်ကိုလည်း သိလိုက်သည်။

ထိုစဉ် ...

"ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်၊ လက်ဝဲရန် ကြူးဝိန်နဲ့ လက်ျာရံ စုကျင်းမိန်တို့ ရောက်ရှိလာကြပါတယ်"

မှန်တိုင်းနဂါးရဲတိုက်မှ ညွှန်ကြားတာဝန်ခံ၏ ကြေညာသံထွက်ပေါ်လာသည့်အတွက် ထိုလူရွယ်နှင့် နောက်တော်ပါးနှစ်ယောက်တို့သည် မည်သူမည်ဝါဖြစ်ကြကြောင်း ချင်လိန်ဝေ သိလိုက်ရလေသည်။

"မှန်တိုင်းနဂါးရဲတိုက်မှာ ဒီနေ့ သိုင်းပရိသတ် တယ်စည်ကားနေတာပဲကိုး၊ ကျွန်တော်တို့ ရောက်လာတာ အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်က လက်နှစ်ဖက်စုကာ ပင့်မြှောက် ဂါရဝပြုပြီး ပြောသည်။

"မဟုတ်တာ ... ဘာအနှောင့်အယှက်မှ မဖြစ်ပါဘူး၊ အခုလို ကြွရောက်လာတဲ့အတွက် ဂုဏ်တောင်ယူမိပါတယ်၊ ဓားစကြာဂေဟာရှင်နဲ့အတူ လက်ဝဲရံ၊ လက်ျာရံတို့ကို ကြိုဆိုပါတယ် ... ကြွကြွပါ"



မှန်တိုင်းနဂါးရဲတိုက်သခင်ရှန်ကင်းစင်းက ထိုင်နေရာမှ ထရပ်ကာ ကြိုဆိုစကားဆိုသည်။

ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်သည် တုံ့နေးတွန့်ဆုတ်ခြင်းမရှိဘဲ အထူးဧည့်သည်တော်များအတွက် ခင်းကျင်းပြင်ဆင်ထားသော သီးသန့်နေရာရှိ သိုင်းခုံလွတ်တစ်ခုတွင် ဝင်ထိုင်သည်။

ထိုထိုင်ခုံသည် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်သခင်ကြီး ရှုလုံ၏သမီး ရှုလီယန်ထိုင်နေသည့် ထိုင်ခုံ၏ ညာဘက်ကပ်လျက် ဖြစ်သည်။

လက်ဝဲရံ ကြူးဝိန်နှင့် လက်ျာရံ စုကျင်းပြည့်တို့က ဝန်ကျောက်ဖုန်၏ထိုင်ခုံနောက်တွင် မတ်တတ်ရပ်နေရာယူလိုက်ကြသည်။

အတန်ငယ် အလှမ်းဝေးသော်လည်း မိမိနှင့် သိပေါင်းကျွမ်းပေါင်းလို ဖြစ်နေသော ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်ကို ချင်လိန်ဝေက သေသေချာချာ စူးစိုက်အကဲခတ် ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကျောက်ဖုန်သည် ရွှေရောင်ဝင်းနေသော ရွှေခါးပတ်ကို ပတ်ထားကာ အရောင်မှိန် ဓားရှည်တစ်လက် ခါးပတ်တွင် ချိတ်ထားသည်။ ထို့ပြင် အနက်ရောင်သားရေကျာပွတ်တစ်ခုကိုလည်း ခါးတွင် ရစ်ပတ်ထားသည်။

ချင်လိန်ဝေ မျက်မှောင်မသိမသာ ကြုတ်သွားသည်။

သိုင်းလောကတွင် သိုင်းသမားများသည် မိမိတို့ အားသန်ရာ လက်နက်ကောင်းတစ်ခုကိုသာ ကိုင်စွဲအသုံးပြုကြလေ့ရှိသည်။ လက်နက်နှစ်မျိုးကိုင်စွဲသူ အတော်ပင် ရှားသည်။

ယခု ဝန်ကျောက်ဖုန်က ဓားရှည်နှင့် သားရေကျာပွတ် လက်နက်နှစ်မျိုး ကိုင်ဆောင်ထားရာ အတော်ပင် ဟန်ပါတ်များနေသည်။

အသက်ငယ်ရွယ်သော်လည်း ဂေဟာတစ်ခု၏ ဦးစီးခေါင်းဆောင်ဖြစ်နေသည့် ဝန်ကျောက်ဖုန်အနေဖြင့် မာန့်ဝင့်ကာဟန်ပါတ်ထုတ်နိုင်လောက်သည့် သိုင်းပညာအစွမ်းအစ ရှိလိမ့်မည်ဟု ချင်လိန်ဝေ တွေးမိသည်။ အထင်ကြီးလေးစားသည့် စိတ်တွေ ပေါ်ပေါက်လာသည်။

"ကမ်းလှမ်းခဲ့တာကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူ မတူ ပြတ်ပြတ်သားသားပြောပါ ရှန်ကင်းစင်း၊ သဘောမတူ၊ လက်မခံဘူးဆိုရင်လည်း ကျွန်မတို့ ဒီမှာ ဆက်နေစရာမရှိတော့ဘူး ... ပြန်တော့မယ်"



ရှလီယန်က ပြောသည်။

သူမ၏ညာဘက်ရှိ ထိုင်ခုံတွင် ထိုင်နေသူ ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်ကို မျက်လုံးစွေလျက် မသိမသာ ကြည့်သည်။

အခြားသိုင်းပရိသတ်များ သတိမမူမိကြသော်လည်း ချင်လိန်ဝေကတော့ တွေ့ဖြစ်အောင်တွေ့လိုက်သည်။

"မိန်းကလေး အလောတကြီး လုပ်မနေပါနဲ့၊ မိန်းကလေးရဲ့ ဖခင် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီးနဲ့ ကျွန်တော် ဆုံတွေ့ခဲ့ပြီးပါပြီ၊ သူနဲ့ ဒီမုန်တိုင်းနဂါးရဲ့တိုက်မှာ ပြန်ဆုံကြဖို့ သေသေချာချာ ချိန်းဆိုခဲ့ကြပါတယ်၊ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး ရှလုံ မကြာခင် ရောက်လာပါလိမ့်မယ်၊ မိန်းကလေးက သူ့ကို မတွေ့ချင်တော့ဘူးလား၊ ဘာကြောင့်များ အလောသုံးဆယ် ထွက်သွားချင်တာလဲ"

ဝန်ကျောက်ဖုန်၏စကားက ရှလီယန်ကို မုန်တိုင်းနဂါးရဲ့ တိုက်တွင် ဆက်လက်ရှိနေသွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုလိယန် ထွက်မသွားတော့။ မကျေနပ်သလိုလို၊ ငြူစူသလိုလို၊ မုန်းသလိုလို ဟွန့်ခနဲ နှာခေါင်းမှုတ်သံတစ်ချက်ပြုကာ နေရာတွင် ထိုင်မြဲဆက်ထိုင်နေလေသည်။

"ကျွန်တော် ဒီနေရာမှာ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီးနဲ့ ဆုံတွေ့ဖို့ ချိန်းဆိုခဲ့တာကို လက်ခံခွင့်ပြုစေချင်ပါတယ်"

ဝန်ကျောက်ဖုန်က မုန်တိုင်းနဂါးရဲတိုက်သခင်ကြီးထံ ခွင့်ပန်စကားဆိုသည်။

"ရပါတယ် ... အားနာစရာ မလိုပါဘူး"

ရှန်ကင်းစင်းက လိုက်လိုက်လျောလျော ပြန်ပြောသည်။

ထိုအချိန်မှာပင် မုန်တိုင်းနဂါးရဲတိုက်၏ အစောင့်တာဝန်ကျ သိုင်းသမားတစ်ယောက် ယာယီဧည့်ခန်းဆောင်အဖြစ် သတ်မှတ်ပြင်ဆင်ထားသော သိုင်းလေ့ကျင့်ရေးအဆောင်ကြီးထဲ ဝင်ရောက်လာကာ နတ်ဆိုးနက်ကျန်းဝေဖုန်း ရောက်ရှိလာကြောင်း ရဲတိုက်သခင်ကြီးကို သတင်းပို့အကြောင်းကြားသည်။

"နတ်ဆိုးနက်ကို ဖိတ်ခေါ်လာခဲ့ပါ"

ရှန်ကင်းစင်းက ပြောလိုက်သည်။

သူ့အသံသည် မသိမသာ တုန်ယင်လှုပ်ခတ်နေသည်။



ဂျက်မွန်ဂိုနယ် သိုင်းမင်းသားလေး ထျန်းလုံပုရည်နှင့် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်၏ သမီးရှုလိယန်တို့ အနည်းငယ်လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဓားစကြာဂေဟာရှင်ဝန်ကျောက်ဖုန်းကတော့ မတုန်မလှုပ်၊ တည်ကြည်ငြိမ်သက်စွာ ရှိနေလေသည်။

☆ ☆ ☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

နတ်ဆိုးနက်ကျန်းဝေ့ဖုန်း ယာယီစည့်ခန်းဆောင်အဖြစ် သတ်မှတ်ပြင်ဆင်ထားသော မုန်တိုင်းနဂါးရဲတိုက်၏ သိုင်းလေ့ကျင့်ရေး အဆောင်ကြီးထဲသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းဝင်ရောက်လာသည်။

ထိုအခါ ...

"မိတ်ဆွေကြီး ကျန်းဝေဖုန်းကို ကြိုဆိုပါတယ်၊ ခရီးအဝေးကြီးက လာခဲ့ရတဲ့အတွက် အတော်ပင်ပန်းနေပါပြီ"

မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှန်ကင်းစင်းက နတ်ဆိုးနက်ကျန်းဝေ့ဖုန်းကို ကြိုဆိုနှုတ်ဆက်သည်။

ကျန်းဝေ့ဖုန်းသည် ရှန်ကင်းစင်း၏ ကြိုဆိုမှုကို လက်ခံသည့် အနေဖြင့် တုံ့ပြန်ဂါရဝပြုပြီးနောက် ယာယီဧည့်ခန်းဆောင်ကြီးထဲ



တွင် ရှိနေကြသော သိုင်းဧည့်သည်ပရိသတ်များကို အကဲခတ် ကြည့်ရှုသည်။

ကျောက်မွန်ဂိုနယ်သိုင်းမင်းသားလေး ထျန်းလုံပုရည်၊ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး၏ သမီးရှုလီယန်၊ ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်တို့ အပါအဝင် သိုင်းလောက၏ အကျော်အမော် သိုင်းသမားတွေ စုဝေးရောက်ရှိနေကြသည်ကို တွေ့ရသောအခါ မျက်မှောင်တစ်ချက် ကြုတ်လိုက်လေသည်။

'လိပ်သတ်ပွဲ' သည် သူထင်ထားသည်ထက်ပင် ပို၍ စိတ်ဝင်စားသူ များပြားကာ အထူးပင် ရှုပ်ထွေးအရေးကြီးနေကြောင်းလည်း အကဲခတ်မိသည်။

"မုန်တိုင်းနဂါးရဲတိုက်သခင်ကြီးကို အားနာနာနဲ့ပဲ ကျွန်တော် မေးပါရစေ ... ကျန်းဂူလိန် ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ သိနေပါပြီလား"

ရှန်ကင်းစင်းက ခေါင်းခါယမ်းလိုက်ကာ ...

"မိတ်ဆွေကြီးကလည်း ပြောတော့မယ် ... သိုင်းလောကတစ်လွှားက ဘယ်သိုင်းသမားမှ ကျန်းဂူလိန်ရှိနေတဲ့နေရာကို မသိကြပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့များ ခင်ဗျားတို့က"

ရှန်ကင်းစင်းက လက်ဝါးကာပြလိုက်ရာ နတ်ဆိုးနက် ကျန်းဝေ့ဖုန်း စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

"ဒါပေမဲ့ မိတ်ဆွေကြီး စိတ်သာချပါ ... နေမဝင်ခင် ကျန်းဂူလိန် ဒီနေရာကို သေချာပေါက် ရောက်လာပါလိမ့်မယ်"

အမှန်အတိုင်းဆိုရလျှင် ...

ကျန်းဝေ့ဖုန်းသည် ကျန်းဂူလိန်နှင့် ဆွေဦးမျိုးစပ်တော်သည်။ ကျန်းဂူလိန်အပေါ်တွင်လည်း ခင်မင်မှု အနည်းအကျဉ်းရှိသည်။ ကျန်းဂူလိန်သည် သိုင်းပညာ အစွမ်းထက်မြက်သော်လည်း ယခု စုဝေးရောက်ရှိနေကြသည့် သိုင်းအကျော်အမော်များကို ယှဉ်နိုင်မည်မဟုတ်ကြောင်း နားလည်သည်။

မုန်တိုင်းနဂါးရဲတိုက်သို့ ကျန်းဂူလိန် ရောက်ရှိလာလျှင် အန္တရာယ်စက်ကွင်းထဲ တိုးဝင်သလိုဖြစ်ကာ ဇာတ်သိမ်းကောင်းမည်မဟုတ်ကြောင်းလည်း ခန့်မှန်းမိသည်။

သို့သော် ...

သူကိုယ်တိုင်မှာလည်း လျှပ်စီးဓားမြန်သိုင်း၏လက်ချက်ဖြင့် ဘယ်လက်မောင်းပြတ်ခဲ့ရသည်ကို လက်တုံ့ပြန်နိုင်ရန်အတွက် မိုး



ပုလဲဓားကို အားကိုးပြုရမည့် အခြေအနေရှိနေရာ အခြား သိုင်းအကျော်အမော်များနှင့် ပူးပေါင်းတန်က ပူးပေါင်းကာ ကျန်းဂူလိန်ကို အနိုင်တိုက်ခိုက်ရမည့် အနေအထားတွင် ရှိနေသည်။

ကျန်းဂူလိန်အပေါ် ငဲ့ညှာသနားနေ၍ မဖြစ်နေတော့ပေ။ သက်ပြင်းဖောတစ်ချက်သာ ခပ်လေးလေး ချမိလေသည်။

ရှန်ကင်းစင်းက ကျန်းဂူလိန် နေမဝင်မီ ရောက်လာမည်ဖြစ်ကြောင်း သေသေချာချာ အာမခံပြောကြားလိုက်ပြီးသည့်နောက် ယာယီဧည့်ခန်းဆောင်ထဲရှိ သိုင်းဧည့်သည်အပေါင်း နှုတ်ဆိတ်သွားကြသည်။ တီးတိုးပြောဆိုသံများ တိတ်ဆိတ်သည်။

စကားသံတွေ တိတ်ဆိတ်နေကြသော်လည်း သိုင်းဧည့်သည် ပရိသတ်အပေါင်း၏ စိတ်အစဉ်ကတော့ မတည်ငြိမ်။ လှုပ်ရှားနေကြသည်။ ကျန်းဂူလိန်ရောက်အလာကို စောင့်လင့်နေကြသည်။

ရှလိယန်သည် ခန်းမဆောင်အဝင်တံခါးပေါက်ဆီသို့ လှမ်းကြည့်နေသည်။

ဤနေရာသို့ ရောက်လာမည်ဆိုသော ကျန်းဂူလိန်ကို စောင့်လင့်နေခြင်း ဖြစ်သလို ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်နှင့် ဆုံတွေ့ရန် ချိန်းဆိုထားသည်ဆိုသော သူမဖခင် မြောက်ပိုင်းနှင့်ဖြူ။

www.burmeseclassic.com

www.burmeseclassic.com



စံအိမ်တော်ရှင် ရှုလုံကို မျှော်နေခြင်းလည်း ဖြစ်သည်။

သိုင်းဧည်သည့်ပရိသတ်များထဲတွင် အထူးခြားဆုံးကတော့ ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်ဖြစ်သည်။

ဝန်ကျောက်ဖုန်သည် ခန်းမဆောင်တံခါးဆီသို့လည်း လှမ်းမမျှော်၊ ယာယီဧည့်ခန်းဆောင်ထဲတွင်လည်း မျက်စိမကစား။ သူ့ဘေးတွင်ထိုင်နေသော ရှုလီယန်ကိုပင် ငဲ့စောင်း၍မျှ မကြည့်။ ဘာကိုမျှ စိတ်ဝင်စားမှုမရှိဘဲ အေးဆေးတည်ငြိမ်စွာ ရှိနေသည်။

ချင်လိန်ဝေကတော့ ဝန်ကျောက်ဖုန်ကို မသိမသာ လှမ်းအကဲခတ်ကြည့်နေသည်။

ယခု အေးဆေးတည်ငြိမ်စွာရှိနေသော ဝန်ကျောက်ဖုန်သည် ကျန်းဝူလိန်ဆိုသူ ရောက်လာပြီး မိုးပုလဲဓားကိစ္စ ပေါ်ပေါက်လျှင် မည်သို့ပါဝင်လှုပ်ရှားမည်နည်းဟု မှန်းဆစိတ်ကူးကြည့်နေမိသည်။

အဝေးမှ လှမ်းကြည့်ရသည့်အတွက် ဝန်ကျောက်ဖုန်နှင့် ရှုလီယန်တို့နှစ်ယောက်ကို ယှဉ်တွဲလျက် မြင်နေရပေရာ နှစ်ယောက်သားမှာ သက်တူရွယ်တူ လုလင်ပျို၊ လုံမပျိုများ ဖြစ်ကြသည့်အပြင် အသက်ငယ်ရွယ်သော်လည်း သူတို့နှင့်သက်ဆိုင်သော သိုင်းသမားများကို ဦးစီးရှေ့ဆောင်နေကြရပေရာ လိုက်ဖက်ညီသည့် စုံတွဲဟု စိတ်ထဲမှာ အတွေးရောက်သည်။



ဤနှစ်ယောက်ကို အောင်သွယ်လုပ်ပေးရလျှင် ကောင်းမည်လားဟုပင် မဆီမဆိုင် စဉ်းစားလိုက်မိသေးသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



"မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင် ဆရာကြီးရှလုံ ကြွရောက်လာပါပြီ"

မုန်တိုင်းနဂါးရဲတိုက် ဧည့်ကြိုတာဝန်ခံ၏ ဟစ်အော်ကြော်ငြာသံ ပေါ်လာသည်။ ရှလိယန်ထိုင်နေရာမှ ထသည်။

ယာယီဧည့်ခန်းဆောင်ကြီးထဲသို့ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင် ရှလုံ လျှောက်လှမ်းဝင်ရောက်လာသည်။ ရှလုံသည် အသက် (၅၀) ခန့် ရှိသည်။ ထောင်ထောင်မောင်းမောင်းနှင့် ဥပမိရုပ်ကောင်းကာ မွန်ရည်ခံ့ညားသည်။ အဖြူရောင်ဝတ်စုံ ဝတ်လျက် ဖြူဆွတ်သော ဝတ်ရုံကြီးလွှမ်းခြုံထားသည်။

မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှန်ကင်းစင်းသည် တံခါးဝသို့ လျှောက်လှမ်းသွားကာ ရှလုံကို ကိုယ်တိုင်ကြိုဆိုသည်။ ဝန်ကျောက်ဖုန်လည်း ကြိုဆိုသည့်သဘောဖြင့် ထိုင်နေရာမှ ထရပ်သည်။

ရှလုံက အရောင်လက်လက်တောက်နေသော မျက်လုံးအစုံဖြင့် ဝန်ကျောက်ဖုန်ကို စူးစူးရဲရဲ ကြည့်လိုက်သည်။



"ဓားစကြာဂေဟာရှင်က စကားအတည်သားပဲ၊ ဝိရိယလည်း ကောင်းတယ်၊ ကျုပ်ထက်တောင် စောပြီးရောက်နေတာကိုး"

"မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး ကျန်းမာချမ်းသာပါစ၊ အခုမှ ရောက်လာရတယ်ဆိုတော့ လမ်းခရီးမှာ ခရီးဖင့်စရာအကြောင်းကိစ္စတွေများ ရှိခဲ့လို့လား"

ဝန်ကျောက်ဖုန်က တုံ့ပြန်ပြောသည်။

စံအိမ်ရှင်ကြီးရှလုံက ဘာမျှ ပြန်မပြော။ သမီးရှလိယန်၏ ဘယ်ဘက်ထိုင်ခုံတွင် ဝင်ထိုင်သည်။

ရှလိယန်နှင့်ဝန်ကျောက်ဖုန်တို့လည်း ထိုင်ခုံအသီးသီးတွင် ဝင်ထိုင်လိုက်ကြသည်။ ဖခင်ဖြစ်သူ၏ မျက်စိရှေ့တွင် သက်တူရွယ်တူ ယောကျ်ားပျိုတစ်ယောက်နှင့် ဘေးချင်းယှဉ် ထိုင်ရသည့်အတွက် စိတ်မလုံသည့်ဟန်ဖြင့် ရှလိယန်သည် ဖခင်ဘက်ကို ကိုယ်ကိုတိမ်းကာထိုင်သည်။

ဝန်ကျောက်ဖုန်ကတော့ ဟန်မပျက်၊ ပုံမှန်ပင် ဝင်ထိုင်သည်။ ရှလိယန်ဘက် တစ်ချက်ငဲ့စောင်းကြည့်ကာ ရှလိယန်က ခိုး၍ မသိမသာကြည့်လိုက်မှုနှင့် တိုက်ဆိုင်စွာပင် ဆုံသည်။ ရှလိယန်က ချက်ချင်းပင် အကြည့်လွှဲလိုက်သည်။ မျက်နှာလည်း ရဲခနဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအဖြစ်ကို ချင်လိန်ဝေမှလွဲ၍ ကျန်လူများ သတိမပြုမိလိုက်ပါ။ ချင်လိန်ဝေ၏ စိတ်ထဲတွင် သဘောကျသလိုဖြစ်ကာ တစ်ချက် ပြုံးလိုက်ပြီး ခေါင်းဆတ်ခနဲ ညိတ်လိုက်မိလေသည်။

"မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီးနဲ့ ဓားစကြာဂေဟာရှင်လေးတို့ ချိန်းဆိုထားမှု ရှိကြတယ်လို့ သိရပါတယ်၊ ချိန်းထားတဲ့အတိုင်း လုပ်ဆောင်ကြပါ၊ ကျုပ်တို့မှန်တိုင်းနဂါးရဲတိုက်ကို အားနာစရာ မလိုပါဘူး၊ အခုလို ကူညီပေးရတာကိုပဲ ကျုပ်တို့က ဝမ်းမြောက် ဂုဏ်ယူမိပါတယ်"

ရှန်ကင်းစင်းက ပြောသည်။

ချင်လိန်ဝေစိတ်ထဲ အတော် ကသိကအောက် ဖြစ်သွားသည်။ သိုင်းလောကတွင် ချိန်းဆိုသည်ဆိုသော စကားသည် သိုင်းပညာယှဉ်ပြိုင်ရန် စိန်ခေါ်မှုအဖြစ်လည်း အဓိပ္ပာယ် ရှိသည်။ ယခု မြောက်ပိုင်းနှင်းဖြူစံအိမ်နှင့် ဓားစကြာဂေဟာတို့ သိုင်းစွမ်းရည် ယှဉ်ပြိုင်ကြတော့မည်ဟု ချင်လိန်ဝေ သိလိုက်ရလေပြီ။

သည်ယှဉ်ပြိုင်ပွဲကြောင့် သူ့စိတ်ကူးယဉ်နေမိသော ရှလိယန်နှင့် ဝန်ကျောက်ဖိန်တို့၏ အချစ်ဇာတ်လမ်း အစပင် မပျိုးရမိ နိဂုံးချုပ်သွားရမည့်သဘော ရှိနေပေပြီ။



ချင်လိန်ဝေ စိတ်ပျက်သည့်အသွင်ဖြင့် ခေါင်းခါယမ်းမိသည်။

"ကျွန်တော်တို့ စကြမလား"

ဝန်ကျောက်ဖုန်က ရှလုံကို မေးလိုက်သည်။

"စကြတာပေါ့၊ ဒါမှ မိုးပုလဲဓားကို ဘယ်သူဦးဆောင် ရယူသင့်တယ်ဆိုတဲ့ အဖြေ ရှင်းရှင်းလင်းလင်း ရှိသွားမှာ"

ရှလုံက ပြန်ပြောသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်နှင့် ဓားစကြာဂေဟာတို့ မှန်တိုင်းနဂါးရဲတိုက်တွင် ချိန်းဆိုယှဉ်ပြိုင်မှုသည် မိုးပုလဲဓား ရယူပိုင်ဆိုင်ရေးနှင့် ပတ်သက်နေကြောင်း ချင်လိန်ဝေ နားလည်လိုက်ရသည်။

ဤသို့ဆိုပါက ယှဉ်ပြိုင်တိုက်ခိုက်မှု ပိုပြင်းထန်ကာ တစ်ဖက်နှင့်တစ်ဖက် ရန်မီးပွားပြီး အငြိုးအတေးတွေလည်း ဖြစ်ပေါ်သွားနိုင်သည်။ ဝန်ကျောက်ဖိန်နှင့် ရှလိယန်တို့လည်း နီးစပ်ယှက်နွယ်စရာ အကြောင်းမရှိနိုင်တော့ပါ။

သည်လို အခြေအနေတွေ ဆက်လက်ပေါ်ပေါက်နိုင်ကြောင်း တွေးဆခန့်မှန်းမိသော်လည်း ချင်လိန်ဝေအနေဖြင့် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်နှင့် ဓားစကြာဂေဟာတို့အကြား ချိန်းဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်တိုက်ခိုက်မှုကို ဘယ်လိုမှ ဝင်ရောက်စွက်ဖက်တားဆီးနိုင်စွမ်း မရှိပါ။

ဘေးလူတစ်ယောက်အနေဖြင့် သည်အတိုင်း လက်ပိုက်ကာ ကြည့်နေရုံသာရှိသည်။ ယှဉ်ပြိုင်တိုက်ခိုက်မှု ပြင်းထန်ကြမ်းတမ်းမှု မရှိစေရန်နှင့် နှစ်ဦးနှစ်ဖက် မကြေအေးနိုင်သည့် ရန်ငြိုးရန်စတွေ မပေါ်ပေါက်ပါစေနှင့်ဟု ဆုတောင်းရန်သာ ရှိပေတော့သည်။

ချင်လိန်ဝေ၏ဆုတောင်း ပြည့်နိုင်ပါမည်လား။

☆ ☆ ☆



"ကျွန်မ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ရဲ့ တစ်ဦးတည်းသော သမီး ရှုလိန်ယိ သိုင်းစွမ်းရည်ယှဉ်ပြိုင်ဖို့ အသင့်ပါ၊ ကျွန်မနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ချင်တဲ့ သိုင်းသမားရှိရင် ထွက်လာခဲ့ပါ"

ရှုလိယန်သည် ထိုင်ရာမှ ထကာ ယာယီညီ့ခန်းဆောင်အလယ်ဗဟိုရှိ ကွက်လပ်လိုဖြစ်နေသော နေရာသို့ အသာလျှောက်လှမ်း ဝင်ရောက်လာပြီး ပြောသည်။

ယာယီညီ့ခန်းဆောင်ထဲတွင် စုဝေးရောက်ရှိနေကြသော သိုင်းသမားအပေါင်းကို သိမ်းကျုံး၍ ပြောဆိုလိုက်သော်လည်း အမှန်စင်စစ် ဓားစကြာဂေဟာကို စိန်ခေါ်လိုက်ခြင်းသာ ဖြစ်ပေသည်။

ဓားစကြာဂေဟာရှင်၏ လက်ျာရန် စုကျင်းမိန် ဓားရှည်ကို ဆွဲထုတ်ကိုင်စွဲကာ ရှုလိယန်နှင့် ယှဉ်ပြိုင်ရန် လျှောက်လှမ်းထွက်လာသည်။

ရှုလိယန်သည် လက်နှစ်ဖက်ဖြင့် သူမ၏ကိုယ်ပေါ်တွင် ခြုံထားသော ဖြူဆွတ်သော ဝတ်ရုံရှည်ကြီးကို မပင့်တင်ကာ တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဝိုက်၍ လှုပ်ခါယမ်းသည်။ ဝတ်ရုံရှည်ကြီး ဖွားခနဲ လှုပ်ခါလွင့်ရာ သူမ၏ကိုယ်ပေါ်တွင် မည်သည့်လက်နက်မျှ ရှိမနေကြောင်း သိုင်းညှိသည်ပရိသတ်အပေါင်း ထင်ထင်ရှားရှား မြင်တွေ့လိုက်ကြရသည်။

"ဓားစကြာဂေဟာရှင်ရဲ့ လက်ျာရန်ကြီးကိုကြည့်ရတာ ဓားရှည်ကို အတော်အားကိုးပုံ ရပါလား"

ရှလီယန်က စုကျင်းမိန်ကို ပြုံးစစဖြင့် ကြည့်ကာပြောသည်။ အထင်သေးသည့် သဘောဖြင့် မျက်နှာတစ်ချက်မဲ့ကာ ဟွန်းခနဲ နှာမှုတ်သံပြုသည်။

အသက် (၂၀) ဝန်းကျင်အရွယ်သာ ရှိသေးသော လက်နက်မဲ့ သိုင်းကညာပျိုတစ်ယောက်အား သက်လတ်ပိုင်းအရွယ် ဝါရင့်သိုင်းသမားကြီးတစ်ယောက်က ဓားရှည်ကိုင်စွဲကာ ယှဉ်ပြိုင်မည့် အခြေအနေကို သိသာမြင်သာအောင် ဖော်ထုတ်သလိုမို့ စုကျင်းမိန်လို နာမည်ရသိုင်းသမားကြီးတစ်ယောက်အတွက် သိက္ခာကျ အရှက်ရဖွယ်ရာ ဖြစ်နေလေပြီ။

ဤသဘောကို ရိပ်မိသော လက်ျာရန်စုကျင်းမိန်သည် ညာလက်တွင် ကိုင်စွဲထားသော ဓားရှည်ကို ဓားအိမ်ထဲသို့ ပြန်ထည့်သွင်းသိမ်းဆည်းလိုက်သည်။



ရှလီယန် မဲ့ပြုံးတစ်ချက် ပြုံးသည်။ စုကျင်းမိန် ဓားရှည်ပြန်သိမ်းလျက် လက်နက်မဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရန် ပြင်လိုက်ခြင်းမှာ မိမိအတွက် အသာစီးရနိုင်သော အခွင့်အလမ်းကောင်းဖြစ်ကြောင်း ရှလီယန် ကောင်းကောင်းသဘောပေါက်သည်။

ရှလီယန်တို့ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများ၏ သိုင်းပညာမှာ အခြားသော သိုင်းဂိုဏ်းအဖွဲ့အစည်းများနှင့် မတူ တမူထူးခြားသည်။

ဓားရှည်ဓားတို၊ လှံရှည်လှံတို၊ ပုဆိန် ကျာပွတ် တုတ်ရှည်စသော လက်နက်များ ကိုင်စွဲလေ့မရှိ။ သူတို့၏ သိုင်းဝတ်စုံအနေဖြင့် ကိုယ်ပေါ်တွင် လွှမ်းခြုံထားသော ဖြူဆွတ်သော အရောင်အဆင်းရှိသည့် ဝတ်ရုံရှည်ကြီးများသည် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများအတွက် အထူးပင် အားကိုးအားထားပြုရသော လက်နက်ကောင်း ဖြစ်သည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော် မျိုးဆက်သိုင်းပညာ ဖြစ်သော 'နှင်းငွေ့အားမာန်သိုင်း' ၏ တိုက်စစ်ဖွင့်ရည်ကို ဖော်ထုတ်ရာတွင် ဝတ်ရုံရှည်ကြီးများကို သိုင်းကွက်သိုင်းဟန်ကျကျ ဝှေ့ယမ်း

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုကို အခြေခံသည်။

ရှလီယန်သည် ဝတ်ရုံရှည်ကြီးကို လှုပ်ရှားဝှေ့ယမ်း တိုက်ကွက်ဖော်ထုတ်မှုဖြင့် မုန်တိုင်းနဂါးရဲတိုက်၏ သိုင်းသမား (၂) ယောက်ကို အနိုင်ယူ ဖိနှိပ်ခြေခဲ့ဖူးသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်အတွက် အသာစီးရသည့် အခြေအနေမှာ သိုင်းလောကတွင် ဝတ်ရုံရှည်များကို အဝတ်အစား တစ်မျိုးအဖြစ်သာ နားလည်လက်ခံထားကြပြီး လက်နက်အဖြစ် မသတ်မှတ်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဖြူဆွတ်သော ဝတ်ရုံရှည် ဝတ်ဆင်ထားသော မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများကို လက်နက်စွဲကိုင်ထားခြင်းမရှိဟု မှတ်ယူကာ ကျန်သိုင်းသမားများကလည်း မှုမှုတတ မှန်မှန်ကန်ကန် ရင်ဆိုင်တိုက်ခိုက်သည့် အနေဖြင့် လက်နက်မဲ့ဖြင့်သာ ယှဉ်ပြိုင်တတ်ကြသည်။

ဤကဲ့သို့ယှဉ်ပြိုင်လာလျှင် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများက သူတို့ကိုယ်ပေါ်တွင် အဝတ်အစားများအဖြစ် လွှမ်းခြုံထားကြသော ဖြူဆွတ်သော အရောင်အဆင်းရှိသည့် ဝတ်ရုံရှည်များကို လက်နက်သဖွယ် ထိထိမိမိ အသုံးချကာ နှင်းငွေ့အား



မာန်သိုင်း၏ စွမ်းရည်များကို အဆင့်ဆင့် ဖော်ထုတ်တိုက်ခိုက် အောင်ပွဲဆင်လေ့ရှိကြသည်။

ထို့ကြောင့် ယခုအခါ ဓားစကြာဂေဟာ လက်ျာရန်စုကျင်းမိန်က ဓားရှည်ကို ပြန်သိမ်းကာ လက်နက်မဲ့ တိုက်ပွဲဝင်ယှဉ်ပြိုင်လာသည်တွင် မိမိအနေဖြင့် အောင်ပွဲဆင်နိုင်ရန် တစ်ဝက်သေချာနေပြီဟု ရှလီယန်က အပိုင်တွက်လိုက်ခြင်း ဖြစ်သည်။

စုကျင်းမိန်ကလည်း မြောက်ပိုင်းနှင်းဖြူစံအိမ်တော်၏ နှင်းငွေ့အားမာန်သိုင်းသည် ဝတ်ရုံရှည်ကို လက်နက်အဖြစ် အသုံးချကာ ဝှေ့ယမ်းလှုပ်ရှား တိုက်ကွက်ဖော်ထုတ်တတ်ကြောင်း နားလည်သိရှိထားသည်။

ဓားရှည်ကိုမသုံးဘဲ ပြန်သိမ်းလိုက်ခြင်းသည် သိုင်းညွှန့်သည်ပရိသတ်များ၏ ရှေ့မှောက်တွင် အသက် (၂၀) အရွယ် သိုင်းကညာတစ်ယောက် လက်နက်မဲ့ ယှဉ်ပြိုင်မည့်အခြေအနေတွင် မိမိက ဓားရှည်ကိုင်စွဲ တိုက်ခိုက်သည့်အတွက် သိက္ခာကျစရာရောက်ရမည်ကို ထိန်းသိမ်းကာကွယ်လိုက်ခြင်း ဖြစ်သလို နှင်းငွေ့အားမာန်သိုင်းကို မိမိအနေဖြင့် ဓားရှည်ကိုင်စွဲရန်မလို လက်နက်မဲ့ပင် ရင်ဆိုင်ချေမှုန်းနိုင်သည်ဟု မိမိကိုယ်မိမိ ယုံကြည်မှု

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်းကြောင့်လည်း ဖြစ် ပေသည်။

ထို့ကြောင့် ရင်ဆိုင်မသိသည်နှင့် စုကျင်းမိန်သည် မိမိ၏ လက်ဝါးများကို ဓားရှည်များအဖြစ် အသုံးပြုကာ ရှလိယန်ကို တရကြမ်း တိုက်စစ်ဆင်သည်။ ရှလိယန်က စုကျင်းမိန်၏ လက်ဝါးရိုက်ချက်များကို သေသပ်ပိရိစွာပင် ရှောင်တိမ်းသည်။

စုကျင်းမိန်က ပွဲစသည်နှင့် တရကြမ်း တိုက်စစ်ဆင်ခြင်းမှာ ရှလိယန်အနေဖြင့် နှင်းငွေ့အားမာန်သိုင်းဖြင့် တိုက်စစ်ဆင်ခြင်း မပြုနိုင်ရန် လက်ဦးမှု ရယူဟန့်တား တပ်စီးခြင်းဖြစ်သည်။

ရှလိယန်သည် စုကျင်းမိန်၏ လက်ဝါးရိုက်ချက် (၅) ချက်ကို ရှောင်တိမ်းပြီးနောက် အခွင့်ကောင်းတစ်ချက် ပေါ်လာသည်တွင် ဖြုဆွတ်သော ဝတ်ရုံရှည်ကြီးကို အကွက်ကျကျ ဝှေ့ယမ်းလှုပ်ရှားကာ လျှပ်တစ်ပြက် တန်ပြန်တိုက်စစ် ရုတ်တရက်ဆင်သည်။

ဝတ်ရုံရှည်ကြီး ဝှေ့ယမ်းတိုက်ခတ်မှုကြောင့် ထွက်လာသော လေလှိုင်းလှုပ်ရှားမှုများသည် ပြင်းထန်သောအရှိန်အဟုန်ဖြင့် စုကျင်းမိန်ထံသို့ တစ်ဟုန်ထိုး ဝင်လာသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်၏ ဝတ်ရုံရှည် ဝှေ့ယမ်းတိုက်ကွက်ဖော်မှုအကြောင်း အတော်အသင့် သိထားသော စုကျင်းမိန်



သည် ဝတ်ရုံရှည် လှုပ်ရှားမှု၏ အင်အားလှိုင်း တိုးဝင်လာသည်တွင် အတော်ပင် ထိတ်ထိတ်ပျာပျာ ဖြစ်သည်။

ဓားစကြာသိုင်း၏ ပိတ်ဆို့ကွက်များကို အမြန်ဖော်ထုတ်ကာ ရှလိယန်၏တိုက်ကွက်အားလုံးကို ရင်ဆိုင်ခုခံသည်။ ရှလိယန်၏ တိုက်စစ်အား အရှိန်လျော့ကျသွားသည်။

ဓားရှည်ကိုင်စွဲထားခြင်း မရှိဘဲ မိမိ၏ ဝတ်ရုံရှည် ဝှေ့ယမ်းကာ လျှပ်တစ်ပြက် တိုက်စစ်ဆင်လိုက်မှုကို ကာကွယ်ခုခံ ချေဖျက်ပစ်လိုက်နိုင်သော စုကျင်းမိန်၏ သိုင်းပညာစွမ်းကို ရှလိယန် စိတ်ထဲမှ ကြိတ်ချီးမွမ်းမိသည်။

ရှလိယန်သည် နောက်တွန့်ဆုတ် နေးခြင်းမရှိ။ ရှေ့သို့ ခြေတစ်လှမ်း တက်လှမ်းလာကာ စုကျင်းမိန်၏ ဝမ်းဗိုက်ကို ဦးတည်ကာ ဝတ်ရုံရှည်ဖြင့် ဝှေ့ယမ်းရိုက်ပုတ်သည်။

"မရဘူးလေ"

စုကျင်းမိန် ပါးစပ်မှ ရေရွတ်ပြောဆိုရင်း ညာခြေကို နောက်သို့ တစ်ချက်ဆုတ်ကာ ကိုယ်ကို ခတ်စောင်းစောင်းပြုသည်။ ညာလက်ဝါးကို ဖြည့်ကာ ဝမ်းဗိုက်ပေါ်တွင် ကာကွယ်မှုပြုသည်။ [illegible] ခတ်လာသော ဝတ်ရုံရှည်ကို ညာလက်ဖြင့် ဆုပ်ဖမ်းသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ချိန်တည်းမှာပင် ဘယ်လက်ဝါးစောင်း ရိုက်ချက်တစ်ချက် ရှုလိယန်၏ ညာဘက်ချိုင်းကြားကို လှမ်းရိုက်တိုက်ခိုက်သည်။

ရှုလိယန်က ခါးနွဲ့ကာ ကိုယ်ကို လိမ်ကွေး၍ ရှောင်သည်။ ဝတ်ရုံရှည် ဝှေ့ယမ်းမှုလမ်းကြောင်းကိုလည်း အမြန်ပြောင်းသည်။ စုကျင်းမိန်၏နောက်ကျောဆီသို့ ပတ်ကာ ဖြတ်ရိုက်သည်။

စုကျင်းမိန်သည် ရှေ့သို့ ကိုယ်ကိုကိုင်းချရှောင်တိမ်းရင်း ညာလက်ကို နောက်သို့ ပစ်ကာ ဝတ်ရုံရှည်ကို ဆုတ်ဖမ်းသည်။ ရှောင်တိမ်းမှုနှင့် ဆုတ်ဖမ်းမှုတို့ကို ဆက်တိုက်ဆိုသလို အလွန်မြန်ဆန်စွာ လှုပ်ရှားလုပ်ဆောင်လိုက်ရာ ရှောင်တိမ်းရင်း တစ်ပြိုင်နက်တည်း ဆုတ်ဖမ်းလိုက်သလိုပင် ဖြစ်သည်။

စုကျင်းမိန် ရှောင်ရုံသာ ရှောင်နိုင်မည်ဟု ရှုလိယန်က ထင်ထားရာ ရုတ်တရက် အငိုက်မိခံရလျက် ဝတ်ရုံရှည်၏ အဖျားစ တစ်နေရာ ဆုတ်ဖမ်းမိသွားသည်။

ရှုလိယန် အတော်လေးပင် ထိတ်လန့်စိတ်လှုပ်ရှားသွားသည်။ သူမသည် အသက်ငယ်ရွယ်သေးသော်လည်း မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သိုင်းသမားများကို ဖခင်ကိုယ်စား ဦးဆောင်စီမံကွပ်ကဲနေရာ ကိုယ်ရည်ကိုယ်သွေးမည့်၊ သိုင်းပညာစွမ်း ထက်မြက်



ပုလဲဓားကို အားကိုးပြုရမည့် အခြေအနေရှိနေရာ အခြား သိုင်းအကျော်အမော်များနှင့် ပူးပေါင်းတနက်က ပူးပေါင်းကာ ကျန်းဂူလိန်ကို အနိုင်တိုက်ခိုက်ရမည့် အနေအထားတွင် ရှိနေသည်။

ကျန်းဂူလိန်အပေါ် ငဲ့ညှာသနားနေ၍ မဖြစ်နေတော့ပေ။ သက်ပြင်းဓာတစ်ချက်သာ ခပ်လေးလေး ချမိလေသည်။

ရှိန်ကင်းစင်းက ကျန်းဂူလိန် နေမဝင်မီ ရောက်လာမည်ဖြစ်ကြောင်း သေသေချာချာ အာမခံပြောကြားလိုက်ပြီးသည့်နောက် ယာယီဧည့်ခန်းဆောင်ထဲရှိ သိုင်းဧည့်သည်အပေါင်း နှုတ်ဆိတ်သွားကြသည်။ တီးတိုးပြောဆိုသံများ တိတ်ဆိတ်သည်။

စကားသံတွေ တိတ်ဆိတ်နေကြသော်လည်း သိုင်းဧည့်သည် ပရိသတ်အပေါင်း၏ စိတ်အစဉ်ကတော့ မတည်ငြိမ်။ လှုပ်ရှားနေကြသည်။ ကျန်းဂူလိန်ရောက်အလာကို စောင့်လင့်နေကြသည်။

ရှုလိယန်သည် ခန်းမဆောင်အဝင်တံခါးပေါက်ဆီသို့ လှမ်းကြည့်နေသည်။

ဤနေရာသို့ ရောက်လာမည်ဆိုသော ကျန်းဂူလိန်ကို စောင့်လင့်နေခြင်း ဖြစ်သလို ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်နှင့် ဆုံတွေ့ရန် ချိန်းဆိုထားသည်ဆိုသော သူမဖခင် မြောက်ပိုင်းနှင်းဖြူ

www.burmeseclassic.com

www.burmeseclassic.com



စံအိမ်တော်ရှင် ရှလုံကို မျှော်နေခြင်းလည်း ဖြစ်သည်။

သိုင်းညည်သည့်ပရိသတ်များထဲတွင် အထူးခြားဆုံးကတော့ ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်ဖြစ်သည်။

ဝန်ကျောက်ဖုန်သည် ခန်းမဆောင်တံခါးဆီသို့လည်း လှမ်းမမျှော်၊ ယာယီညည့်ခန်းဆောင်ထဲတွင်လည်း မျက်စိမကစား၊ သူ့ဘေးတွင်ထိုင်နေသော ရှလိယန်ကိုပင် ငဲ့စောင်း၍မျှ မကြည့်။ ဘာကိုမျှ စိတ်ဝင်စားမှုမရှိဘဲ အေးဆေးတည်ငြိမ်စွာ ရှိနေသည်။

ချင်လိန်ဝေကတော့ ဝန်ကျောက်ဖုန်ကို မသိမသာ လှမ်းအကဲခတ်ကြည့်နေသည်။

ယခု အေးဆေးတည်ငြိမ်စွာရှိနေသော ဝန်ကျောက်ဖုန်သည် ကျန်းဂူလိန်ဆိုသူ ရောက်လာပြီး မိုးပုလဲဓားကိစ္စ ပေါ်ပေါက်လျှင် မည်သို့ပါဝင်လှုပ်ရှားမည်နည်းဟု မှန်းဆစိတ်ကူးကြည့်နေမိသည်။

အဝေးမှ လှမ်းကြည့်ရသည့်အတွက် ဝန်ကျောက်ဖုန်နှင့် ရှလိယန်တို့နှစ်ယောက်ကို ယှဉ်တွဲလျက် မြင်နေရပေရာ နှစ်ယောက်သားမှာ သက်တူရွယ်တူ လုလင်ပျို၊ လုံမပျိုများ ဖြစ်ကြသည့်အပြင် အသက်ငယ်ရွယ်သော်လည်း သူတို့နှင့်သက်ဆိုင်သော သိုင်းသမား



များကို ဦးစီးရှေ့ဆောင်နေကြရပေရာ လိုက်ဖက်ညီသည့် စုံတွဲဟု စိတ်ထဲမှာ အတွေးရောက်သည်။

ဤနှစ်ယောက်ကို အောင်သွယ်လုပ်ပေးရလျှင် ကောင်းမည်လားဟုပင် မဆီမဆိုင် စဉ်းစားလိုက်မိသေးသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



“မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင် ဆရာကြီးရှလုံ ကြွရောက်လာပါပြီ”

မုန်တိုင်းနဂါးရဲတိုက် ဧည့်ကြိုတာဝန်ခံ၏ ဟစ်အော်ကြော်ငြာသံ ပေါ်လာသည်။ ရှလိယန်ထိုင်နေရာမှ ထသည်။

ယာယီဧည့်ခန်းဆောင်ကြီးထဲသို့ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင် ရှလုံ လျှောက်လှမ်းဝင်ရောက်လာသည်။ ရှလုံသည် အသက် (၅၀) ခန့် ရှိသည်။ ထောင်ထောင်မောင်းမောင်းနှင့် ဥပဓိရုပ်ကောင်းကာ မွန်ရည်ခံ့ညားသည်။ အဖြူရောင်ဝတ်စုံ ဝတ်လျက် ဖြူဆွတ်သော ဝတ်ရုံကြီးလွှမ်းခြုံထားသည်။

မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှန်ကင်းစင်းသည် တံခါးဝသို့ လျှောက်လှမ်းသွားကာ ရှလုံကို ကိုယ်တိုင်ကြိုဆိုသည်။ ဝန်ကျောက်ဖုန်လည်း ကြိုဆိုသည့်သဘောဖြင့် ထိုင်နေရာမှ ထရပ်သည်။

ရှလုံက အရောင်လက်လက်တောက်နေသော မျက်လုံးအစုံဖြင့် ဝန်ကျောက်ဖုန်ကို စူးစူးရဲရဲ ကြည့်လိုက်သည်။



“ဓားစကြာဂဟောရှင်က စကားအတည်သားပဲ၊ ဝီရိယလည်း ကောင်းတယ်၊ ကျုပ်ထက်တောင် စောပြီးရောက်နေတာကိုး”

“မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး ကျန်းမာချမ်းသာပါစ၊ အခုမှ ရောက်လာရတယ်ဆိုတော့ လမ်းခရီးမှာ ခရီးဖင့်စရာအကြောင်းကိစ္စတွေများ ရှိခဲ့လို့လား”

ဝန်ကျောက်ဖုန်က တုံ့ပြန်ပြောသည်။

စံအိမ်ရှင်ကြီးရှလုံက ဘာမျှ ပြန်မပြော။ သမီးရှလိယန်၏ ဘယ်ဘက်ထိုင်ခုံတွင် ဝင်ထိုင်သည်။

ရှလိယန်နှင့်ဝန်ကျောက်ဖုန်တို့လည်း ထိုင်ခုံအသီးသီးတွင် ဝင်ထိုင်လိုက်ကြသည်။ ဖခင်ဖြစ်သူ၏ မျက်စိရှေ့တွင် သက်တူရွယ်တူ ယောကျ်ားပျိုတစ်ယောက်နှင့် ဘေးချင်းယှဉ် ထိုင်ရသည့်အတွက် စိတ်မလုံသည့်ဟန်ဖြင့် ရှလိယန်သည် ဖခင်ဘက်ကို ကိုယ်ကိုတိမ်းကာထိုင်သည်။

ဝန်ကျောက်ဖုန်ကတော့ ဟန်မပျက်၊ ပုံမှန်ပင် ဝင်ထိုင်သည်။ ရှလိယန်ဘက် တစ်ချက်ငဲ့စောင်းကြည့်ကာ ရှလိယန်က ခိုး၍ မသိမသာကြည့်လိုက်မှုနှင့် တိုက်ဆိုင်စွာပင် ဆုံသည်။ ရှလိယန်နှင့် ချက်ချင်းပင် အကြည့်လွှဲလိုက်သည်။ မျက်နှာလည်း ရဲခနဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအဖြစ်ကို ချင်လိန်ဝေမှလွဲ၍ ကျန်လူများ သတိမပြုမိလိုက်ပါ။ ချင်လိန်ဝေ၏ စိတ်ထဲတွင် သဘောကျသလိုဖြစ်ကာ တစ်ချက် ပြုံးလိုက်ပြီး ခေါင်းဆတ်ခနဲ ညိတ်လိုက်မိလေသည်။

"မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီးနဲ့ ဓားစကြာဂေဟာရှင်လေးတို့ ချိန်းဆိုထားမှု ရှိကြတယ်လို့ သိရပါတယ်၊ ချိန်းထားတဲ့အတိုင်း လုပ်ဆောင်ကြပါ၊ ကျုပ်တို့မှန်တိုင်းနဂါးရဲတိုက်ကို အားနာစရာ မလိုပါဘူး၊ အခုလို ကူညီပေးရတာကိုပဲ ကျုပ်တို့က ဝမ်းမြောက် ဂုဏ်ယူမိပါတယ်"

ရှန်ကင်းစင်းက ပြောသည်။

ချင်လိန်ဝေစိတ်ထဲ အတော် ကသိကအောက် ဖြစ်သွားသည်။ သိုင်းလောကတွင် ချိန်းဆိုသည်ဆိုသော စကားသည် သိုင်းပညာယှဉ်ပြိုင်ရန် စိန်ခေါ်မှုအဖြစ်လည်း အဓိပ္ပာယ် ရှိသည်။ ယခုမြောက်ပိုင်းနှင်းဖြူစံအိမ်နှင့် ဓားစကြာဂေဟာတို့ သိုင်းစွမ်းရည် ယှဉ်ပြိုင်ကြတော့မည်ဟု ချင်လိန်ဝေ သိလိုက်ရလေပြီ။

သည်ယှဉ်ပြိုင်ပွဲကြောင့် သူ့စိတ်ကူးယဉ်နေမိသော ရှလိယန်နှင့် ဝန်ကျောက်ဖိန်တို့၏ အချစ်ဇာတ်လမ်း အစပင် မပျိုးရမီ နိဂုံးချုပ်သွားရမည့်သဘော ရှိနေပေပြီ။



ချင်လိန်ဝေ စိတ်ပျက်သည့်အသွင်ဖြင့် ခေါင်းခါယမ်းမိသည်။

"ကျွန်တော်တို့ စကြမလား"

ဝန်ကျောက်ဖုန်က ရှလုံကို မေးလိုက်သည်။

"စကြတာပေါ့၊ ဒါမှ မိုးပုလဲဓားကို ဘယ်သူဦးဆောင် ရယူသင့်တယ်ဆိုတဲ့ အဖြေ ရှင်းရှင်းလင်းလင်း ရှိသွားမှာ"

ရှလုံက ပြန်ပြောသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်နှင့် ဓားစကြာဂေဟာတို့ မုန်တိုင်းနဂါးရဲတိုက်တွင် ချိန်းဆိုယှဉ်ပြိုင်မှုသည် မိုးပုလဲဓား ရယူပိုင်ခွင့်ရေးနှင့် ပတ်သက်နေကြောင်း ချင်လိန်ဝေ နားလည်လိုက်ရသည်။

ဤသို့ဆိုပါက ယှဉ်ပြိုင်တိုက်ခိုက်မှု ပိုပြင်းထန်လာ[illegible] ဖက်နှင့်တစ်ဖက် ရန်မီးပွားပြီး အငြိုးအတေးတွေလည်း [illegible] သွားနိုင်သည်။ ဝန်ကျောက်ဖိန်နှင့် ရှလိယန်တို့လည်း [illegible] နွယ်စရာ အကြောင်းမရှိနိုင်တော့ပါ။

သည်လိုအခြေအနေတွေ [illegible] ကြောင်း တွေးဆခန့်မှန်းမိသော်လည်း ချင်လိန်[illegible]ဖြင့် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်နှင့် ဓားစကြာဂေဟာတို့အကြား ချိန်းဆိုပွဲ

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်တိုက်ခိုက်မှုကို ဘယ်လိုမှ ဝင်ရောက်စွက်ဖက်တားဆီးနိုင်စွမ်း မရှိပါ။

ဘေးလူတစ်ယောက်အနေဖြင့် သည်အတိုင်း လက်ပိုက်ကာ ကြည့်နေရုံသာရှိသည်။ ယှဉ်ပြိုင်တိုက်ခိုက်မှု ပြင်းထန်ကြမ်းတမ်းမှု မရှိစေရန်နှင့် နှစ်ဦးနှစ်ဖက် မကြေအေးနိုင်သည့် ရန်ငြိုးရန်စတွေ မပေါ်ပေါက်ပါစေနှင့်ဟု ဆုတောင်းရန်သာ ရှိပေတော့သည်။

ချင်လိန်ဝေ၏ဆုတောင်း ပြည့်နိုင်ပါမည်လား။

☆ ☆ ☆



"ကျွန်မ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ရဲ့ တစ်ဦးတည်းသော သမီး ရှုလိန်ယိ သိုင်းစွမ်းရည်ယှဉ်ပြိုင်ဖို့ အသင့်ပါ၊ ကျွန်မနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ချင်တဲ့ သိုင်းသမားရှိရင် ထွက်လာခဲ့ပါ"

ရှုလိယန်သည် ထိုင်ရာမှ ထကာ ယာယီဧည့်ခန်းဆောင် အလယ်ဗဟိုရှိ ကွက်လပ်လိုဖြစ်နေသော နေရာသို့ အသာလျှောက်လှမ်း ဝင်ရောက်လာပြီး ပြောသည်။

ယာယီဧည့်ခန်းဆောင်ထဲတွင် စုဝေးရောက်ရှိနေကြသော သိုင်းသမားအပေါင်းကို သိမ်းကျုံး၍ ပြောဆိုလိုက်သော်လည်း အမှန်စင်စစ် ဓားစကြာဂေဟာကို စိန်ခေါ်လိုက်ခြင်းသာ ဖြစ်ပေသည်။

ဓားစကြာဂေဟာရှင်၏ လက်ျာရန် စုကျင်းမိန် ဓားရှည်ကို ဆွဲထုတ်ကိုင်စွဲကာ ရှုလိယန်နှင့် ယှဉ်ပြိုင်ရန် လျှောက်လှမ်းထွက်လာသည်။

ရှုလိယန်သည် လက်နှစ်ဖက်ဖြင့် သူမ၏ကိုယ်ပေါ်တွင် ခြုံထားသော ဖြူဆွတ်သော ဝတ်ရုံရှည်ကြီးကို မပင့်တင်ကာ တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဝိုက်၍ လှုပ်ခါယမ်းသည်။ ဝတ်ရုံရှည်ကြီး ဖွားခနဲ လှုပ်ခါလွင့်ရာ သူမ၏ကိုယ်ပေါ်တွင် မည်သည့်လက်နက်မျှ ရှိမနေကြောင်း သိုင်းဒည့်သည်ပရိသတ်အပေါင်း ထင်ထင်ရှားရှား မြင်တွေ့လိုက်ကြရသည်။

"ဓားကြောဂေဟာရှင်ရဲ့ လက်ျာရန်ကြီးကိုကြည့်ရတာ ဓားရှည်ကို အတော်အားကိုးပုံ ရပါလား"

ရှလီယန်က စုကျင်းမိန်ကို ပြုံးစစဖြင့် ကြည့်ကာပြောသည်။ ရှလီယန်က စုကျင်းမိန်ကို ပြုံးစစဖြင့် ကြည့်ကာပြောသည်။ မျက်နှာတစ်ချက်မဲ့ကာ ဟွန်းခနဲ နှာအထင်သေးသည့် သဘောဖြင့် မှုတ်သံပြုသည်။

အသက် (၂၀) ဝန်းကျင်အရွယ်သာ ရှိသေးသော လက်နက်မဲ့ သိုင်းကညာပျိုတစ်ယောက်အား သက်လတ်ပိုင်းအရွယ် ဝါရင့်သိုင်းသမားကြီးတစ်ယောက်က ဓားရှည်ကိုင်စွဲကာ ယှဉ်ပြိုင်မည့်အခြေအနေကို သိသာမြင်သာအောင် ဖော်ထုတ်သလိုမို့ စုကျင်းမိန်လို နာမည်ရသိုင်းသမားကြီးတစ်ယောက်အတွက် သိက္ခာကျ အရှက်ရဖွယ်ရာ ဖြစ်နေလေပြီ။

ဤသဘောကို ရိပ်မိသော လက်ျာရန်စုကျင်းမိန်သည် ညာလက်တွင် ကိုင်စွဲထားသော ဓားရှည်ကို ဓား [illegible]ဓ်ဘဲသို့ ပြန်ထည့်သွင်း



သိမ်းဆည်းလိုက်သည်။

ရှလီယန် မဲ့ပြုံးတစ်ချက် ပြုံးသည်။ စုကျင်းမိန် ဓားရှည်ပြန်သိမ်းလျက် လက်နက်မဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရန် ပြင်လိုက်ခြင်းမှာ မိမိအတွက် အသာစီးရနိုင်သော အခွင့်အလမ်းကောင်းဖြစ်ကြောင်း ရှလီယန် ကောင်းကောင်းသဘောပေါက်သည်။

ရှလီယန်တို့ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများ၏ သိုင်းပညာမှာ အခြားသော သိုင်းဂိုဏ်းအဖွဲ့အစည်းများနှင့် မတူ တမူထူးခြားသည်။

ဓားရှည်ဓားတို၊ လှံရှည်လှံတို၊ ပုဆိန် ကျာပွတ် တုတ်ရှည်စသော လက်နက်များ ကိုင်စွဲလေ့မရှိ။ သူတို့၏ သိုင်းဝတ်စုံအနေဖြင့် ကိုယ်ပေါ်တွင် လွှမ်းခြုံထားသော ဖြူဆွတ်သော အရောင်အဆင်းရှိသည့် ဝတ်ရုံရှည်ကြီးများသည် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများအတွက် အထူးပင် အားကိုးအားထားပြုရသော လက်နက်ကောင်း ဖြစ်သည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော် မျိုးဆက်သိုင်းပညာ ဖြစ်သော 'နှင်းငွေ့အားမာန်သိုင်း' ၏ တိုက်စစ်စွမ်းရည်ကို ဖော်ထုတ်ရာတွင် ဝတ်ရုံရှည်ကြီးများကို သိုင်းကွက်သိုင်းဟန်ကျကျ ဝှေ့ယမ်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရှားမှုကို အခြေခံသည်။

ရှလိယန်သည် ဝတ်ရုံရှည်ကြီးကို လှုပ်ရှားဝှေ့ယမ်း တိုက်ကွက်ဖော်ထုတ်မှုဖြင့် မုန်တိုင်းနဂါးရဲတိုက်၏ သိုင်းသမား (၂) ယောက်ကို အနိုင်ယူ ဇိဝိန်ခြွေခဲ့ဖူးသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်အတွက် အသာစီးရသည့် အခြေအနေမှာ သိုင်းလောကတွင် ဝတ်ရုံရှည်များကို အဝတ်အစား တစ်မျိုးအဖြစ်သာ နားလည်လက်ခံထားကြပြီး လက်နက်အဖြစ် မသတ်မှတ်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဖြူဆွတ်သော ဝတ်ရုံရှည် ဝတ်ဆင်ထားသော မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများကို လက်နက်စွဲကိုင်ထားခြင်းမရှိဟု မှတ်ယူကာ ကျန်သိုင်းသမားများကလည်း ဖျတ်ဖျတ်လတ် မှန်မှန်ကန်ကန် ရင်ဆိုင်တိုက်ခိုက်သည့် အနေဖြင့် လက်နက်မဲ့ဖြင့်သာ ယှဉ်ပြိုင်တတ်ကြသည်။

ဤကဲ့သို့ယှဉ်ပြိုင်လာလျှင် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှ သိုင်းသမားများက သူတို့ကိုယ်ပေါ်တွင် အဝတ်အစားများအဖြစ် လွှမ်းခြုံထားကြသော ဖြူဆွယ်သော အရောင်အဆင်းရှိသည့် ဝတ်ရုံရှည်များကို လက်နက်သဖွယ် ထိထိမိမိ အသုံးချကာ နှင်းငွေ့အား



မာန်သိုင်း၏ စွမ်းရည်များကို အဆင့်ဆင့် ဖော်ထုတ်တိုက်ခိုက် အောင်ပွဲဆင်လေ့ရှိကြသည်။

ထို့ကြောင့် ယခုအခါ ဓားစကြာဂေဟာ လက်ျာရန်စုကျင်းမိန်က ဓားရှည်ကို ပြန်သိမ်းကာ လက်နက်မဲ့ တိုက်ပွဲဝင်ယှဉ်ပြိုင်လာသည်တွင် မိမိအနေဖြင့် အောင်ပွဲဆင်နိုင်ရန် တစ်ဝက်သေချာနေပြီဟု ရှလီယန်က အပိုင်တွက်လိုက်ခြင်း ဖြစ်သည်။

စုကျင်းမိန်ကလည်း မြောက်ပိုင်းနှင်းဖြူစံအိမ်တော်၏ နှင်းငွေ့အားမာန်သိုင်းသည် ဝတ်ရုံရှည်ကို လက်နက်အဖြစ် အသုံးချကာ ဝှေ့ယမ်းလှုပ်ရှား တိုက်ကွက်ဖော်ထုတ်တတ်ကြောင်း နားလည်သိရှိထားသည်။

ဓားရှည်ကိုမသုံးဘဲ ပြန်သိမ်းလိုက်ခြင်းသည် သိုင်းညွှန်ပရိသတ်များ၏ ရှေ့မှောက်တွင် အသက် (၂၀) အရွယ် သိုင်းကညာတစ်ယောက် လက်နက်မဲ့ ယှဉ်ပြိုင်မည့်အခြေအနေတွင် မိမိက ဓားရှည်ကိုင်စွဲ တိုက်ခိုက်သည့်အတွက် သိက္ခာကျစရာ ရောက်ရမည်ကို ထိန်းသိမ်းကာကွယ်လိုက်ခြင်း ဖြစ်သလို နှင်းငွေ့အားမာန်သိုင်းကို မိမိအနေဖြင့် ဓားရှည်ကိုင်စွဲရန်မလိုဘဲ လက်နက်မဲ့ပင် ရင်ဆိုင်ချေမှုန်းနိုင်သည်ဟု မိမိကိုယ်မိမိ ယုံကြည်မှု

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်းကြောင့်လည်း ဖြစ် ပေသည်။

ထို့ကြောင့် ရင်ဆိုင်မသိသည်နှင့် စုကျင်းမိန်သည် မိမိ၏ လက်ဝါးများကို ဓားရှည်များအဖြစ် အသုံးပြုကာ ရှုလိယန့်ကို တရကြမ်း တိုက်စစ်ဆင်သည်။ ရှုလိယန်က စုကျင်းမိန်၏ လက်ဝါးရိုက်ချက်များကို သေသပ်ပိရိစွာပင် ရှောင်တိမ်းသည်။

စုကျင်းမိန်က ပွဲစသည်နှင့် တရကြမ်း တိုက်စစ်ဆင်ခြင်းမှာ ရှုလိယန်အနေဖြင့် နှင်းငွေ့အားမာန်သိုင်းဖြင့် တိုက်စစ်ဆင်ခြင်း မပြုနိုင်ရန် လက်ဦးမှု ရယူဟန့်တား တပ်စီးခြင်းဖြစ်သည်။

ရှုလိယန်သည် စုကျင်းမိန်၏ လက်ဝါးရိုက်ချက် (၅) ချက်ကို ရှောင်တိမ်းပြီးနောက် အခွင့်ကောင်းတစ်ချက် ပေါ်လာသည်တွင် ဖြုဆွတ်သော ဝတ်ရုံရှည်ကြီးကို အကွက်ကျကျ ဇွေ့ယမ်းလှုပ်ရှားကာ လျှပ်တစ်ပြက် တန်ပြန်တိုက်စစ် ရုတ်တရက်ဆင်သည်။

ဝတ်ရုံရှည်ကြီး ဇွေ့ယမ်းတိုက်ခတ်မှုကြောင့် ထွက်လာသော လေလှိုင်းလှုပ်ရှားမှုများသည် ပြင်းထန်သောအရှိန်အဟုန်ဖြင့် စုကျင်းမိန်ထံသို့ တစ်ဟုန်ထိုး ဝင်လာသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်၏ ဝတ်ရုံရှည် ဇွေ့ယမ်းတိုက်ကွက်ဖော်မှုအကြောင်း အတော်အသင့် သိထားသော စုကျင်းမိန်



သည် ဝတ်ရုံရှည် လှုပ်ရှားမှု၏ အင်အားလှိုင်း တိုးဝင်လာသည်တွင် အတော်ပင် ထိတ်ထိတ်ပျာပျာ ဖြစ်သည်။

ဓားစကြာသိုင်း၏ ပိတ်ဆို့ကွက်များကို အမြန်ဖော်ထုတ်ကာ ရှုလိယန်၏တိုက်ကွက်အားလုံးကို ရင်ဆိုင်ခုခံသည်။ ရှုလိယန်၏ တိုက်စစ်အား အရှိန်လျော့ကျသွားသည်။

ဓားရှည်ကိုင်စွဲထားခြင်း မရှိဘဲ မိမိ၏ ဝတ်ရုံရှည် ဇွေ့ယမ်းကာ လျှပ်တစ်ပြက် တိုက်စစ်ဆင်လိုက်မှုကို ကာကွယ်ခုခံ ချေဖျက်ပစ်လိုက်နိုင်သော စုကျင်းမိန်၏ သိုင်းပညာစွမ်းကို ရှုလိယန် စိတ်ထဲမှ ကြိတ်ချီးမွမ်းမိသည်။

ရှုလိယန်သည် နောက်တွန့်ဆုတ် နေခြင်းမရှိ။ ရှေ့သို့ ခြေတစ်လှမ်း တက်လှမ်းလာကာ စုကျင်းမိန်၏ ဝမ်းဗိုက်ကို ဦးတည်ကာ ဝတ်ရုံရှည်ဖြင့် ဇွေ့ယမ်းရိုက်ပုတ်သည်။

"မရဘူးလေ"

စုကျင်းမိန် ပါးစပ်မှ ရေရွတ်ပြောဆိုရင်း ညာခြေကို နောက်သို့ တစ်ချက်ဆုတ်ကာ ကိုယ်ကို ခတ်စောင်းစောင်းပြုသည်။ ညာလက်ဝါးကို ဖြန့်ကာ ဝမ်းဗိုက်ပေါ်တွင် ကာကွယ်မှုပြုသည်။ ရိုက်[illegible] ခတ်လာသော ဝတ်ရုံရှည်ကို ညာလက်ဖြင့် ဆုပ်ဖမ်းသည်။ [illegible]တစ်

www.burmeseclassic.com

www.burmeseclassic.com



ချိန်တည်းမှာပင် ဘယ်လက်ဝါးစောင်း ရိုက်ချက်တစ်ချက် ရှုလီယန်၏ ညာဘက်ချိုင်းကြားကို လှမ်းရိုက်တိုက်ခိုက်သည်။

ရှုလီယန်က ခါးနွဲ့ကာ ကိုယ်ကို လိမ်ကွေး၍ ရှောင်သည်။ ဝတ်ရုံရှည် ဝှေ့ယမ်းမှုလမ်းကြောင်းကိုလည်း အမြန်ပြောင်းသည်။ စုကျင်းမိန်၏နောက်ကျောဆီသို့ ပတ်ကာ ဖြတ်ရိုက်သည်။

စုကျင်းမိန်သည် ရှေ့သို့ ကိုယ်ကိုကိုင်းချရှောင်တိမ်းရင်း ညာလက်ကို နောက်သို့ ပစ်ကာ ဝတ်ရုံရှည်ကို ဆုတ်ဖမ်းသည်။ ရှောင်တိမ်းမှုနှင့် ဆုတ်ဖမ်းမှုတို့ကို ဆက်တိုက်ဆိုသလို အလွန်မြန်ဆန်စွာ လှုပ်ရှားလုပ်ဆောင်လိုက်ရာ ရှောင်တိမ်းရင်း တစ်ပြိုင်နက်တည်း ဆုတ်ဖမ်းလိုက်သလိုပင် ဖြစ်သည်။

စုကျင်းမိန် ရှောင်ရုံသာ ရှောင်နိုင်မည်ဟု ရှုလီယန်က ထင်ထားရာ ရုတ်တရက် အငိုက်မိခံရလျက် ဝတ်ရုံရှည်၏ အဖျားစ တစ်နေရာ ဆုတ်ဖမ်းမိသွားသည်။

ရှုလီယန် အတော်လေးပင် ထိတ်လန့်စိတ်လှုပ်ရှားသွားသည်။ သူမသည် အသက်ငယ်ရွယ်သေးသော်လည်း မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သိုင်းသမားများကို ဖခင်ကိုယ်စား ဦးဆောင်စီမံကွက်ကဲနေရာ ကိုယ်ရည်ကိုယ်သွေးမည့်၊ သိုင်းပညာစွမ်း ထက်မြက်



သည်၊ လက်တွေ့တိုက်ပွဲ အတွေ့အကြုံလည်း ကောင်းကောင်းရှိထားသည်။

ရှုလီယန် လက်တွေ့ဆင်နွှဲခဲ့သည့် ရင်ဆိုင်တိုက်ပွဲများတွင် သုံးလေးပွဲမှလွဲ၍ အနိုင်ရသည်က များသည်။ သို့သော် သူမ၏ လက်နက်ဖြစ်သော ဝတ်ရုံရှည်၏ အစွန်းအစကို တစ်ဖက်လူက မိမိရရ ဆုပ်ကိုင်မိမှုမျိုးတော့ မဖြစ်ဘူးခဲ့။

ယခု ပထမဆုံးအကြိမ် ကြုံတွေ့ရသော်လည်း တိုက်ရည်ခိုက်ရည်ပြည့်ဝသော ရှုလီယန်သည် ငေးကြောင်တွေဝေ တုံ့ဆိုင်းမနေပါ။ ညာလက်တွင် အတွင်းအားဖြည့်ထည့်ကာ ဝတ်ရုံရှည်ကို ဆောင့်ဆွဲယူသည်။ ကိုယ်ခန္ဓာကိုလည်း တစ်ပတ်လှည့်ကာ နောက်သို့ ဆုတ်သည်။

လှုပ်ရှားမှု နှံ့နှောင်းလှပသည်။ သိုင်းကွက်သိုင်းဟန် လှုပ်ရှားသည်နှင့် မတူ။ ကကွက်တစ်ကွက် ညွတ်ပျောင်းစွာ ကပြသည်နှင့်ပင် တူလျက် ရှုလီယန် ခြေတစ်လှမ်းအကွာသို့ ဆုတ်နိုင်သွားသည်။

စုကျင်းမိန်၏လက်ထဲတွင် ဆုပ်ဖမ်းမိထားသော ဝတ်ရုံရှည်၏ အစွန်းနေရာ လွတ်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသိုင်းဟန်လှုပ်ရှားမှုဖြစ်စဉ်တွင် ရှုလိယန်နှင့်စုကျင်းမိန်တို့ အတွင်းအားချင်းလည်း ထိပ်တိုက်ရင်ဆိုင်တိုးမိသည်။ တစ်ယောက်၏ အတွင်းအားအခြေအနေကို ကျန်တစ်ယောက် အကဲခတ်မိသည်။

တစ်ဖက်လူ၏ အတွင်းအားသည် မိမိနှင့်သိပ်မကွာ၊ တန်းတူ ရည်တူလောက်ရှိသည်ကို ရှုလိယန်ရော စုကျင်းမိန်ပါ ရိပ်မိလိုက်ကြသည်။

စုကျင်းမိန်၏ ဆုပ်ဖမ်းလိုက်မှု မြန်ဆန်သွက်လက်သည်ကို ရှုလိယန် စိတ်ထဲမှ ကြိတ်ကာ ချီးမွမ်းမိသလို ရှုလိယန်၏ နောက်ဆုတ်သွားပုံ ပညာသားပြည့်ပြီး သေသပ်ပိရိကြောင်း စုကျင်းမိန်နားလည်လက်ခံလိုက်ရသည်။

ရှုလိယန်နှင့် စုကျင်းမိန်တို့ တစ်ယောက်နှင့်တစ်ယောက် ခြေတစ်လှမ်းစာမျှ လူချင်းကွာသွားကြကာ ယှဉ်ပြိုင်တိုက်ခိုက်မှု ခေတ္တရပ်ဆိုင်းသလို ဖြစ်သွားချိန်တွင် ယာယီညှိခန်းဆောင်ကြီးထဲသို့ စားစကြာဂေဟာ သိုင်းသမားတစ်ယောက် ရေးကြီးသုတ်ပြာပြေးဝင်လာသည်။

စားစကြာဂေဟာရှင် ဝန်ကျောက်ဖိန် ထိုင်နေရာမှ ဆတ်



ခနဲ ထရပ်သည်။

အရေးတကြီး အခြေအနေတစ်ရပ် ရုတ်တရက် ပေါ်ပေါက်လာကြောင်း သဘောပေါက်ကြသည့်အတွက် ရှုလိယန်နှင့်စုကျင်းမိန်တို့ နှစ်ယောက်လည်း ဆက်လက်မတိုက်ခိုက်ကြတော့။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



"ဂေဟာရှင်ခင်ဗျား ... တောရိုင်းတစ္ဆေညီနောင် ..."

အပြေးဝင်ရောက်လာသော ဓားစကြာဂေဟာသိုင်းသမားက အမောတကော ပြောသည်။

ဝန်ကျောက်ဖုန်က ညာလက်ဝါးဖြန့်ကာ ပြလိုက်ရာ ထိုသိုင်းသမား ဆိုးအောင်မပြောဖြစ်တော့။ စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သည်။ ဓားစကြာဂေဟာရှင်၏ မျက်ဝန်းများတွင် အံ့ဩတုန်လှုပ်သည့် အသွင်များ ယှက်သန်းပေါ်ထွက်နေသည်ကို ချင်လိန်ဝေ တွေ့မြင်လိုက်ရသည်။

"လက်ျာရှံနဲ့ လက်ဝဲရှံတို့နှစ်ယောက် ဂေဟာသိုင်းသမားတွေကို ဦးဆောင်ပြီး ချက်ချင်းလိုက်သွားကြပါ၊ ဒီကကိစ္စ ကျွန်တော်တစ်ယောက်တည်းပဲ ဖြေရှင်းလိုက်ပါ့မယ်"

ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်က ပြတ်သားစွာ အမိန့်ပေးသည်။

"ဂေဟာရှင်တစ်ယောက်တည်းဆိုရင်"



လက်ျာရှံ စုကျင်းမိန်က ဝန်ကျောက်ဖုန်ကို သိုင်းသမားအများကြားတွင် တစ်ယောက်တည်း ထားရှိခဲ့ရမှာ စိတ်မချဟန်စကားစသည်။

"ကျွန်တော့်အတွက် နောက်ဆံတင်း ပူပန်မနေကြပါနဲ့၊ ခင်ဗျားတို့ လုပ်စရာရှိတာတွေကိုသာ အချိန်မဆိုင်းဘဲ အမြန်သွားလုပ်ကြပါ၊ တောရိုင်းတစ္ဆေတွေကို မောင်းထုတ်ပစ်ဖို့က ပိုအရေးကြီးပါတယ်"

လက်ျာရှံ စုကျင်းမိန်နှင့် လက်ဝဲရှံ ကြူးဝိန်တို့သည် ဘာမျှဆက်စောဒကမတက်ကြတော့။ ဝန်ကျောက်ဖုန်ကို အရိုအသေပေးပြီး ခပ်သွက်သွက်ပင် ထွက်ခွာသွားကြသည်။

"ကျွန်တော်တို့ နှစ်ယောက် ရင်ဆိုင်ယှဉ်ပြိုင်ကြပါစို့လား"

သူ၏ လက်ျာရှံနှင့်လက်ဝဲရှံတို့က ဓားစကြာဂေဟာ သိုင်းသမားများကို ဦးဆောင်ကာ 'တောရိုင်းမိစ္ဆာ' များကို ရင်ဆိုင်ချေမှုန်းရန် အသောတလျင် ထွက်ခွာသွားကြပြီးသောအခါ ဝန်ကျောက်ဖုန်က မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီးကို လှမ်း ပြောလိုက်သည်။

"ကောင်းပြီလေ ... ဒီလိုပဲ လုပ်ကြတာပေ့ါ"

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး ရှလုံက ခပ်အေး

www.burmeseclassic.com

www.burmeseclassic.com



အေး ပြောကာ ထိုင်နေရာမှ အသာထ၍ ခြေလှမ်းမှန်မှန်ဖြင့် သိုင်းလေ့ကျင့်မှု စင်မြင့်ရှိရာသို့ လျှောက်လှမ်းသွားသည်။

ထိုနေရာသည် မုန်တိုင်းနဂါးရဲတိုက် သိုင်းသမားများ၏ သိုင်းပညာလက်တွေ့ စမ်းသပ်စစ်ဆေးရာနေရာ ဖြစ်သည်။ နှစ်ပေသာသာခန့်မြင့်ကာ (၁၅) ပေပတ်လည်ခန့် ကျယ်ဝန်းသည်။ စားပွဲထိုင်ခုံများလည်း ခင်းကျင်းထားခြင်းမရှိ။

ဝန်ကျောက်ဖုန်လည်း ထိုစင်မြင့်နေရာဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားသည်။ ရှုလုံ၏ အသွင်အပြင်က အေးဆေးပြီး ဝန်ကျောက်ဖုန်မှာမူ စိတ်လောကြီးသော အမူအရာမျိုး ရှိနေသည်။

မြန်မြန်သွက်သွက် လျှောက်လှမ်းသွားသော ဝန်ကျောက်ဖုန်က ခပ်ဖြည်းဖြည်းမှန်မှန် ခြေလှမ်းသော ရှုလုံထက် ပို၍ စောစွာ စင်မြင့်လေးပေါ် ရောက်သွားသည်။ ခဏအကြာတွင်မှ ရှုလုံ စင်မြင့်လေးပေါ် တက်ရောက်လာသည်။

သိုင်းဧည့်သည် ပရိသတ်အပေါင်းသည် မကြာမီ ကြည့်ရှုကြရတော့မည့် သိုင်းအကျော်အမော်နှစ်ဦး၏ ယှဉ်ပြိုင်ပွဲနှင့် ပတ်သက်၍ တီးတိုးတီးတိုး ထင်မြင်ချက်တွေ ပေးနေကြသည်။ စင်မြင့်လေးထက်သို့ ရှုလုံရောက်ရှိပြီး ဝန်ကျောက်ဖုန်နှင့် မျက်နှာချင်းဆိုင်



ရပ်လိုက်သောအခါတွင် တီးတိုးစကားသံများ ရပ်သွားသည်။

ယာယီဧည့်ခန်းဆောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ ထူးခြားသည်မှာ ခြောက်ပိုင်း နှင်းဖြူစံအိမ်ရှင်ကြီး ရှုလုံသည် ဖြူဆွတ်သော ဝတ်ရုံရှည်ကြီး ခြုံထားသည်သာမက ခါးတွင် ဓားရှည်တစ်လက်ချိတ်ထားသည်။

ယှဉ်ပြိုင်ဘက်နှင့် စင်မြင့်ပေါ်တွင် ရင်ဆိုင်လိုက်ရပြီ ဖြစ်သော်လည်း ရှုလုံသည် ဓားရှည်ကို ထုတ်ယူကိုင်ဆွဲခြင်း မပြုသေးပေ။ ရှုလုံက ဓားမထုတ်သည့်အတွက် ဝန်ကျောက်ဖုန်လည်း သူ၏ လက်နက်များကို မကိုင်စွဲဘဲ လက်ချည်းဗလာနှင့် ရပ်နေသည်။

"စမယ် ... အကွက်ကြည့်"

ရှုလုံက သတိပေးပြီးနောက် ဝတ်ရုံရှည်ကြီးကို ဝှေ့ယမ်းကာ ဝန်ကျောက်ဖုန်ကို ဆတ်ခနဲ လှမ်းရိုက်သည်။ ဝတ်ရုံရှည်ကြီး လှုပ်ရှားသွားမှုနှင့်အတူ ကြီးမားသော လေလှိုင်းအားအဟုန် ဖြစ်ပေါ်သည်။ ဝတ်ရုံရှည်အစနှင့် ရိုက်ခတ်မိလျှင် ထိချက်ပြင်းနိုင်သလို လေလှိုင်းအားအဟုန် အဝှေ့အထိခံရလျှင်လည်း သက်သာမည် မဟုတ်ပေ။

ဝန်ကျောက်ဖုန် လှစ်ခနဲပင် နောက်သို့ ခုန်ဆုတ်သည်။ ဝတ်ရုံရှည်၏ ရိုက်ခတ်မှုမှ လွတ်သလို ဝတ်ရုံရှည် ဝှေ့ယမ်းမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်သော လေလှိုင်းအားအရှိန်အဟုန် ရိုက်ခတ်မှုစက်ကွင်းမှလည်း လွတ်သည်။

ထိုသို့ လွတ်အောင် ရှောင်ထွက်ပြီးသည်နှင့် ဝန်ကျောက်ဖုန်သည် ညာခြေထောက်ကို အားပြုကာ စင်မြင့်ကြမ်းပြင်ကို ဆောင့်နင်းလိုက်ရာ သူ၏ ခန္ဓာကိုယ်အပေါ်သို့ မြောက်ကြွတက်သည်။ လေထဲသို့ မြောက်ကြွတက်လာသော ဝန်ကျောက်ဖုန်က ရှုလုံ၏ မျက်နှာဆီသို့ ခြေထောက်နှစ်ဖက်ဖြင့် ခိုကန်ထည့်သည်။

ဝန်ကျောက်ဖုန်၏ ကိုယ်ခန္ဓာ လေထဲ မြောက်ကြွတက်နေသည့်အတွက် ရှုလုံအနေဖြင့် သူ့ကိုယ်တွင် သိုင်းခြုံထားသော ဝတ်ရုံဖြင့် လှမ်းရိုက်တိုက်ခိုက်ရန် လက်လှမ်းမမီတော့။ ရှုလုံ၏ တိုက်စစ်ရုတ်ခြည်းပျက်ပြယ်သည်။ ခံစစ် အနေအထားသို့ ရောက်သွားသည်။ သူ့မျက်နှာတည့်တည့်သို့ ဝင်လာသော ခြေကန်ချက်ကို ကမန်းကတန်း ခုခံရှောင်တိမ်းလိုက်ရသည်။

ဝန်ကျောက်ဖုန်က လေထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ ရှုလုံ၏ နောက်ကျောဆီတွင် ခြေချရပ်သည်။ ခြေထောက်က စင်မြင့်ကြမ်းပြင်ပေါ် ချမနင်းမိခင်မှာပင် ရှုလုံ၏ နောက်ကျောဆီသို့ ဝန်ကျောက်ဖုန်၏ လက်ဝါးရိုက်ချက်များ တရစပ် ဝင်လာသည်။



ရှုလုံကိုယ်ဟန်လှုပ်ရှားရင်း လက်ဝါးရိုက်ချက်များကို ရှောင်သည်။ ဝတ်ရုံရှည်ကို ဝှေ့ယမ်းတိုက်ခိုက်သည်။ ဝန်ကျောက်ဖုန် လေထဲ ခုန်ပျံတက်သွားပြန်ရာ ရှုလုံ၏ ဝတ်ရုံရှည်ရိုက်ချက်များ အားပြင်းသော်လည်း ဦးတည်ပစ်မှတ် ပျောက်ကာ အချည်းနှီး ဖြစ်သွားရလေသည်။

လေထဲမှ ခြေကန်ချက်များဖြင့် တိုက်ခိုက်လာပြန်ရာ ရှုလုံ အမြန်ရှောင်လိုက်ရသည်။

ဝန်ကျောက်ဖုန်သည် စွန်ရဲတစ်ကောင်က သားကောင်ကို ထိုးသုတ်တိုက်ခိုက်သလိုမျိုး လေထဲခုန်ပျံတက်လိုက်၊ အောက်ပြန်ဆင်းလိုက်နှင့် ခုန်ဆွခုန်ဆွ မရပ်မနား လှုပ်ရှားနေသည်။ လက်ဝါးရိုက်ချက်နှင့် ခြေကန်ချက်များကို အလျဉ်းသင့်သလို သုံးသည်။

ရှုလုံမှာ ဝန်ကျောက်ဖုန်၏ ထိုးသုတ်တိုက်ခိုက်မှုများကို ခြေရှုပ်လက်ရှုပ် ဖြစ်လုမတတ် အသေအလဲ ခုခံချေဖျက်နေရသည်။ တန်ပြန်တိုက်ကွက် တစ်ကွက်တလေမျှပင် မဆင်နိုင်။

ဝန်ကျောက်ဖုန်က အုပ်စီးတိုက်ခိုက်ကာ အသာစီးတွင် နေသည်။

"ဓားစကြာဂေဟာရှင်လေးက စွန်ရဲခေါက်ကျိုးရဲ့ [illegible]ပြည့်

www.burmeseclassic.com

www.burmeseclassic.com



ကို။ ဒါကြောင့်လည်း ဒီလောက်သိုင်းပညာစွမ်း ထက်နေတာပဲ”
ရင်ဆိုင်တိုက်ခိုက်ရင်း ဝန်ကျော့ဘက်ဖုန်၏ သိုင်းပညာ
ဓစ်မြစ် ကို အကဲခတ်မိသော ရှလုံက ပြောလိုက်သည်။
ဤစကားကို ကြားရသောအခါ ယာယီညီ့ခန်းဆောင်ထဲရှိ
သိုင်းညီ့သည် ပရိသတ်အပေါင်းမှ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ
သည်။ စွန်ရဲခေါက်ကျိသည် သိုင်းလောကတွင် နာမည်ထင်ရှား
သော သိုင်းအကျော်အမော်တစ်ယောက် ဖြစ်ခဲ့ပြီး လွန်ခဲ့သော (၁၅)
နှစ်ခန့်က ထူးဆန်းစွာပင် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။
စွန်ရဲခေါက်ကျိ သေဆုံးသွားပြီလား၊ အသက်ရှင်လျက် ရှိ
နေသေးသလားဆိုသည်ကိုပင် မသိကြ။ ဘာကြောင့် သတင်းအစ
အနပင် သိုးသိုးသန့်သန့် မကြားရဘဲ ပျောက်ကွယ်နေရသည် ဆိုခြင်း
ကိုလည်း မည်သူမျှ တပ်အပ်သေချာ မပြောနိုင်ကြ။
ထင်ကြေးဖြင့် မှန်းဆပြောကြားသည့် ကောလာဟလများ
ကတော့ စွန်ရဲခေါက်ကျိ ပျောက်ကွယ်သွားပြီး နှစ်အံတန်ကြာ
အောင်ပင် သိုင်းလောကတွင် ပျံ့နှံ့နေခဲ့သေးသည်။ ထိုနောက် အချိန်
ကာလ ကြာမြင့်လာသည်နှင့်အမျှ သိုင်းသမားများက စွန်ရဲခေါက်
ကျိကို မေ့မေ့ပျောက်ပျောက် ဖြစ်သွ- ကြလေတော့သည်။



ယခု စွန်ရဲခေါက်ကျိ၏ သိုင်းမျိုးဆက်သိုင်းပညာအမွေခံ တပည့်ရင်းအဖြစ် ဝန်ကျော့ဘက်ဖုန် ပေါ်ထွက်လာကာ ဝန်ကျော့ဘက်ဖုန်မှာလည်း အသက် (၂၀) ဝန်းကျင်အရွယ်သာ ရှိသေးသည့်အတွက် စွန်ရဲခေါက်ကျိ မသေသေးဘဲ အသက်ရှင်လျက်ရှိနေကြောင်း ထင်ရှားစွာ သိရှိလိုက်ကြရသည်။

သိုင်းညီ့သည်ပရိသတ်များထဲတွင် စွန်ရဲခေါက်ကျိနှင့် ခေတ်ပြိုင်သက်ကြီးဗိုင်း သိုင်းလောကကြီးအချို့လည်းပါဝင်လေရာ ခေါက်ကျိနှင့်ခင်မင်သူများက ဝမ်းသာကာ ခေါက်ကျိနှင့် အငြိုးအတေးရှိသူများကတော့ စိုးရိမ်ကာ စိတ်လှုပ်ရှားကြရသည်။

သိုင်းညီ့သည်ပရိသတ်အပေါင်းသည် စားစကြာဂေဟာတွင် ဝန်ကျော့ဘက်ဖုန် သိုင်းဟန် လှုပ်ရှားတိုက်ခိုက်ပုံကို သေသေချာချာပင် စူးစိုက်ကြည့်ကာ စွန်ရဲသိုင်းပညာ၏ စွမ်းရည်ကို အကဲဖြတ်နေကြသည်။

ဝန်ကျော့ဘက်ဖုန်သည် အသာစီးရနေကာ စွန်ရဲသားကောင်သုတ် သိုင်းကွက်၏ သိုင်းဟန်လှုပ်ရှားမှုက (၁၄) ခုကို တစ်ခုပြီး တစ်ခု ထုတ်သုံးသည်။ ရှလုံ မလှန်နိုင်အောင် ဖိနှိပ်ဦးနှိမ်ထားနိုင်သော်လည်း ဝန်ကျော့ဘက်ဖုန်၏ တိုက်ချက်တစ်ခုတလေမျှပင် ရှလုံ

www.burmeseclassic.com

www.burmeseclassic.com



ကို မသိ။

ခြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီးသည် ဝတ်ရုံရှည်ကြီး ကို ဖွေ့ကာယမ်းကာ လှုပ်ရှားကာနှင့် ခံစစ်ကို လုံအောင်ပြုနေနိုင် သည်။

☆ ☆ ☆



ဝန်ကျောက်ဖုန်က စွန်ရဲသားကောင်သုတသိုင်းကွက် (၁၄) ခုမြောက် သိုင်းဟန်ကိုသုံးကာ လေထဲတွင် ခုန်ပျံလှုပ်ရှား လျက် ရှလုံကို အထက်ပိုင်းမှ အုပ်မိုးတိုက်ခိုက်သည်။

ဤသိုင်းဟန်သည် စွန်ရဲသားကောင်သုတ် သိုင်းကွက်၏ အဆင့်အမြင့်ဆုံး၊ အစွမ်းအထက်ဆုံးနှင့် ကြောက်စရာအကောင်းဆုံး တိုက်ခိုက်မှု ဖြစ်သည်။

လေထဲတွင် ခုန်ဆင်းရိုက်ချသော လက်ဝါးရိုက်ချက်သည် ရှလုံ၏ငယ်ထိပ်ဆီ ဦးတည်ခြိမ်းခြောက်လာသည်။

ရှလုံမှာလည်း ခုခံကွက်များ ကုန်သလောက်ဖြစ်နေရာ သေ ရေးရှင်ရေး အန္တရာယ်ပြုနေရလေပြီ။

ဝတ်ရုံရှည်ဖွေ့ယမ်းလှုပ်ရှားမှုဖြင့် ခုခံကာကွယ်၍ မရနိုင် တော့ကြောင်း သိသည့်အတွက် ရှလုံသည် ခါးတွင်ချိတ်ထားသော ဓားရှည်ကို ညာလက်ဖြင့် အမြန်ဆွဲ ထုတ်ကာ ဦးခေါင်းထိပ်လေထဲသို့ ဆန့်တန်းထိုးထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ'

'ဟင်'

'အလို'

ဓားရောင် ဖွေးခနဲ လက်သည်။ သိုင်းဧည့်သည်ပရိသတ်များထံမှ အာမေဋိတ်သံများ ပေါ်ထွက်လာသည်။

ဝန်ကျောက်ဖုန်၏ တိုက်ကွက်သည် ဓားရှည်ထိုးထွက်လာမှုကြောင့် ပျက်ပြယ်သွားရသည်။ ဝန်ကျောက်ဖုန်၏ ကိုယ်ခန္ဓာမှာလည်း လေထဲ ခုန်ပျံမြောက်တက်နေရာမှ အောက်ပြန်ကျသည်။

"မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီးက မရဏဓားလက်နက် ကိုင်ရှိနေတာကိုး"

စင်မြင့်ကြမ်းပြင်ပေါ်တွင် ခြေချရပ်မိသည်နှင့် ဝန်ကျောက်ဖုန်က ပြောသည်။

သိုင်းဧည့်သည်ပရိသတ်အပေါင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြန်သည်။ စွန်ရဲဓောက်ကျီ အသက်ရှင်လျက်ရှိနေသေးကြောင်း ထင်ရှားသေချာစွာ သိကြရပြီးနောက် သိုင်းလောကတွင် တိမ်မြုပ်နေသော နောက်ထပ်ကိစ္စကြီးတစ်ခုနှင့်ပတ်သက်၍ သူတို့ ထပ်မံသိမြင်ကြပြန်ပေပြီ။



မရဏဓားသည် မရဏဂိုဏ်း၏ ရတနာပစ္စည်းဖြစ်သည်။ မရဏဂိုဏ်း၊ မရဏဓားနှင့် မရဏဓားသိုင်းတို့သည် လွန်ခဲ့သည့် (၁၅) နှစ်ကျော်အထိ သိုင်းလောကတွင် အင်အားကောင်းခဲ့သည်။ အစွမ်းထက်ပြီး ရက်စက်သော မရဏဓားသိုင်းနှင့် မရဏဓားတို့ကို အားကိုးပြုကာ မရဏဂိုဏ်းသည် ဆိုးသွမ်းရမ်းကားလာခဲ့ရာ မူလက လမ်းမှန်သိုင်းအဖွဲ့အစည်းတစ်ခု ဖြစ်ခဲ့သော်လည်း လမ်းမှားသိုင်းသမားဆိုး မိစ္ဆာများဟု အသတ်မှတ်ခံရလျက် ရှောင်လင်၊ ဝူတန်း၊ ခွန်လွန်း၊ အော်မေ့ဂိုဏ်းကြီးများ အပါအဝင် လမ်းမှန်သိုင်းသမားအများ စုပေါင်းကာ ဝိုင်းဝန်းတိုက်ခိုက်ချေမှုန်းခြင်း ခံခဲ့ရသည်။

မရဏဂိုဏ်းပြိုကွဲပျက်စီးကာ မရဏဓားနှင့်မရဏဓားသိုင်းတို့လည်း ပျောက်ကွယ်သွားခဲ့သည်။

ရှလုံသည် မရဏဓားကို ရရှိကာ မရဏဓားသိုင်းကိုလည်း လေ့ကျင့်တတ်မြောက်ခဲ့သော မရဏဂိုဏ်း၏ နောက်ဆုံးမျိုးဆက်ဖြစ်သည်။ မရဏဂိုဏ်းဟူ၍ ပြန်လည်ထူထောင်လျှင် ဝိုင်းဝန်းချေမှုန်းခြင်း ခံရမည့်အန္တရာယ်ရှိကြောင်း နားလည်သည့်အတွက် ရှလုံသည် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ဟူ၍သာ ထူထောင်စည်းရုံးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းနှင်းဖြူဂေဟာ၏ သိုင်းပညာစစ်မြစ်မှာ မရဏဓားသိုင်းပင် ဖြစ်သည်။ သို့သော် ရှလုံက လိမ္မာပါးနပ်စွာ ဓားလက်နက်ကို မသုံးဘဲ ဝတ်ရုံရှည်ကိုသာ ဓားအစား ခုခံအသုံးပြုစေခဲ့သည်။

ဝတ်ရုံရှည် လှုပ်ရှားကွက်များ၏ အခြေခံမှာ မရဏဓားသိုင်းကွက်များ ဖြစ်ကြောင်းကို မည်သည့်သိုင်းသမားကမျှ ရိပ်စားမိခြင်း မရှိကြသည့်အတွက် ရှလုံကိုလည်း မရဏဂိုဏ်း၏ နောက်ဆုံးမျိုးဆက် ဖြစ်ကြောင်း မသိခဲ့ကြပေ။

ဤသို့ လျှို့ဝှက်သိပ်သည်းစွာ နေထိုင်လှုပ်ရှားခဲ့သော်လည်း မရဏဂိုဏ်း၏ ရတနာပစ္စည်းဖြစ်သော မရဏဓားကိုတော့ ရှလုံသည် ကိုယ်နှင့်မကွာ ဆောင်ထားကော မရဏဓားသိုင်းကိုလည်း လျှို့ဝှက်စွာ လေ့ကျင့်နေခဲ့သည်။

သမီးဖြစ်သူ ရှလီယန်ကိုပင် မရဏဓားသိုင်း သင်မပေးခဲ့။ မရဏဓားသိုင်းကို အခြေခံထားသော နှင်းဖြူဝတ်ရုံရှည်သိုင်းကိုသာ စံအိမ်တော်၏ သိုင်းပညာအနေဖြင့် သင်ကြားပေး လေ့ကျင့်စေခဲ့သည်။

ယခု ဝန်ကျောက်ဖုန်မှာ စွန်ရဲဇောက်ကျိ မျိုးဆက်အမွေခံ တပည့်ဖြစ်ကြောင်း သိရပြီး (မရဏဂိုဏ်းကို အတက်ကြွဆုံး ချေမှုန်း



ရှင်းလင်းခဲ့သည့် လမ်းမှန်သိုင်းသမားများထဲတွင် စွန်ရဲဇောက်ကျိသည် ထိပ်ဆုံးမှ ပါဝင်ခဲ့သည်) စွန်ရဲသားကောင်သုတ် သိုင်းကွက်အောက်တွင် ရှုံးနိမ့်တော့မည့်အခြေအနေ ပေါ်ပေါက်လာရာ မတတ်သာတော့ဘဲ မရဏဓားကိုကိုင်စွဲလျက် မရဏဓားသိုင်း ထုတ်သုံးလိုက်ရလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ရှလုံက မရဏာစေးကို ကိုင်စွဲကာ မရဏာစေးသိုင်းဖြင့်လည်း
တိုက်ခိုက်တော့သည်တွင် ဝန်ကျောက်ဖုန်ကလည်း ခါးတွင်ပတ်ထား
သော အနက်ရောင်သားရေကျာပွတ်ကို ဖြည်ဖြုတ်သည်။
'ရွှမ်း'
ချိတ်ထားသော စေးအိမ်ထဲမှ စေးရှည်ကိုလည်း 'ရွှမ်း' ခနဲ
နေအောင် ဆွဲထုတ်သည်။
သည့် နောက်တွင်တော့ ရှလုံ၏ မရဏာစေးသည် ဝန်
ကျောက်ဖုန်၏ စေးရှည်၊ သားရေကျာပွတ်တို့နှင့် အကြိတ်အနယ်ပင်
ရင်ဆိုင်တိုက်ခိုက်လေတော့သည်။
ဝန်ကျောက်ဖုန်သည် လက်နက်ဘက်တွင် မတူညီကွဲပြား
သော လက်နက်နှစ်မျိုး ကိုင်စွဲတိုက်ခိုက်သော်လည်း သိုင်းကွက်သိုင်း
ဟန်လှုပ်ရှားမှုများ ရှုပ်ထွေးခြင်းမရှိ။
စေးရှည်က ဓာ့ဝိုက်ခုတ်ပိုင်းထိုးနှက်သလို သားရေကျာပွတ်
ကလည်း ဖြတ်၍ ဝိုက်၍ ဘက်ပေါင်းစုံမှ ရိုက်နှက်နေသည်၊



ရှလုံ၏ မရဏာစေးသိုင်းသည် သာမန်အားဖြင့် ကြည့်မည်ဆိုလျှင် ရိုးစင်းသည်။ အရှိန်အဟုန်လည်း နှေးကွေးသယောင် ရှိသည်။ သို့သော် ရိုးစင်းသည့် သမားရိုးကျဟန် စေးကွက်တွင် ဆန်းပြားမြန်ဆန်လှသော လျှို့ဝှက်စေးချက်များ ဖုံးကွယ်ပါဝင်နေသည်။

သာမန် ရိုးရိုးစေးကွက်ဟုထင်မှတ်ကာ နှေးကွေးသယောင်ရှိသော အခုတ်အပိုင်း အနုတ်အသိမ်းတို့ကြောင့် အထင်သေးပေါ့ဆမိလျှင် ပုန်းလျှိုးပါဝင်နေသော ဆန်းပြားမြန်ဆန်လှသည့် စေးချက်အထိခံရမှာ သေချာသည်။

ဝန်ကျောက်ဖုန်သည် မရဏာစေးနှင့် မရဏာစေးသိုင်းတို့ကို လက်တွေ့ရင်ဆိုင်ယှဉ်ပြိုင်ဖူးခြင်း မရှိသော်လည်း မြူပ်ကွက်နှင့် လျှို့ဝှက်ချက် အများအပြားပါဝင်နေသော အဆင့်မြင့်စေးသိုင်းပညာ ဖြစ်ကြောင်းကိုတော့ သိရှိနားလည်ထားသည်။

ထို့ကြောင့် ရှလုံ၏စေးချက်နှင့် တိုက်ကွက်များကို အထင်သေးခြင်း လုံးဝမရှိ။ အကွက်တိုင်းတွင် သတိအပြည့်ထားကာ ထိထိမိမိ တိုက်ကွက်ဆင်သည်။

ယေဘုယျအားဖြင့် ဆိုရလျှင် ရှလုံရော၊ ဝန်ကျောက်ဖုန်ပါ မိမိတို့၏ လျှို့ဝှက်ချက်နှင့် လှည့်စားမှုအသီးသီး ရှိခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှလုံက မရဏာစားကို လက်ကိုင်ရထားလျက် မရဏာစား သိုင်းကိုလည်း ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်သော်လည်း မိမိကိုယ်မိမိ မရဏာဂိုဏ်း၏ သိုင်းမျိုးဆက်ဟု လူသိမခံဘဲ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ကို ထူထောင်ကာ ဓားရှည်မသုံးဘဲ ဝတ်ရုံရှည်များကိုသာ လက်နက်အဖြစ် အသုံးပြုတိုက်ခိုက်သော မြောက်ပိုင်းနှင်းဖြူသိုင်းဖြင့် ပရိယာယ်ဆင် လှည့်စားခဲ့သည်။

ထိုနည်းတူ ...

စွန်ရဲဓောက်ကျိသည် လုံးဝ ဇာတ်မြှုပ်နေလိုသောကြောင့် သူ၏မျိုးဆက်အမွေခံ တပည့်သိုင်းသမား ဝန်ကျောက်ဖုန်သည် 'စွန်ရဲသိုင်းပညာ'ကို ထင်ထင်ပေါ်ပေါ် အတိအလင်း ထုတ်ဖော်အသုံးချခြင်းမပြုဘဲ ဓားစကြာဂေဟာ၏ သိုင်းပညာအနေဖြင့်သာ ပုံဖျက်၍ ထားခဲ့သည်။

ယခု ကျင်းလိန်ဂူ၏ မိုးပုလဲဓားကို အရယူနိုင်ရေးအတွက် လှုပ်ရှားလုပ်ဆောင်ရာတွင် ဦးစီးရှေ့ဆောင်နေရာကို အရယူလျက် အကျိုးအမြတ် အများစုကို ရယူရန် အကြံတ်အနှယ် ယှဉ်ပြိုင်ကြိုးစားကြရာမှ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်နှင့်ဓားစကြာ ဂေဟာတို့၏ နှစ်ပေါင်းများစွာ ဖုံးဖိထားခဲ့သော လျှို့ဝှက်ချက်များ ပေါ်ပေါက်ကုန်



ကြလေတော့သည်။

ဓောက်ကျိ၏ 'စွန်ရဲသိုင်းပညာ'သည် မရဏာစားသိုင်းကို ထိန်းချုပ်အုပ်စီးနိုင်စွမ်းရှိသော ငယ်နိုင်သိုင်းပညာရပ်တစ်ခု ဖြစ်သည်။

စွန်ရဲဓောက်ကျိသည် ထိုအားသာချက်ကို ထိထိရောက်ရောက် အသုံးချကာ မရဏာဂိုဏ်းအား အမြစ်ပြတ်ချေမှုန်းခဲ့မှုတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် စွန်ရဲသိုင်းနှင့်မရဏာသိုင်းတို့၏ သိုင်းပညာများပေါ် အခြေပြုကာ သာမန်အားဖြင့် ခန့်မှန်းလျှင် ဝန်ကျောက်ဖုန်က ရှုလုံကို အနိုင်ရမည်ဟု ကောက်ချက်ချရပေမိမည်။

သို့ရာတွင် သိုင်းပညာစွမ်းရည် အခြေခံအပြင် အခြား ထည့်သွင်းစဉ်းစားရမည့် အကြောင်းအချက်တွေ ရှိနေသေးသည်။

ရှုလုံသည် သက်ကြီးပိုင်းအရွယ် ရောက်နေသည်။ ဝန်ကျောက်ဖုန်ကမူ အသက် (၂၀) ဝန်းကျင်အရွယ် လူငယ်လူရွယ်လေးသာ ဖြစ်သေးသည်။

အသက်ပိုကြီးသော ရှုလုံက ဝန်ကျောက်ဖုန့်ထက် ပို၍ ရင့်ကျက်သည်။ အတွေ့အကြုံလည်း ပိုများသည်။ အခြေအနေ အရ

www.burmeseclassic.com

www.burmeseclassic.com



မျိုးပေါ်တွင် မူတည်ကာ သိုင်းကွက်သိုင်းဟန်နှင့် တိုက်နည်းဗျူဟာတွေကို လျင်မြန်စွာ ပြောင်းလဲအသုံးချနိုင်သည်။

ထို့ပြင် ဝန်ကျောက်ဖုန်က လူငယ်လူရွယ်တစ်ယောက်ပီပီ စိတ်မြန်သည်။ စိတ်လိုက်မာန်ပါ လုပ်တတ်သည်။ စိတ်မရှည်။ စောင့်ဆိုင်းရမှုမျိုး လုံးဝမလုပ်ချင်။

သက်ကြီးပိုင်းရောက်ကာ အတွေ့အကြုံများပြီး ရင့်ကျက်နေသော ရှလုံကတော့ စိတ်လိုက်မာန်ပါ မလုပ်တတ်။ အခွင့်အရေးကောင်းကို စိတ်ရှည်ရှည်ဖြင့် စောင့်နိုင်သည်။

ပြီးတော့ ရှလုံသည် စွန်ရဲသိုင်းအကြောင်း အတော်ပင် သိရှိနေသည်။ စွန်ရဲသိုင်း၏ သိုင်းကွက်သိုင်းဟန် အပြောင်းအလဲ နည်းပရိယာယ်များကို နားလည်သင့်သလောက် နားလည်နေသည်။

အသက်ငယ်ရွယ်သေးသူ ဝန်ကျောက်ဖုန်ကတော့ မရဏာဓားနှင့် မရဏာဓားသိုင်းအကြောင်း ကြားဖူးသိဖူးရုံသာ ရှိသည်၊ မရဏာဓားသိုင်း၏ သိုင်းကွက်သိုင်းဟန် အပြောင်းအလဲများနှင့် တိုက်နည်းဗျူဟာ ပရိယာယ်များအကြောင်း သေသေချာချာ ဂဃဏန မသိ။

စွန်ရဲသိုင်းက မရဏာဓားသိုင်းကို အနိုင်ယူ ချေမှုန်းနိုင်ခဲ့



သည်ဟူသော မာန်လေးကလည်း ဝန်ကျောက်ဖုန်၏ စိတ်ထဲတွင် မသိမသာ တည်ရှိနေသေးသည်။ ဤမာန်လေးကလည်း ဝန်ကျောက်ဖုန်သည် မရဏာဓားသိုင်းကို အထင်သေးသည့် မသိစိတ် အခြေခံ ရှိနေသည်။

သိုင်းပညာအရ သာလွန်နေသော မိမိအနေဖြင့် ရှလုံကို အနိုင်ယူ ချေမှုန်းပစ်နိုင်မည်ဟူသော ထင်မြင်မှုကလည်း ပျော့ကွက်တစ်ခု အနေဖြင့် ရှိနေပြန်သည်။

ဝန်ကျောက်ဖုန်၏ ဓားရှည်နှင့် သားရေကျာပွတ်နက်တို့သည် သာမန်အကောင်းစားလက်နက်များသာ ဖြစ်သည်။ နာမည်အထင်ကရမရှိကြ။

မရဏာဓားကတော့ သိုင်းလောကတစ်လွှား ဖိမ့်ဖိမ့်တုန်အောင်ပင် ကျော်ကြားထင်ရှားခဲ့သည်။ သမိုင်းဝင်ဓားကောင်းရတနာတစ်လက်ဖြစ်သည်။

ရတနာသက်နက်ကောင်းစာရင်းဝင်ဖြစ်သော မရဏာဓားက ဝန်ကျောက်ဖုန်၏ သာမန်အကောင်းစားဓားရှည်နှင့် သားရေနက်တို့ထက် ပို၍အစွမ်းထက်သည်။

ဤသို့လက်နက်အနေဖြင့် ပိုသာလွှာရင့်နေမှုက မရဏာဓား

www.burmeseclassic.com

www.burmeseclassic.com



သိုင်းထက် စွန်ရဲသိုင်းက အနည်းငယ် ပိုမိုအဆင့်မြင့် အစွမ်းထက်နေမှုကို ချေဖျက်နိုင်နေသည်။

သည်လိုအခြေအနေတွင် တစ်ဖက်နှင့်တစ်ဖက် တင်းတင်းမာမာ ထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်ကြသောအခါတွင် . . .

☆



ဝန်ကျောက်ဖုန်သည် ရှလုံကို သိုင်းကွက် (၂၅) ကွက်ခန့် အထိသာ သူတင်ကိုယ်တင် ရင်ဆိုင်နိုင်သည်။ သိုင်းကွက် (၂၅) ကွက် ရင်ဆိုင်ယှဉ်ပြိုင်ပြီးသည့်နောက်တွင်မူ ဝန်ကျောက်ဖုန် နောက်သို့ ဆုတ်ပြီးရှင်းဆုတ်နေရလေသည်။

ဤအခြေအနေကို တွေ့ရသော မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှန်ကင်းစင်း အတော်ကြီးပင် တုန်လှုပ်ချောက်ချားသွားခဲ့သည်။

ရှန်ကင်းစင်းသည် မရဏဂိုဏ်းသိုင်းလောကတွင် လူတွင်ကျယ်လုပ်ခဲ့သော အချိန်ကာလကို မီသည်။ မရဏဂိုဏ်း၏ ကြမ်းတမ်းရက်စက်မှုများအကြောင်းလည်း သိရှိနားလည်ထားသည်။

ယခု ယှဉ်ပြိုင်တိုက်ခိုက်မှုတွင် ဝန်ကျောက်ဖုန် အရေးရှုံးနိမ့်ကာ ရှလုံသာ အနိုင်ယူပွဲသိမ်းသွားလျှင် ကျန်းဝူလိန်၏ မိုးပုလဲဓားကို အရယူရေးကိစ္စတွင် ရှလုံက ထိပ်တန်းနေရာကို ရယူသွားမှာ သေချာသည်။

အကျိုးဆက်အနေဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



ကျန်သိုင်းဂိုဏ်းအဖွဲ့အစည်းများနှင့် သိုင်းသမားများအတွက် ကောင်းကျိုးမရှိ ဆိုးကျိုးတွေကိုသာ ကြုံတွေ့ကြရပေလိမ့်မည်။

မရဏဂိုဏ်း တစ်စခန်းပြန်ထလာသည့် အခြေအနေမျိုးပင် ပေါ်ပေါက်လာနိုင်သည်။

မိမိ၏ မုန်တိုင်းနဂါးရဲ့တိုက်မှာလည်း မရဏဂိုဏ်း နောက်ဆုံးမျိုးဆက်ဖြစ်သူ ရှလုံ၏ခြေဖဝါးအောက်တွင် ကျရောက်ရမှာ သေချာသည်။

ယခု အနိုင်အရှုံးမပေါ်သေးမီ ရှလုံကို လက်ဦးမှုရယူကာ ရှင်းလင်းဖယ်ရှားမှသာ ဖြစ်တော့မည်ဟု စိတ်ပိုင်းဖြတ်ကာ ဝန်ကျောက်ဖုန်ကို ကူညီပေးရန်အတွက် အရိုးရှည်ဓားမောက်ကြီးကို ဝှေ့ယမ်းရင်း တိုက်ပွဲဖြစ်ပွားနေရာ စင်မြင့်ရှိရာသို့ ပြေးဝင်လာသည်။

ရှန်ကောင်းစင်းကို ရှလုံ၏သမီး ရှလီယန်က ကြားဖြတ်ကာ ဟန့်တားတိုက်ခိုက်သည်။

ဂူက်မွန်ဂိုနယ်သိုင်းမင်းသားလေး ထျန်လုံပုရှည်နှင့် နတ်ဆိုးနက်ကျန်းဝေ့ဖုန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။



ထျန်းလုံပုရှည် ခေါင်းတစ်ချက် ညိတ်ပြသည်။

နတ်ဆိုးနက်ကျန်းဝေဖုန်းသည် မဲ့ပြုံးတစ်ချက် ပြုံးကာ အကောင်းပကတိအတိုင်း ရှိနေသော ညာလက်ကို ဆတ်ခနဲ ဆန့်တန်း လှုပ်ရှားလိုက်ရာ မဟူရာကျောက်နက်လက်စွပ်တစ်ကွင်း ရှလုံထံသို့ လျှင်မြန်စွာ ပျံသွားသည်။ လက်နက်ပုန်းလေခွင်းသံ ခပ်သဲ့သဲ့လည်း ဝှစ်ခနဲပေါ်ထွက်သည်။

ရှလုံက မာန်တင်းသံတစ်ချက်ပြုကာ မရဏဓားကို ကန့်လန့်ဖြတ် ပိုက်ခုတ်သည်။ ကျန်းဝေ့ဖုန်း ပစ်လွှတ်လိုက်သော မဟူရာကျောက်နက်လက်စွပ်မှာ မရဏဓား၏ ဖြတ်ခုတ်ချက်ကြောင့် လမ်းကြောင်းတိမ်းစောင်းကာ လွင့်စဉ်ထွက်သွားသည်။

ဝန်ကျောက်ဖုန်က ဓားရှည်နှင့် သားရေကျာပွတ်နှစ်ခုလုံး ပြိုင်တူထိုးစိုက်၍ တိုက်ခိုက်လာသည်။

"ဒါမျိုးမရဘူးလေ"

ရှလုံက ပြောပြောဆိုဆို မရဏဓားကို တန်းထုတ်ကာ ဘယ်တစ်ချက် ညာတစ်ချက် ဝှေ့ပိုက်ခုတ်သည်။ အတင်းဝင်တိုက်ခိုက်လာသော ဝန်ကျောက်ဖုန်၏ ဓားရှည်နှင့်သားရေကျာပွတ်တို့ မရဏဓားနှင့် ထိပ်တိုက်ရင်ဆိုင်မိသည်။

www.burmeseclassic.com



နာမည်ရ ထိပ်တန်းစားကောင်းတစ်လက် ဖြစ်သော မရေဏာ ဓား၏ မာကျောကြံ့ခိုင်မှုကို သာမန်ဓားနှင့်သာမန်ကျားပွတ်တို့ မယှဉ်နိုင်ကြ။ ဝန်ကျောက်ဖုန်၏ လက်စွဲလက်နက်နှစ်ခုလုံး ထက်ပိုင်း ခါးပြတ်ကုန်ကြသည်။

ဝန်ကျောက်ဖုန်မှာ ထိတ်လန့်တကြားပင် နောက်သို့ ခုန်ဆုတ်သည်။ အဆုတ်မြန်သောကြောင့် လှမ်းထိုးလိုက်သော ရှလုံ၏ ဓားချက်မှ သီသီလေးကပ်ကာလွတ်သည်၊

ရှလုံက ပွဲသိမ်းတိုက်ကွက်ဆင်တော့မည့်အသွင်ဖြင့် မရေဏာ ဓားကိုဝင့်ကာ ရှေ့တိုးလာသည်။ ရှန်ကင်းစင်းခွာလည်း ရှလီယန် ဟန့်တားမှုကြောင့် ဝန်ကျောက်ဖုန်ကို ဝင်မကူညီနိုင်။ မိမိကိုင်စွဲသောလက်နက်နှစ်ခုလုံး ကျိုးပျက်သွားပြီမို့ လက်နက်မဲ့ဖြစ်နေသော ဝန်ကျောက်ဖုန်အနေဖြင့် ရှလုံ၏ မရေဏာဓားကို ဘယ်လိုရင်ဆိုင်ခုခံခြင်း မပြုနိုင်။

အလွန်ပင်အရေးကြီးလှသည့် ဤအချိန်ကောင်း အခါကောင်းတွင် . . .

ယာယီညှော်ခန်းဆောင်အဖြစ် ဖန်တီးသတ်မှတ်ထားသော မုန်တိုင်းနဂါးရဲတိုက်၏ သိုင်းလေ့ကျင့်ရေးကောင် ခေါင်မိုးရနယ်တိုင်



ပေါ်မှ လူတစ်ယောက် ကြိုးရှည်ကိုအားပြုလျက် လှစ်ခနဲ လျှင်မြန်စွာ ခုန်ဆင်းလာသည်။

အသက် (၂၅) နှစ်အရွယ် ယောကျ်ားပျိုတစ်ယောက် ဖြစ်သည်။ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ပြီး ခေါင်းတွင် ပဝါနီစည်းနှောင်ထားသည်။ နဖူးပြင်ပေါ်ရှိ ပဝါနီစတွင် ရွှေချည်ဖြင့် မာန်သွင်းနေသော ဝံပုလွေခေါင်းပုံ ရေးထိုးထားသည်။

နောက်ကျောတွင် ဓားလွယ်တစ်ခုနှင့် ပုဆိန်တစ်လက် ကြက်ခြေခတ် လွယ်ထားသည်။ ကြိုးရှည်ကို အားပြုသည့်ဆိုရုံ ခိုတွဲလျက် တစ်ဟုန်ထိုး ခုန်ဆင်းလာရာ တစ်ခဏအတွင်းမှာပင် ရှလုံနှင့် ဝန်ကျောက်ဖုန်တို့ ရင်ဆိုင်နေကြရာ စင်မြင့်လေးပေါ် ခြေချရပ်မိသည်။

"ကျုန်းလိန်ရှု ပါလား"

"ကျုန်းလိန်ရှု ရောက်လာပြီ"

"မိုးပုလဲဓား ပေါ်ထွက်လာပြီ"

ထိုသူ မည်သူမည်ဝါဖြစ်ကြောင်း မှတ်မိသိရှိကြလေသော သိုင်းသမားအချို့၏ ရေရွတ်ပြောဆိုသံများ ပေါ်ထွက်လာသည်။ ဤတွင် ကျုန်သိုင်းသမားအားလုံးသည် ဝတ်စုံစိမ်းဝတ် ယောကျ်ားပျို

www.burmeseclassic.com

www.burmeseclassic.com



မှာ မိမိတို့ မျှော်လင့်စောင့်စားနေကြသော ကျန်းလိမ်ဂူဖြစ်ကြောင်း သိသွားကြသည်။

ချင်းလိမ်ဝေအနေဖြင့်လည်း သတင်းကြီးကျော်ကြားလှသော ကျန်းလိမ်ဂူကို ကိုယ်တိုင်တွေ့မြင်ခွင့်ရသွားသည်။

စင်မြင့်လေးပေါ် ခြေချရင်မီသည်နှင့် ကျန်းလိမ်ဂူသည် နောက်ကျောတွင် လွယ်ထားသော ပုဆိန်ကို ဖြုတ်ယူကိုင်ဆွဲပြီး ဖြစ်သည်။ တုံ့ဆိုင်းတွေဝေခြင်းမရှိဘဲ ရှလုံကို ဝင်ရောက်တိုက်ခိုက်သည်။

ကျန်းလိမ်ဂူ၏ ပုဆိန်တိုက်ကွက်ကြောင့် ဝန်ကျောက်ဖုန်အား ပွဲသိမ်းအနိုင်ယူရန် ပြင်ဆင်ထားသော ရှလုံ၏ သိုင်းကွက်အခင်းအကျင်း ပျက်ပြားသည်။

ရှလုံသည် တိုက်ကွက်မဖော်ထုတ်နိုင်တော့။ ကမန်းကတန်း ခုန်လွှားလျက် ပုဆိန်ခုတ်ချက်မှ လွတ်အောင် ရှောင်လိုက်ရသည်။

သိုင်းချေ့သည်ပရိသတ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြရပြန်သည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး ရှလုံသည် သိုင်း



လောကတွင် ထိပ်တန်းအကျော်အမော် တစ်ဦးအဖြစ် ထင်ရှားနေခဲ့ပြီးဖြစ်သည်။ ယခု ကြောက်စရာကောင်းအောင် ကြမ်းတမ်းရက်စက်လှသော မရဏာဂိုဏ်း၏ အမွေခံသိုင်းမျိုးဆက်ဖြစ်ပြီး မရဏာဓားသိုင်း ကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်လျက် မရဏာဓားကိုပါ လက်ကိုင်ရရှိထားပြန်သောအခါ ကျားကို အတောင်ပံတပ်ထားသည့်နှယ် မိုးပျံအောင် အစွမ်းထက်မြက်နေသည့်မို့ အတွေးနှင့် အထင်ကြီး ကြောက်လန့်နေကြသည်။

သည်ကြားထဲတွင် ကျန်းလိမ်ဂူ၏ မိုးပုလဲဓားကိုပါ အရယူသွားနိုင်လျှင် ရှလုံကို ယှဉ်ပြိုင်နိုင်သူမရှိတော့ဘဲ သိုင်းလောက တစ်ခုလုံးကို လွှမ်းမိုးပြီး မရဏာဂိုဏ်းတစ်ခစန်း ပြန်ထလာမည့်အန္တရာယ်ကိုလည်း အလွန်ပင် စိုးရိမ်ပူပန်နေကြသည်။

ယခု ကျန်းလိမ်ဂူ ပေါ်ထွက်ရောက်ရှိလာကာ မိုးပုလဲဓားကိုပင် ထုတ်မသုံးရဘဲ ပုဆိန်တစ်လက် သိုင်းကွက်တစ်ကွက်နှင့် ရှလုံကို နောက်ဆုတ်သွားအောင် တိုက်ထုတ်နိုင်ခဲ့ရာ ပြန်လည်ခေါင်းထောင်လာသည့် မရဏာဂိုဏ်း၏ အန္တရာယ်ကို ချိုးနှိမ်ဖယ်ရှားနိုင်မည့် သိုင်းသမား လူစွမ်းကောင်းတစ်ယောက် ပေါ်ထွက်လာတော့မည်ဟု အားတက်ဝမ်းမြောက်ကြရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရဏာစား ကိုင်စွဲထားသည့် ရှလုံကို သည်လိုတိုက်ထုတ်နိုင်ခဲ့မှုက ကျင်းလိန်ဂူ၏ သိုင်းပညာစွမ်းရည်သည် သိုင်းသမားများ သိရှိထားသည်ထက် များစွာ ပိုမိုထက်မြက်ပြင်းထန်နေကြောင်း ထင်ရှားနေပေသည်။

ဒုတိယပိုင်း ပြီး၏။

တတိယပိုင်း(တတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com